# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၃၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၂၇၁)



**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** — စာ ၈

**အမေရိကန်တွင် ကူးစက်မှုနှုန်း မြင့်တက်လာသည့်အတွက် ပြည်သူများ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ကြရန် ဒုတိယသမ္မတ တိုက်တွန်း** — စာ ၁၂

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
(၂၉-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ — စာ ၁၅

**COVID-19 ကပ်ရောဂါကာလ ပြည်သူ့အစိုးရနှင့် စေတနာ့ဝန်ထမ်းများ၏ ဟန်ချက်ညီညီ စွမ်းဆောင်မှုများ**
*ဆောင်းပါး* — စာ ၁၈


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

### ရောဂါမပြန့်ပွားစေဖို့ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက နောက် (၁)လ၊ (၂)လလောက်အတွင်းမှာ ဒုတိယအကြိမ် Covid လှိုင်းထခြင်းကို တားဆီးနိုင်မည်ဟု မျှော်လင့်ရကြောင်း ရေးသားဖော်ပြ



**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရောဂါမပြန့်ပွားစေဖို့ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက နောက်(၁)လ၊ (၂)လလောက်အတွင်းမှာ ဒုတိယအကြိမ် Covid လှိုင်းထခြင်းကို တားဆီးနိုင်မည်ဟု မျှော်လင့်ရပါကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Covid ရောဂါပြန့်ပွားမှုကို ကာကွယ်နိုင်ဖို့အတွက် (၂)ပတ်တစ်ကြိမ်အခြေအနေတွေကို သုံးသပ်ပြီး ဆက်လက်ထိန်းသိမ်းထားရမယ့် စည်းမျဉ်းတွေ၊ ဖြေလျှော့သင့်တာတွေ၊ မြှင့်တင်သင့်တာတွေကို ဆုံးဖြတ်ရပါကြောင်း၊ ယခုလကုန်မှာ မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်ကို မြို့နယ်တွေအားလုံး ဖြေလျှော့ပေးနိုင်ပြီဖြစ်ပါကြောင်း။

လူစုလူဝေးဖြစ်စေနိုင်မဲ့ကိစ္စများကိုတော့ ဆက်လက်ပိတ်ပင်ထားပါကြောင်း၊ ရောဂါမပြန့်ပွားစေဖို့ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက နောက် (၁)လ၊ (၂)လလောက်အတွင်းမှာ ဒုတိယအကြိမ် Covid လှိုင်းထခြင်းကို တားဆီးနိုင်မည်ဟု မျှော်လင့်ရပါကြောင်း၊ ရောဂါလက္ခဏာလုံးလုံးမပြဘဲ ကူးစက်ခံနေရသူတွေများတာကြောင့် အထူးသတိထားဖို့လိုပါကြောင်း၊ ဈေးများလို အခြားသူများနဲ့ အချိန်ခပ်ကြာကြာ ထိတွေ့နိုင်တဲ့နေရာတွေမှာ Mask တပ်ဖို့ အထူးအရေးကြီးပါကြောင်း၊ လက်ကို ခဏခဏဆေးဖို့လည်း မမေ့ပါနဲ့။ မပေါ့ဆပါနဲ့။

အိမ်မှာနေရတဲ့ ကာလတွေအတွင်းမှာ အွန်လိုင်းအရောင်းအဝယ်တွေ မြင့်မားလာတယ်လို့ သိရပါကြောင်း၊ လူသားတွေရဲ့ အခြေအနေသစ်တွေရဲ့ လိုအပ်ချက်အရ ပြောင်းလဲနိုင်တာကို ပြတာပဲဖြစ်ပါကြောင်း၊ အချို့ကိစ္စတွေကတော့ ဘယ်တော့မှ မပြောင်းပါကြောင်း၊ ပြောင်းသင့်တဲ့အခါ ပြောင်းဖို့လိုတာက ဘယ်တော့မှ မပြောင်းလဲနိုင်တဲ့ အရာပါ။ မိမိတို့ပြည်သူတွေ ပြောင်းသင့်ရင် ပြောင်းနိုင်စွမ်းရှိကြပါစေ ဟု ရေးသားထားသည်။

> “Covid ရောဂါ ပြန့်ပွားမှုကို ကာကွယ်နိုင်ဖို့အတွက် (၂)ပတ်တစ်ကြိမ် အခြေအနေတွေကို သုံးသပ်ပြီး ဆက်လက်ထိန်းသိမ်းထားရမယ့် စည်းမျဉ်းတွေ၊ ဖြေလျှော့သင့်တာတွေ၊ မြှင့်တင်သင့်တာတွေကို ဆုံးဖြတ်ရ”



## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၂၉**

ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု အန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲသည့် လေကြောင်းခရီးစဉ်များ ယာယီရပ်ဆိုင်းမှုကြောင့် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသနှင့် မကာအိုဒေသတို့တွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၂၁ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယနေ့ ညနေ ၃ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ (ဝဲပုံ)

*စာမျက်နှာ ၃ ကော်လံ ၅*




မြန်မာ့အလင်း

# စိတ်အင်အားဖြင့် တည်ဆောက်ရမည့်ရှင်သန်မှု

မကြာသေးသည့် ရက်သတ္တပတ်အနည်းငယ်အတွင်းက အိန္ဒိယ ရုပ်ရှင်လောကမှ နာမည်ကျော်မင်းသားတစ်ဦး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခဲ့သည်။ သူသည် ဘောလိဝုဒ်၏ တောက်ပသည့် ကြယ်တစ်ပွင့်၊ သူပါသည့်ရုပ်ရှင်ကားတိုင်း လူကြိုက်များပြီး ဝင်ငွေကောင်းသလို သူ၏ထင်ပေါ်ကျော်ကြားမှုကြောင့် လူတိုင်းက အားကျသူ။ ရုပ်ရှင်လောကသို့ ဝင်ရောက်မလာမီက သူသည် အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ရူပဗေဒဘာသာရပ် အမျိုးသားအဆင့် အိုလံပစ်ဆုရှင်လည်း ဖြစ်သည်။ လူအများ အားကျခံရလောက်အောင် ဤမျှပြီးပြည့်စုံသူက ငယ်ငယ်ရွယ်ရွယ်ဖြင့် (အသက် ၃၄ နှစ်အရွယ်တွင်) အဘယ်ကြောင့် ဘဝကို ကိုယ်တိုင်အဆုံးသတ်ခဲ့ပါသနည်း။

ကမ္ဘာတစ်ဝန်းလုံးတွင် စက္ကန့် ၄၀ တိုင်းမှာ လူတစ်ယောက် မိမိကိုယ်ကိုယ် သေကြောင်းကြံစည် သတ်သေကြသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုထားသည်။ လည်နေသည့် နာရီစက္ကန့်တံကလေး တစ်ပတ်မပြည့်မီ၊ မပြည့်မီမှာပင် လူတစ်ယောက် တစ်ယောက် ကမ္ဘာလောကမှ ထွက်ခွာပျောက်ကွယ်သွားနေခြင်းဖြစ်သည်။ အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြား အရွယ်ကောင်းများက ဤလမ်းများကို အများစုရွေးချယ်နေကြခြင်းဖြစ်ပြီး ၉၀ ရာခိုင်နှုန်းခန့်သော အများစု၏အကြောင်းရင်းခံမှာ စိတ်ကျဝေဒနာ ဖိစီးနှိပ်စက်မှုကို မခံသာကြခြင်းကြောင့် ဖြစ်သည်။

စိတ်ဓာတ်ကျဆင်းမှုမှာ သာမန်အားဖြင့် လူတိုင်းခံစားကြရဖူးသည့် အတွေ့အကြုံတစ်ရပ်ပင် ဖြစ်သည်။ လူတိုင်း ဘဝတစ်လျှောက်လုံး အခက်အခဲများ၊ လောကဓံများနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည့်အခါ စိတ်ဓာတ်ကျဆင်းမှုကို ခံစားကြရသည်။ ယင်းမှာ သာမန်စိတ်ဓာတ်ကျဆင်းမှုဖြစ်ပြီး ယာယီသဘောသာ ဖြစ်သည်။ အချိန်တန်တော့လည်း ပြီးသွားသည်။ မေ့မေ့ပျောက်ပျောက်ဖြစ်သွားသည်။ စိတ်ကျရောဂါ၊ စိတ်ကျဝေဒနာကမူ ဤသို့မဟုတ်။ ရက်သတ္တပတ် နှစ်ပတ်ကျော်လာသည်အထိ စိတ်ဓာတ်ကျဆင်းနေခြင်း၊ နေ့စဉ်ဘဝနှင့် ပုံမှန်အလုပ်ကိုပင် ထိခိုက်စေသည်အထိ ခံစားနေရပြီး သတ်သေချင်စိတ်လွှမ်းမိုးနေခြင်းဆိုသည့် အချက်နှစ်ချက်က စိတ်ကျဝေဒနာ ခံစားနေရခြင်း၏ အဓိကလက္ခဏာနှစ်ရပ်ပင် ဖြစ်သည်။

စိတ်ကျဝေဒနာခံစားနေရသူမှာ ပျော်ရွှင်မှုများ ပျောက်ဆုံးနေပြီး ဝမ်းနည်းကြေကွဲစိတ်က လွှမ်းမိုးနေတတ်သည်။ ကျောင်းသား ကျောင်းသူဆိုလျှင် ကျောင်းစာကို အာရုံမစိုက်နိုင်သလို အလုပ်လုပ်နေသူဆိုလျှင်လည်း အလုပ်ကိုစိတ်မဝင်စားတော့။ ကောင်းကောင်းလည်းမအိပ်နိုင်သလို ကောင်းကောင်းလည်း မစားနိုင်။ တစ်ခါတစ်ရံ အလွန်အကျွံ နှစ်ရက် သုံးရက် အခန်းပိတ်အိပ်နေသလို အလွန်အကျွံစားသည့် အခြေအနေမျိုးလည်း ရှိတတ်သည်။ မိမိကိုယ်ကိုယ် တန်ဖိုးမဲ့နေသည်၊ အပြစ်ရှိနေသည်ဟူ၍ ခံစားနေတတ်ပြီး အနာဂတ် မျှော်လင့်ချက်မဲ့နေသည်ဟူ၍ ထင်မြင်နေတတ်သည်။ မိမိသည် အရှုံးသမား၊ မိမိသည် ဒုက္ခ၏ သားကောင်၊ မိမိသည် ကံကြမ္မာဆိုးများကိုသာ ခံယူနေရသူဟူသော အတွေးများ ဖိစီးမှုဖြင့် သတ်သေချင်စိတ် အကြိမ်ကြိမ် ဖြစ်ပေါ်နေတတ်ကြသည်။

စိတ်ကျဝေဒနာကြောင့် မိမိကိုယ်ကိုယ်သတ်သေသွားကြသူများမှာ နှစ်သိမ့်ဆွေးနွေးမှုပြုခြင်း၊ မိသားစုညီအစ်ကိုမောင်နှမ ဆွေမျိုးအသိုက်အဝန်းများ၊ မိတ်ဆွေသူငယ်ချင်းများက နားလည်မှုဖြင့် ဖေးကူခြင်းအားဖြင့် ဤအဖြစ်ဆိုးမှ ရှောင်ရှားနိုင်ကြောင်း စိတ်ကျန်းမာရေးပညာရှင်များက ပြောကြားကြသည်။ ကာယကံရှင်ကိုယ်တိုင်အနေဖြင့်လည်း စိတ်ဖိစီးမှုနှင့် စိတ်ကျဝေဒနာများကို ခံစားလာရပါက ကောင်းသောနှလုံးသွင်းခြင်းအားဖြင့် ဖြေလျှော့နိုင်ဖို့လိုသည်။ မိမိမဖြေရှင်းနိုင်သည့် အခက်အခဲ၊ ပြဿနာကို ခေတ္တမေ့လျော့ထားပြီး အိပ်ရေးဝဝအိပ်စက်၍ စိတ်အပန်းဖြေခြင်း၊ အစားဝဝစား၍ ခန္ဓာကိုယ်ကို အာဟာရဖြည့်တင်းပေးခြင်းတို့ ပြုလုပ်ကြရမည်ဖြစ်သည်။ မိမိစိတ်ကို ဖိစီးနှိပ်စက်နေသည့် ပြဿနာ၏ အရင်းအမြစ်နှင့် ဖြေရှင်းရမည့် နည်းလမ်းများကို မှန်မှန်ကန်ကန် ရှာဖွေကြည့်ရန်၊ ယုံကြည်စိတ်ချရသူ၊ မိတ်ဆွေရင်းများ စသည်တို့နှင့် တိုင်ပင်ဆွေးနွေးရန်၊ အဆိုးမြင်စိတ်ရှိသူများကို ရှောင်ကြဉ်ရန်၊ ရေများများသောက်သုံးရန်၊ မိတ်ဆွေအပေါင်းအသင်းများနှင့် စကားပြောဆိုရန် စသည့် နည်းလမ်းများဖြင့် စိတ်ဖိစီးမှုများကို လျှော့ချရန်လည်း ပညာရှင်များက အကြံပြုထားကြသည်။

ဘဝ၏ အခက်အခဲ၊ အကျပ်အတည်းဟူသည်မှာ လူတိုင်းကြုံတွေ့ရသည်ချည်းဖြစ်သည်။ မိမိကိုယ်ကိုယ် ကံဆိုးလှပြီဟု ထင်မြင်ယူဆနေချိန်တွင် မိမိထက်များစွာ ကံဆိုးသူများရှိနေသည်ကိုလည်း သတိမူနိုင်ကြရမည်။ စင်စစ်အားဖြင့် လူ့ဘဝတစ်သက်တာသည် အကောင်းမြင်စိတ်ဖြင့် ရှုမြင်လက်ခံကာ ခိုင်မြဲတည်ကြည်သော စိတ်အင်အားကို အသုံးချ၍ တည်ဆောက်ကြရမည့် ရှင်သန်မှုသာဖြစ်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် (၂၀၂၀)ပြည့်နှစ်၊ ဇွန်လ (၂၅)ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

**COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း**
**(၂၅–၆–၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | အမေရိကန်ဒေါ်လာ |
|---|---|---|
| 1. | VAN PHONG BO NGOAI GIAO WITH UOB S'PORE BANK | 49,918.21 |
| 2. | HONG KONG MYANMAR MANUFACTURERS ASSO; LIMITED HONG KONG | 10,733.11 |
| 3. | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (ရန်ကုန်) | 10,700.00 |
| 4. | ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး | 8,900.18 |
| 5. | BTMU (MUFG) BANK | 3,353.70 |
| 6. | KARISMA APPAREL (MYANMAR)CO.,LTD on behalf of LAWSGROUP HONG KONG | 1,500.00 |
| 7. | KRUNG THAI BANK PCL (YANGON REPRESENTATIVE OFFICE) | 1,000.00 |
| | **စုစုပေါင်း** | **86,105.20** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့် ဗဟိုကော်မတီ**

## ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



ဟိုပုံး ဇွန် ၂၉

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုရန်ပုံငွေ ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် စပ်တော–နောင်ဒေးလမ်း (၁၂/၀)မိုင်အနက် (၂/၀)မိုင် ကျောက်ခင်းပြီး ကျန်(၁၀/၀)မိုင်မှ (၂/၀)မိုင် ကျောက်ခင်းခြင်း၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် မိုင်းပျဉ်းကျေးရွာအုပ်စု ဆော်တောကျေးရွာမှ မောက်မွန်းကျေးရွာအုပ်စု ပါယဉ်ကျေးရွာထိ ကျေးရွာချင်းဆက်လမ်း (၇/၀)မိုင်အနက် (၂/၀) မိုင် မြေလမ်းဖောက်လုပ်ခြင်း၊ မောက်မွန်းကျေးရွာအုပ်စု ကန်တရား – ပူခမ်း – ပန်းယဉ်–မဲ့တချောင်ကျေးရွာ ချင်းဆက်လမ်း (၇/၀)မိုင် အနက် (၃/၄)မိုင် မြေလမ်းဖောက်လုပ်ခြင်း လုပ်ငန်းများအား ယနေ့နံနက်ပိုင်းက ဟိုပုံးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ဖြူ၊ ဟိုပုံးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်၊ ဟိုပုံးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသန်းချစ်နှင့် အဖွဲ့တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြဝတီအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သားများ ဇွန် ၂၉ ရက်၌ ၆၀၈ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇွန် ၂၉

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၀၈ ဦး ဇွန် ၂၉ ရက်က မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။



ထိုသို့ပြန်လည်ဝင်ရောက်လာသူများအနက် ၅၅၁ ဦးသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်များရယူကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ပြီး ၅၇ ဦးသည် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာန လက်အောက်ရှိ ဂေဟာတွင် လက်ခံစောင့်ရှောက်ထားသည့် အကြောင်းအမျိုးမျိုးကြောင့် လူကုန်ကူးခံရသူများ ဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြဝတီခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှစတင်ကာ ဇွန် ၂၉ ရက်အထိ စုစုပေါင်း ၃၆၅၃ ဦးထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ဇွန် ၂၉ ရက်က ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၃၈၀၊ အမျိုးသမီး ၂၂၈ ဦး စုစုပေါင်း ၆၀၈ ဦး ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ပြည်သူသာလျှင် အဓိက

## အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲတွင် တီထွင်ဖန်တီးမှုအကောင်းဆုံး ဒုတိယဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် Quarantine Center များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

နေပြည်တော် ဇွန် ၂၉

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း (Mask) ချုပ်လုပ်မှုပြိုင်ပွဲတွင် တီထွင်ဖန်တီးမှုအကောင်းဆုံး ဒုတိယဆုရရှိသူအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးမြှင့်သည့် ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် Quarantine Center များတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီခဲ့ကြသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နိုင်ငံတော်အစိုးရအနေဖြင့် Coronavirus Disease Covid-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုအားဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ Quarantine Center များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်းများအား နိုင်ငံတော်မှ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းနှင့် တုံ့ပြန်ခြင်းဆိုင်ရာ အခြေခံအချက်အလက်များကို သိရှိစေရန် ရည်ရွယ်၍ ဆင့်ပွားသင်တန်းများကိုလည်း မြို့နယ်များအလိုက် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများအနေဖြင့် Quarantine Center များတွင် မိမိတို့၏ အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ်များကို အခကြေးငွေမယူဘဲ မိမိတို့၏ ဆန္ဒအရ အများကောင်းကျိုးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ဂုဏ်ပြုရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း (Mask) ချုပ်လုပ်မှုပြိုင်ပွဲတွင် တီထွင် ဖန်တီးမှုအကောင်းဆုံး ဒုတိယဆုရရှိသူ ဦးခင်မောင်ဝင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်ပြီး **(အောက်ဝဲပုံ)** ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (နေပြည်တော်)၊ Nay Pyi Taw Covid-19 Volunteer Team (NCVT)၊ ရွှေပြည်တော်သို့ ဆုံမှတ်၊ မြတ်ပါရမီနှင့် လူငယ်ရေးရာကော်မတီတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ Quarantine Center များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၂၆ ဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းလွင်(ပြန်/ဆက်)**

## အန္တရာယ်ရှိသော မူးယစ်ဆေးဝါးများနှင့် စပ်လျဉ်းသည့် AIPA အကြံပေးကောင်စီ၏ တတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၉**

အန္တရာယ်ရှိသော မူးယစ်ဆေးဝါးများနှင့် စပ်လျဉ်းသည့် AIPA အကြံပေးကောင်စီ၏ တတိယအကြိမ် အစည်းအဝေး (3rd AIPACODD Meeting)ကို ယနေ့ နံနက် ၈ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုလွှတ်တော်၊ အာဆီယံပါလီမန်များညီလာခံ (AIPA) ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း ဦးဆောင်သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။ **(ယာပုံ)**



အစည်းအဝေး၌ ဗီယက်နမ်အမျိုးသားလွှတ်တော် 1st Vice-President – Mdm. Tong Thi Phong နှင့် AIPA အထွေထွေအတွင်းရေးမှူးချုပ် Ms. Nguyen Tuong Van တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC) မှ ကိုယ်စားလှယ်၊ မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအဖွဲ့ (ASOD)၏ ကိုယ်စားလှယ်တို့က ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း မူးယစ်ဆေးဝါး ကာကွယ်တားဆီးခြင်း အခြေအနေများနှင့် အကျိုးသက်ရောက်မှုများ၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများနှင့် စိန်ခေါ်မှုများ၊ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါးကုန်ကူးမှုနှင့် သုံးစွဲမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဗီယက်နမ်နိုင်ငံ အလုပ်သမား၊ မသန်စွမ်းသူများ (War Invalids)နှင့် လူမှုရေးရာဝန်ကြီးဌာနက ဗီယက်နမ်နိုင်ငံ၏ မူးယစ်ဆေးစွဲမှု ကုသခြင်းနှင့် ကာကွယ်တားဆီးခြင်းဆိုင်ရာ အတွေ့အကြုံများကို မျှဝေခဲ့သည်။

ယင်းနောက် AIPA အဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ် အဖွဲ့များက နိုင်ငံအလိုက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် စိန်ခေါ်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ အတွေ့အကြုံများကို အပြန်အလှန် မျှဝေဆွေးနွေးခဲ့ကြသည်။

ယင်းအစည်းအဝေး၌ “Turning Words into Actions towards a Drug-free ASEAN Community” နှင့် စပ်လျဉ်းသည့် အဆိုမူကြမ်းကို ဆွေးနွေးအတည်ပြုခဲ့သည်။ အဆိုပါအဆို မူကြမ်းတွင် “ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်တွင် ဒေသတွင်း၊ နိုင်ငံတကာနှင့် ကမ္ဘာတစ်ဝန်းရှိ မူးယစ်ဆေးဝါးနှင့် စပ်လျဉ်းသည့် ပြဿနာများကို ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းနိုင်စေရန် စွမ်းရည်မြှင့်တင်ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များပေးခြင်း၊ အစီအမံများ ဆောင်ရွက်ခြင်း၊ နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက် ဝေမျှခြင်းတို့မှတစ်ဆင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ရန်” တိုက်တွန်းထားသည်။ ထို့နောက် ဗီယက်နမ် အမျိုးသားလွှတ်တော်မှ Mdm. Nguyen Thuy Anh က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ AIPA ပူးပေါင်းကော်မတီဝင်များ ဖြစ်ကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာပြည့်စုံဝင်းတို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
| --- | --- |
| (၁) ဒေါက်တာ မီမီခင် | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာ ကျော့ခင် | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မအူပင်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) ဒေါက်တာ အိအိလှိုင် | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) ဒေါက်တာ သင်းသုနိုင် | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၅) ဒေါက်တာ ခင်မာလာထွန်း | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၆) ဒေါက်တာ မျိုးညွန့် | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မုံရွာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၇) ဒေါက်တာ စိုးဦး | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

❀ ရှေ့ဖုံးမှ

ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား ၁၇၁ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံမှ ရှစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ တစ်ဦး မြန်မာနိုင်ငံသားစုစုပေါင်း ၁၈၀ တို့အား အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ကိုရီးယားလေကြောင်းလိုင်း(Korean Airlines) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

### တာဝန်ယူဆောင်ရွက်

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

### ပြန်လည်ခေါ်ဆောင်ပေးခဲ့

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာမြန်မာသံရုံး/ကောင်စစ်ဝန်ချုပ်ရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်အထိ မြန်မာနိုင်ငံသား ဦးရေ စုစုပေါင်း ၆၁၂၈ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# မြောင်းမြတွင် သိမ်းဆည်းခံ စွန့်လွှတ်မြေများအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်



**မြောင်းမြ ဇွန် ၂၉**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် စွန့်လွှတ်မြေများအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ပွဲကို ဇွန် ၂၉ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် က သိမ်းဆည်းမြေများ ပြန်လည်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ မြောင်းမြမြို့နယ် ခွေးလေးကြီးကျေးရွာအုပ်စု ရှစ်အိမ်တန်းကျေးရွာနေ မန်းလှထွန်း၏ ၂၇ ဒသမ ၀၆ ဧက၊ မြောင်းမြမြို့နယ် ကွယ်လွယ်-မြဟေမာရပ်ကွက်နေ ဒေါ်စန်းအေး၏ ၂ ဒသမ ၁၂ ဧက ၊ ကွယ်လွယ်-မြန္တာရပ်ကွက်နေ ဒေါ်စွပ်ကျင်၏ ၀ ဒသမ ၈၆ဧက၊ ကွယ်လွယ်-မြန္တာရပ်ကွက်နေ ဒေါ်မြင့်မြင့်စန်း၏ ၀ ဒသမ ၀၇ ဧက ၊ ကွယ်လွယ်-မြန္တာရပ်ကွက်နေ ဦးသိန်းဝင်းထွန်း၏ ၀ ဒသမ ၃၄ ဧက၊ ဒေါ်ညိုညိုဆန်း၏ ၀ ဒသမ ၀၅ ဧက၊ အိမ်မဲမြို့နယ် ကျုံလမုညောင်ဝိုင်းကျေးရွာနေ ဦးလှမျိုးပါ သုံးဦး၏ ၁ ဒသမ ၄၉ ဧက၊ အိမ်မဲမြို့နယ် ကျုံလမုညောင်ဝိုင်းကျေးရွာနေ ဦးဝင်းထိန်၏ ၀ ဒသမ ၄၇ ဧက၊ အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာနေ ဦးသန်းအေး၏ ၀ ဒသမ ၉၀ ဧက၊ အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာနေ ဦးမြသန်း၏ ၀ ဒသမ ၃၀ ဧက၊ အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာနေ ဦးကျော်ဇေယျ၏ ၁ ဒသမ ၅၁ ဧက၊ အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာနေ ဒေါ်နီနီဦး၏ ၁ ဒသမ ၅၃ ဧကတို့အတွက် လုပ်ပိုင်ခွင့်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးတင်အောင်ဝင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ယာယီပုံစံ(၃) များကို မူလမြေယာပိုင်ရှင်များထံသို့ ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်နှင့်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဝင်များ၊ သိမ်းဆည်းခံ မူလမြေယာပိုင်ရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# အားကစားအဖွဲ့ချုပ်အလိုက် နည်းပြတစ်ဦးချင်းစီ၏ အရည်အချင်းတိုးတက်စေရေးနှင့် နည်းပြများ၊နည်းပြချုပ်၊နည်းပြ၊ Trainer ၊ Helper များ အတည်ပြုသတ်မှတ်နိုင်ရေး တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၉**
အားကစားအဖွဲ့ချုပ်အလိုက် နည်းပြတစ်ဦးချင်းစီ၏ အရည်အချင်းတိုးတက်စေရေးနှင့် နည်းပြများ၊ နည်းပြချုပ်၊ နည်းပြ၊ Trainer ၊ Helperများ အတည်ပြုသတ်မှတ်နိုင်ရေး တွေ့ဆုံ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသိန်းထွန်းလတ်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်း၊ ဦးကျော်ဦးနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးက မြန်မာအားကစားဖွံ့ဖြိုးတိုးတက်ရန် အားကစားနည်းအလိုက် နည်းပြများ အရည်အသွေးသည် အသက်သွေးကြောပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နည်းပြများ စွမ်းဆောင်ရည်များကို ပြန်လည်ဆန်းစစ်၍ Level အဆင့်သတ်မှတ်ကာ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နည်းပြများသည် Teaching Skill သင်ကြားမှုအားနည်းပါကြောင်း၊ Training Programe ရေးဆွဲတတ်စေရေးအတွက် တစ်လသင်တန်းများတွင် အဓိကထား သင်ကြားနေမည်ဖြစ်ပါကြောင်း၊ မကြာခင် နည်းပြသုံးလသင်တန်းဖွင့်လှစ်ရန် ရည်ရွယ်ထားပါကြောင်း၊ နည်းပြ တစ်နှစ်သင်တန်း Diplomer အဆင့်သတ်မှတ်ပြီး ဖွင့်လှစ်ရန် သင်ရိုးညွှန်းတမ်းရေးဆွဲနေပြီဖြစ်ပါကြောင်း၊ အဆိုပါ တစ်နှစ်သင်တန်းတက်ရောက်နိုင်ရေးအတွက် နည်းပြများဝင်ခွင့်သင်တန်းဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများကို တက်ရောက်စေမည်ဖြစ်ပါကြောင်း၊ နည်းပြ တစ်နှစ်သင်တန်းကို BSc sports သင်တန်းနှင့် တွဲဖက်တက်ရောက်ရမည် ဖြစ်ပါကြောင်း၊ အားကစားသမားဘဝမှ နည်းပြလိုင်းသို့ ကူးပြောင်းပြီး နည်းပြလုပ်ကိုင်ချင်သူများကို သီးခြားရွေးချယ်ပြီး သင်ကြားမှုအခြေခံလေ့ကျင့်ရေး သဘောတရားများ၊ အားကစားသမားများအား စိတ်ပိုင်းဆိုင်ရာနားလည်မှုရှိစေရေး စသည်တို့ကို လေ့ကျင့်ပေးစေလိုကြောင်း နိုင်ငံတကာတွင်လည်း အားကစားနည်းပြများအား Level အလိုက်အဆင့်သတ်မှတ် လုပ်ကိုင်ဆောင်ရွက်နေပါကြောင်း၊ နည်းပြသင်တန်းပို့ချရာတွင် လိုအပ်သောသင်ထောက်ကူပစ္စည်းများထောက်ပံ့ရန် လိုအပ်ပါကြောင်း၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သည့် အားကစားအဖွဲ့ချုပ် တစ်ခုချင်းစီ၏ နည်းပြအရည်အချင်း သတ်မှတ်ဆွေးနွေးမှုများကို ယခုအစည်းအဝေးတွင် တင်ပြရန်လိုအပ်ပါကြောင်း၊ အစည်းအဝေးတက်ရောက်လာကြသူများမှ လိုအပ်သောအကြံဉာဏ်များ ရယူဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း၊ နိုင်ငံတကာအားကစားနည်းပြများတွင် (Service Book) သတ်မှတ်ပေးထားပြီး နည်းပြတစ်ဦးချင်းစီ၏ ပြိုင်ပွဲတွင်ပါဝင်၍ နည်းပြဆောင်ရွက်မှု မှတ်တမ်း၊ သင်တန်းတက်ရောက်မှုမှတ်တမ်းထားရှိ၍ ဆောင်ရွက်နေပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့နည်းပြများ အရည်အချင်းမြှင့်တင်ဆောင်ရွက်ရန် ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နည်းပြပိုင်းအရည်အသွေး မြှင့်တင်ပြီးပါက မျိုးဆက်သစ်အားကစားသမားများ ရရှိရေး ဆက်လက် အကောင်ထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နည်းပြ၊ အားကစားသမား ရရှိပြီးပါက စီမံအုပ်ချုပ်မှုအပိုင်းမှ မြန်မာအားကစားအောင်မြင်ရေးတွင် ဆက်လက် အကောင်ထည်ဖော်ဆောင်ရွက်ရမည်ကို စီမံချက်ရေးဆွဲကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးမှ နည်းပြအရည်အသွေးတိုးတက်ရေး Level သတ်မှတ်ရေးကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။



ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက ရန်ကုန်မြို့၌ ဇွန် ၂၅ ရက်နှင့် ၂၆ ရက်များတွင် အားကစားအဖွဲ့ချုပ် ၃၁ ဖွဲ့မှ ကိုယ်စားလှယ် ၅၁ ဦးနှင့် တွေ့ဆုံ၍ အားကစားနည်းအလိုက် နည်းပြချုပ်၊ နည်းပြ၊ လက်ထောက်နည်းပြ၊ အကူနည်းပြများ သတ်မှတ်နိုင်ရေး အားကစားနည်းအလိုက် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများတွင် သင်ကြားနိုင်ရေး၊ သင်ရိုးညွှန်းတမ်းရေးဆွဲနိုင်ရေး၊ ပြည်ပသို့နည်းပြများ သင်တန်းစေလွှတ်နိုင်ရေး၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများသို့ အားကစားနည်းအလိုက် နည်းပြများစေလွှတ်နိုင်ရေး စသည်တို့ကို အသေးစိတ်ညှိနှိုင်းဆွေးနွေးမှုများ ပြန်လည်တင်ပြဆွေးနွေးသည်။

ထို့နောက် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁)မှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်နှင့် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂)မှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးတို့က အားကစားအဖွဲ့ချုပ်များ၊ အားကစားနည်းများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများ၊ အကြံပြုဝိုင်းဝန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေလုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ငါးလုပ်ငန်းဆိုင်ရာဥပဒေများ သိရှိရန် သင်တန်းပို့ချမည်

**ရန်ကုန် ဇွန် ၂၉**
ရန်ကုန်တိုင်းဒေသကြီးတွင် ရေလုပ်သားများ ပင်လယ်ပြင်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် ရှေးဦးသူနာပြုစုနည်း၊ ငါးလုပ်ငန်းဆိုင်ရာဥပဒေများ၊ အလုပ်ရှင် အလုပ်သမားဥပဒေများကို သိရှိနားလည်စေရန် ဆိပ်ကမ်းလေးခုတွင် ကျန်းမာရေး လမ်းညွှန်ချက်နှင့်အညီ လက်တွေ့သင်တန်းများပို့ချရန် သက်ဆိုင်ရာ ကိုဗစ် – ၁၉ ကာကွယ် တားဆီးတုံ့ပြန်ရေးကော်မတီထံ ခွင့်ပြုချက်တောင်းကာ စီစဉ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးက ကမ်းရိုးတန်းဒေသမှာပါတော့ ရေလုပ်သားတွေ ပင်လယ်ပြင်မှာ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစေဖို့ အဓိကက ရှေးဦးသူနာပြုစုနည်း၊ ပင်လယ်ပြင်မှာ အသက်အန္တရာယ်ကြုံတွေ့လာရင် ဘယ်လိုရင်ဆိုင်ကျော်လွှားမလဲဆိုတဲ့ အသက်အန္တရာယ်လုံခြုံရေးဆိုင်ရာနဲ့ ငါးလုပ်ငန်းဆိုင်ရာဥပဒေတွေ၊ အလုပ်ရှင်အလုပ်သမားဥပဒေတွေနားလည်ဖို့ သင်တန်းတွေပေးဖို့ ရှိပါတယ်'' ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မိုးက ပြောသည်။

**သန့်ဇင်ဝင်း**

## ရသေ့တောင်မြို့နယ်ရှိ ယာယီနေရပ်စွန့်ခွာသူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထောက်ပံ့မှုများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၉**
ဇွန် ၂၀ ရက်မှစတင်၍ ရသေ့တောင်မြို့နယ်အတွင်း တိုက်ပွဲများဖြစ်ပွား မည်ကို စိုးရိမ်ထိတ်လန့်၍ ဒေသခံများယာယီထွက်ပြေးတိမ်းရှောင်လာကြရာ ရသေ့တောင်မြို့ အရှေ့တောင်ရပ်ကွက်သို့ အိမ်ထောင်စု ၃၇ စု၊ လူဦးရေ ၄၇ ဦး၊ ချောင်းဝရပ်ကွက်သို့ အိမ်ထောင်စု ၄၉ စု၊ လူဦးရေ ၁၆၆ ဦး စုစုပေါင်း နေရပ်စွန့်ခွာခဲ့သည့် အိမ်ထောင်စု ၈၆ စု၊ လူဦးရေ ၂၁၃ ဦးတို့အတွက် ဆန်ရိက္ခာ ၁၄ ရက်စာအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရသေ့တောင်မြို့နယ် ဦးစီးမှူးရုံးက ဇွန် ၂၈ ရက်နှင့် ၂၉ ရက်များတွင် လက်ဝယ်အရောက်သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ကယားပြည်နယ်၌ ၂၀၂၀-၂၀၂၁ ပညာသင်နှစ် အထက်တန်းအဆင့် ကျောင်းများဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် ဇွန် ၂၉**

ကယားပြည်နယ်၌ ၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းအဆင့် ကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ရုံးခန်း၌ ကျင်းပသည်။ (ယာပုံ)



**အမှာစကားပြောကြား**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက မကြာမီ ၂၀၂၀-၂၀၂၁ ပညာသင်နှစ် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ အထက်တန်းအဆင့်များကို စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယင်းနောက်တွင်မှ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်များကို ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုသို့ဖွင့်လှစ် ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်ရာ ကျောင်းများအတွက် လိုအပ်ချက်များရှိပါက ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်အတွက် တင်ပြပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

**လိုအပ်ချက်များဆွေးနွေး**

ထို့နောက် ပြည်နယ်ပညာရေးမှူးနှင့် လွိုင်ကော်မြို့နယ်ပညာရေးမှူးတို့က ကယားပြည်နယ်အတွင်း ၂၀၂၀-၂၀၂၁ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းသားဦးရေနှင့် စာသင်ခန်းအခြေအနေပေါ်မူတည်ပြီး အသုတ်များခွဲ၍ သင်ကြားပို့ချမည့် အခြေအနေ၊ စာသင်ခုံများ၊ စာသင်ခန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သင်တန်းပို့ချနေမှုအခြေအနေ၊ ကျောင်းအပ်နှံရေး ဆောင်ရွက်မည့် အခြေအနေ၊ သာမိုမီတာနှင့် နှာခေါင်းစည်း ဖြန့်ဝေမည့်အခြေအနေ၊ ရန်ပုံငွေသုံးစွဲမည့် အခြေအနေနှင့် ကျောင်းများအလိုက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

**ကျောင်းလိုအပ်ချက်များ တင်ပြပေးရန်**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်အလိုက် ကျောင်းလိုအပ်ချက်များကို စိစစ်၍ တင်ပြပေးရန်ဖြစ်ပြီး စာရင်းပြုစုတင်ပြရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ကျန်းမာရေးရှုထောင့်မှ အကြံပြုချက်နှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ လုပ်ပေးနိုင်သည်ကို အကောင်းဆုံးလုပ်ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ ရေနှင့် လက်ဆေးဆပ်ပြာများ လိုအပ်လာမည်ဖြစ်ကြောင်း၊ ရေအခက်အခဲကိုသာ အဓိကဖြေရှင်းနိုင်ရန် ဖြစ်ကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ကျောင်းဖွင့်ကာလတွင် ရေရရှိရေး အဆင်ပြေစေရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ ကျောင်းတက် ကာလများ ကျောင်းတစ်ကျောင်းနှင့် တစ်ကျောင်း မတူညီနိုင်သည့် အခြေအနေများကို သိရှိထားရမည်ဖြစ်ရာ မေးမြန်းလာပါကလည်း ပြန်လည်ရှင်းလင်း ဖြေကြားနိုင်ရမည် ဖြစ်ကြောင်း၊ ယခုအခါ ကျောင်းဖွင့်လှစ်ရာတွင် အထက်တန်းအဆင့်ကိုသာ ဖွင့်လှစ်မည်ဖြစ်ရာ ယင်းတစ်ခုကိုသာ ဦးစွာတွက်ချက် တင်ပြရမည်ဖြစ်၍ အချိန်မီ စိစစ်တင်ပြပေးစေလိုကြောင်း၊ အထက်တန်းအဆင့် ကျောင်းဖွင့်အမီ လက်ဆေးကန်နှင့် လက်ဆေးဆပ်ပြာများအတွက် အလှူရှင်များက လှူဒါန်းလိုပါက လှူဒါန်းနိုင်ကြောင်း အသိပေးရန် စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် ပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **စိုးလှိုင်ဌေး(ပြန်/ဆက်)**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၄ ဒသမ ၅၇လက်မ၊ ကသာမြို့တွင် ၄ ဒသမ ၄၅လက်မ၊ ရန်ကုန်(ကမ္ဘာအေး)နှင့် ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တို့တွင် ၂ ဒသမ ၆၀လက်မစီ၊ မချမ်းဘောမြို့တွင် ၂ ဒသမ ၄၀လက်မ၊ ဇန်းမောက်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မြောက်ဦးမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ခရမ်းမြို့တွင် ၂ ဒသမ ၁၃လက်မ၊ ရန်ကုန်(မင်္ဂလာဒုံမြို့နယ်)တွင် ၁ ဒသမ ၉၇ လက်မ၊ မော်ဘီမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၇၇ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ခန္တီးမြို့နှင့် ကျောက်ဖြူမြို့တို့တွင် ၁ ဒသမ ၆၅လက်မစီ၊ ပင်လည်ဘူးမြို့တွင် ၁ ဒသမ ၅၄လက်မနှင့် ကော့သောင်းမြို့တွင် ၁ ဒသမ ၄၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# တောင်ငူခရိုင်အတွင်းရှိ မြစ်ရေတင်လုပ်ငန်း လေးခုတွင် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်း

**တောင်ငူ ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ မြစ်ရေတင်လုပ်ငန်းဖြင့် စိုက်ပျိုးရေပေးဝေရာတွင်ပါဝင်သည့် တောင်သူများအား ပူးပေါင်းပါဝင်သောဆည်မြောင်းစနစ်ကို တောင်သူများ ရှင်းလင်းတင်ပြခြင်းနှင့် ရေအသုံးချသူများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက ရေတာရှည်မြို့နယ် အင်ဒိုင်းကျေးရွာတွင် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တောင်ငူမြို့နယ် ရွာတန်းရှည်ကျေးရွာတွင် လည်းကောင်း၊ ဇွန် ၂၈ ရက် နံနက်ပိုင်းက ဇီးဖြူပင်ကျေးရွာ ဘုန်းကြီးကျောင်းနှင့် မွန်းလွဲပိုင်းတွင် ထန်းတပင်မြို့နယ် အုန်းပင်ကျေးရွာ၌ လည်းကောင်း ကျင်းပသည်။



ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်သည် မြစ်ရေတင်အဆောက်အအုံများ ရေရှည်အသုံးပြုနိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများနှင့် စိုက်ပျိုးရေးအတွက် ရေစီမံခန့်ခွဲမှု လုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ရေအသုံးပြုမည့် တောင်သူများ အတူတကွ စီမံခန့်ခွဲသည့် စနစ်ဖြစ်ကြောင်း၊ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အဆောက်အအုံများ၊ မြစ်ရေတင်လုပ်ငန်းများ ပြုပြင်ထိန်းသိမ်းရာတွင် ကုန်ကျစရိတ် ထိရောက်စေရန်နှင့် ရေကိုအကျိုးရှိစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း ပြောင်းလဲလာသော ရာသီဥတုနှင့်အတူ လူတို့အသုံးပြုနေသော ရေချိုရှားပါးမှုသည် တစ်စထက်တစ်စ တိုးမြင့်လျက်ရှိရာ ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်လုပ်ငန်းများကို ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သည့်အခါ တောင်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဆင်ပြေစွာ ရယူ သုံးစွဲနိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေအသုံးချသူများအဖွဲ့ကို ဖွဲ့စည်းရမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်သက်က ရှင်းလင်းပြောကြားသည်။

တောင်ငူခရိုင်အတွင်းရှိ တောင်ငူမြို့နယ်တွင် သဖန်းပင်နှင့် ရွာတန်းရှည် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ရေတာရှည်မြို့နယ်တွင် အင်ဒိုင်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ထန်းတပင်မြို့နယ်တွင် အုန်းပင်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း စုစုပေါင်း လေးခုတွင် ရေအသုံးချသူများအဖွဲ့ ၁၅ ဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ရာ လက်ရှိ ၁၁ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း သိရသည်။

**သန်းလွင်(ဆွာ)**



# ကော့သောင်းမြို့ ဘုရင့်နောင်အငူပတ်လမ်း လက်ရန်းအကာနှင့် ပလက်ဖောင်း အဆင့်မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများ ရာနှုန်းပြည့်နီးပါးပြီးစီး

**ကော့သောင်း ဇွန် ၂၉**

မြန်မာနိုင်ငံ တောင်ဘက်စွန်းရှိ ကော့သောင်းမြို့အဝင် ဘုရင့်နောင်အငူ ပတ်လမ်းတစ်လျှောက်တွင် အုတ်ပေါင် လက်ရန်းအကာနှင့် ပလက်ဖောင်းများ အဆင့်မြှင့်တင် ဆောင်ရွက်မှုလုပ်ငန်းများကို မြို့အင်္ဂါရပ်နှင့်အညီ ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့တွင် သမိုင်းဝင် ဘုရင့်နောင်အငူ၊ မြို့အထိမ်းအမှတ် ဘုရင့်နောင်မင်းတရားကြီးရုပ်တု ကုန်းမြေ၊ အက်ဒမန်ပင်လယ်အတွင်း သာယာလှပသည့်ကျွန်းများကြောင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစဖြစ်လာနေသည့် မြို့တစ်မြို့ဖြစ်ပြီး မြို့မျက်နှာစာဖြစ်သည့် ဘုရင့်နောင်အငူပတ်လမ်း တစ်လျှောက်တွင် လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ မြို့နေပြည်သူများ အနားယူအပန်းဖြေရာနှင့် နေ့စဉ် ကျန်းမာရေး လေ့ကျင့်လမ်းလျှောက်မှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

အရှည် ၁၈၈၅ ပေရှိ အဆိုပါ ဘုရင့်နောင်အငူပတ်လမ်းတစ်လျှောက် လက်ရန်းအကာများကို အုတ်ပေါင်ဖြင့် အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ ပလက်ဖောင်းများကို အကျယ်သုံးပေမှ ကိုးပေအထိ တိုးချဲ့ကာ ကြွေပြားများခင်းခြင်း၊ ကွန်ကရစ်ခုံတန်းများ တည်ဆောက်ခြင်း၊ အလှမီးတိုင်များတပ်ဆင်ခြင်း စသည့် လုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေးခွင့်ပြုငွေနှင့် အထွေထွေ ပိုလျှံရန်ပုံငွေ(GRF)ခွင့်ပြုငွေကျပ် ၁၄၄၈ ဒသမ ၅ သိန်း အကုန်အကျခံ အဆင့်မြှင့်တင်၍ အသစ်ပြန်လည် တည်ဆောက်ခြင်း ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

❑ *ကျောဖုံးမှ*

ချောင်းဦး သုံးကျောင်း၊ အရာတော် ၁၇ ကျောင်း၊ ယင်းမာပင် ၁၁ ကျောင်း၊ ဆားလင်းကြီး ကိုးကျောင်း၊ ပုလဲ ၂၂ ကျောင်း၊ ကနီ ၁၄ ကျောင်း၊ ကသာ ၁၆ ကျောင်း၊ ကောလင်း ၂၉ ကျောင်း၊ အင်းတော် ၁၆ ကျောင်း၊ ထီးချိုင့် ကိုးကျောင်း၊ ပင်လည်ဘူး ကျောင်း ၅၀ ၊ ဗန်းမောက် ၂၈ ကျောင်း၊ ဝန်းသို ၂၉ ကျောင်း၊ ကလေး ၁၈ ကျောင်း၊ ကလေးဝ ရှစ်ကျောင်း၊ မင်းကင်း ၃၃ ကျောင်း၊ တမူး ၁၉ ကျောင်း၊ မော်လိုက် ကိုးကျောင်း၊ ဖောင်းပြင် ရှစ်ကျောင်း၊ ခန္တီး ကိုးကျောင်း၊ ဟုမ္မလင်း ၄၅ ကျောင်း၊ လေရှီး ၁၄ ကျောင်း၊ လဟယ် ၁၄ ကျောင်း၊ နန်းယွန်း ၁၅ ကျောင်း စသည့်မြို့နယ်တို့တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

**မွေးကြူဇင်**

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# မောင်မောင်တာနှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

*ဇွန် ၂၈ ရက်မှအဆက်*



**ကြည်စိုးထွန်း** ။ ။ လူထုအောင်သံ ကတော့ တကယ့်ကို သမိုင်းဝင်ကားပဲ အစ်ကိုရဲ့နော်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ မှတ်တမ်းဝင်ကား တစ်ကားပါပဲ။ နောက် နိုင်ငံခြားနဲ့ ဖက်စပ်ပြီးတော့ မြန်မာတွေနဲ့ လုပ်တဲ့ကားမှာ နိုင်ငံခြားအငွေ့အသက်မပါဘဲနဲ့ တစ်ခါတည်း မြန်မာတွေကပဲ လုပ်သွားတာမျိုးလေးတွေ ကျွန်တော်သဘောကျတယ် အစ်ကို။ အဲဒီထဲ မှတ်မိတာ ဦးကျော်သောင်း၊ ဦးကျော်သောင်း ရှူးတဲ့အခန်း လုပ်တာလေးတွေ ကျွန်တော်တို့ သွားသတိရတယ်။

အဲ -အစ်ကိုနဲ့ ဗိုလ်ဗကိုနဲ့ နောက်ဆုံးသေနတ်မှန်ပြီး ပြန်လာတော့ ကားပေါ်မှာ ထင်တယ်နော်။ ငှါသားလေးကို ရှင်ပြုတာကို ငါမြင်ချင်တယ်ကွာလို့ ပြောတဲ့အခန်းက အဲဒါက Climax ပဲ ထင်တယ်နော် အစ်ကို။

**မောင်မောင်တာ** ။ ။ Climax ပဲ။ ဂျစ်ကားပေါ် တင်မောင်းပြီးတော့ ပြန်ပို့တာ။

**ကြည်စိုးထွန်း** ။ ။ ဟိုကလည်း မင်းကွာ။ ဒီ အားငယ်တဲ့စကားတွေမပြောနဲ့၊ အားလျှော့တဲ့ စကားတွေ မပြောပါနဲ့ကွာ ငါ့ကိုယ်ငါ သိတယ်ကွာတဲ့နော်။ အေးမောင်ရာ ငါ့သားလေးကိုသာ မင်း ရှင်ပြုပေးပါကွာတဲ့။ ကျွန်တော်တို့ ငယ်ငယ်တုန်းက တအားသဘောကျတာ အစ်ကိုရဲ့ အဲဒါ။ နောက် ဗမာအငွေ့ အသက်ကလည်း ပါတာကိုးနော်။

**မောင်မောင်တာ** ။ ။ မှတ်မိပါတယ်။ ဗိုလ်ဗကိုက ဒဏ်ရာနဲ့ ကျွန်တော်က ကားမောင်း။ ကျွန်တော်က ကားမောင်း ဝါသနာပါ။ အဲဒီတည်းက မောင်းလိုက်တာ ဒီနေ့ထိ မောင်းလျက်ပဲ ကားကို။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပ့ါ အစ်ကိုရယ်။ နောက်ပြီးတော့ ပြောဦးမယ် အစ်ကို။ ကားမောင်းတဲ့ကိစ္စ။

**မောင်မောင်တာ** ။ ။ စကားလေးတွေလည်း လှတယ်။

**ကြည်စိုးထွန်း** ။ ။ ဒိုင်ယာလော့ခ် တွေ ကောင်းတယ် နော်။ တိုတိုလေးတွေတောင် ကောင်းတယ်။ တချို့ဟာတွေဆို ကျွန်တော်တို့က ကျောင်းသားဘဝကို အစ်ကိုရ။ လေးငါးခြောက်တန်း ခုနစ်တန်းလောက်ရှိမယ်ထင်တယ်။ မမှတ်မိတော့ပါဘူး။ အဲဒီမှာဆို ဟာဗိုလ်ကြီးရယ်၊ ကျွန်မ နွားလေး ပြန်ပေးပါတို့ ဘာတို့။

**မောင်မောင်တာ** ။ ။ အဲဒါတွေက စွဲတယ်လေ။ တစ်ခါတလေ ရုပ်ရှင်မှာ မထင်တာတွေက စွဲကျန်ရစ်ခဲ့တာတွေ ရှိတယ်။ ကျွန်မ နွားလေး ပြန်ပေးပါ ဆိုတာ တစ်ခါတစ်ခါလမ်းသွားရင် ဘေးက လူတွေက ရွတ်ပြတာတွေ ရှိတယ်။ မောင်မောင်တာမှန်း သိနေရင် အဲ့လို ရွတ်ပြတာတွေ ရှိတယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒီလောက်ထိ ပရိသတ်က စွဲကြတာနော်။

**မောင်မောင်တာ** ။ ။ အောင်မြင် ပါတယ်။ ဒီနေ့ထိ အဲ့ဒီကားကို မီတာ မရှိဘူး။ ကားကော်ပီ မရှိတော့ဘူး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ပါ အစ်ကိုရယ်။ ကြိုးစားပေးပါဦး။

**မောင်မောင်တာ** ။ ။ ဒါပေမယ့် ကျွန်တော် နောက်ဆုံး ခေါင်းထဲမှာ ရှိတာတော့ အကယ်၍ အမေရိကန်နိုင်ငံ နောက်တစ်ခေါက် ပြန်သွားရင် ဒီတစ်ခါတော့ ဟောလိဝုဒ် Archive မှာ ရှိမယ်လို့ထင်တယ်။ နောက်တစ်ခု ဘန်ကောက်မှာ ရှိတုန်းက တစ်ယောက်က ပြောတယ် ။ ခင်ဗျားကားက ဘုရင့်နန်းတွင်း Archive မှာ ရှိတယ်တဲ့။ Anti-communist picture ကွန်မြူနစ် ဆန့်ကျင်ရေးကားဆိုတော့ ဘုရင်ကနေပြီးတော့ ဒီကားကို ယူပြီးတော့ သိမ်းထားတယ်လို့ ကြားရတယ်။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်လည်း မေးကြည့်လို့ ရပါတယ်။ ဘန်ကောက်လောက်ကတော့ ကျွန်တော် မေးကြည့်လို့ရပါတယ်။ ဒါလေးတွေကို အစ်ကိုဖြစ်ဖြစ်၊ ကျွန်တော်ဖြစ်ဖြစ် ရရင်တော့ ပရိသတ်ကြီးကို ပြန်ပြချင်ပါတယ် အစ်ကိုရယ်၊ ကိုယ့်ဟာကိုယ် စစ်မှုထမ်းဘဝမှာပဲ နေမယ်လို့ ဆုံးဖြတ်ခဲ့ရာက နောက်ကျတော့ ဘယ်လိုလုပ်ပြီးတော့ အစ်ကို ဒီဘက် ဆက်ဖြစ်သွားလဲ။

**မောင်မောင်တာ** ။ ။ ကျွန်တော် အဲဒီကား ရိုက်ပြီး အိပ်စယ် စီယာရုံမှာ ကားကြည့်ရင်းနဲ့ ပြီးတဲ့အခါ ကျတော့ ဦးနုက အဲဒီရုပ်ရှင်ကားကို သိပ်သဘောကျတယ်၊ သူလည်း ကိုယ်တိုင်ပါတာကိုး၊ ထိပ်ကပါတယ်လေ။ သဘောကျပြီးတော့ ဦးသန့်ကို ပြောတယ်။ မောင်မောင်တာကို ပြောင်းပေးရအောင် ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ဘယ်ပြောင်းမှာလဲ။

**မောင်မောင်တာ** ။ ။ ဆိုလိုတာက ဘာလုပ်ချင်လဲမေးပါ။လုပ်ပေးပါ့မယ်ဆိုတာကို အဲဒီလောက်ထိအောင် သူက ဘယ်လောက်သဘောကျလဲ ဆိုတော့၊ သူ့မင်းသားကို သဘောကျတာ၊ မောင်မောင်တာကို သဘောကျတာမဟုတ်ဘူး။ အေးမောင်ကို သဘောကျတာ။ သူ့စကားတွေကို သူပြောချင်တဲ့စကားတွေ ကျွန်တော်က ပြောပေးရတာ။ အဲဒီတော့ ကျွန်တော်က ဝါရှင်တန်မှာ Second Citizen ကျွန်တော်က ပေးပါ။ ဦးသန့်နဲ့ အတူတူလိုက်သွားဖို့ စီမံကိန်းဆွဲလိုက်တယ်။ စီမံကိန်းဆွဲပြီးတော့ အထမမြောက်ခင် ဗြိတိသျှဘားမားကနေပြီးတော့ ဒေါက်တာ အောင်ကျော်ဦး ကားကို။

လူထုအောင်သံက ကျွန်တော့်ဆီ ရောက်လာတာပဲ။ ကျွန်တော်က (၃) လ အတွင်း ပြီးရင် လက်ခံမယ်။ နောက်ဆုံး UN ထိ ကျွန်တော် မှန်းထားတာကို သွားဖို့ ဆိုတော့ ကားလည်းရိုက်ရော မေသစ်က ကိုယ်ဝန်ရှိလိုက်တာနဲ့ ဟိုဟာလေး၊ ဒီဟာလေးဖြစ်ရင်းနဲ့ တစ်နှစ်ကြာသွားတယ်။

**မောင်မောင်တာ** ။ ။ အဲဒီတော့ ဝန်ကြီးချုပ်က ဘယ်လိုပြောတုန်းဆိုတော့ မသွားနဲ့တော့တဲ့၊ ဒါလုပ်တဲ့၊ ကျွန်တော်က စဝင်ကတည်းက ရုပ်ရှင်ထဲမှာ သဘောထားသလို ဦးနုကလည်း ဘယ်လိုပြောတုန်းဆိုတော့ အရေးကြီးတဲ့လုပ်ငန်း တစ်ခုတဲ့။

**ကြည်စိုးထွန်း** ။ ။ ဩော် ဒီရုပ်ရှင်ဆိုတာက။

**မောင်မောင်တာ** ။ ။ မောင်ရင့်ကို ဒီနေ့ လွှတ်နိုင်သလို အမြဲတမ်း ငါလွှတ်လို့ရတယ်။ ရုပ်ရှင်ထဲမှာ မင်းသားဖြစ်ဖို့က ငါလုပ်ပေးလို့ မရဘူးတဲ့။ အဲဒီတော့ တိုင်းပြည်မှာလိုတဲ့ ရုပ်ရှင်မင်းသားနဲ့ ပတ်သက်ပြီးတော့ ဝင်လုပ်ပါ၊ ဗိုလ်ဗကို ကိုလည်း ပြောပါ။

**ကြည်စိုးထွန်း** ။ ။ ဩော် အားပေးတယ် နော်။

**မောင်မောင်တာ** ။ ။ မင်းလည်း အသက်ကြီးတဲ့ အခါကျတော့ Diplomatic Services က ငါ့လက်ထဲမှာပဲ ရှိတာပဲကိုး။ ဆိုတော့ ကောင်းတယ်။ သူကတော့ လုပ်မပေးနိုင်ခဲ့ပါဘူး အကြောင်းကြောင်းပေ့ါလေ၊ ဒါပေမယ့် ကောင်းသောလမ်းကို ခင်းပေးခဲ့ပါတယ်။ ကျွန်တော်လည်း ရုပ်ရှင်ထဲရောက်တဲ့အခါကျတော့ ပိုစပ်စုလာတာပေ့ါဗျာ။ ကျွန်တော်တို့ မရောက်ခင်က နေရာတစ်မျိုးလေးပဲ။ ဒါပေမယ့် ပြောင်းတော့ ပြောင်းသွားတယ် အဲဒီနောက်ပိုင်းမှာ။ ဆိုတော့ နည်းနည်းတိုးတက်လာတာလည်း ရှိပါတယ်။ ကျွန်တော်လည်း အနှစ်နှစ်ဆယ် အစိတ်လောက်တော့ ပါသွားတယ်။

**ကြည်စိုးထွန်း** ။ ။ ရုပ်ရှင်ထဲ ရောက်တဲ့ အခါကျတော့ ဂုဏ်သိက္ခာရှိတဲ့လူတွေ ရောက်လာတော့လည်း ရုပ်ရှင်လောက ဂုဏ်သိက္ခာ ရှိတာပေ့ါ အစ်ကိုရယ်။ အဲ လူရှုပ်လူပွေတွေ ရောက်တော့လည်း ရှုပ်ရှုပ်ပွေပွေ ရှိတာပေ့ါ။ ဒါကတော့ ဘယ်နယ်မဆို ဒီလိုပါပဲ။ သို့သော်လည်း ဒီမှာ အစ်ကိုပြောတဲ့အခါမှာ ကျွန်တော်လည်း သတိထား စဉ်းစားမိတော့ ဟိုးတစ်လောက ဦးတင်ယုနဲ့ စကားပြောတဲ့အခါမှာ ဒီလိုပဲ ကျွန်တော်တို့ ဗိုလ်ချုပ်အောင်ဆန်းက ရုပ်ရှင်ကို စိတ်ဝင်စားတဲ့အကြောင်းနဲ့ ရုပ်ရှင်ကို အားပေးတဲ့အကြောင်းတွေ ကြားရတယ်။

ဒီမှာဆိုရင် အစ်ကိုနဲ့ ဆိုရင်လည်း ဦးနုကနေပြီးတော့ ရုပ်ရှင်ကို စိတ်ဝင်စားတယ်။ ရုပ်ရှင်ကို အားပေးတယ်။ ကူညီတဲ့အကြောင်းတွေ ကြားရတာ ကျွန်တော်တို့ ဒါတွေကျတော့လည်း ဝမ်းသာပီတိဖြစ်မိပါတယ်။ ဘာလို့ဆိုတော့ ဒီနေ့ထိပေ့ါလေ။ နိုင်ငံ့ခေါင်းဆောင်ကြီးတွေဟာဆိုရင် ရုပ်ရှင်ကို အားပေးပြီးတော့ အခုထိ ဝါသနာပါပြီးတော့ ကြည့်ရှုစောင့်ရှောက်တာကိုတော့ အင်မတန်ဝမ်းသာပါတယ် အစ်ကို။ ဒါနဲ့ အစ်ကို ဒေါက်တာအောင်ကျော်ဦးက ရိုက်ဖြစ်ရော ဆိုပါတော့ ။

**မောင်မောင်တာ** ။ ။ ရိုက်ဖြစ်သွားပါတယ်။ ဒေါက်တာ အောင်ကျော်ဦးမှာ မေသစ်တို့၊ မေရီမြင့်တို့ ပါလာတယ်။

*စာမျက်နှာ ၇ သို့*


ဇေယျ


ဦးကျော်သောင်း


မေသစ်


မေရီမြင့်


ဂျော်လီဆွေ

*စာမျက်နှာ ၆ မှ*

**ကြည်စိုးထွန်း** ။ ။ ဂျော်လီဆွေ၊ နောက် တက္ကသိုလ်နေဝင်း။

**မောင်မောင်တာ** ။ ။ ထွန်းဝေလည်း ပါတယ်။ ဒေါက်တာ အောင်ကျော်ဦးမှာ ဇာတ်ဆရာအခန်း၊ အဲဒီတုန်းကတော့ ဇာတ်ရုံ။

**ကြည်စိုးထွန်း** ။ ။ Side part ပဲ၊ ဦးထွန်းဝေ ကလည်းနော်၊ အစ်ကို၊ Side part ကနေ တဖြည်းဖြည်း တက်လာရတာ တကယ်တော်ပါတယ်။ သူလည်း။

**မောင်မောင်တာ** ။ ။ အမှန်တော့ ကားရိုက်တဲ့ အခါမှာ ထွန်းဝေက ခါတ်ပုံရိုက်တယ်။ ခါတ်ပုံဝါသနာပါတယ် ။ ဒါပေမယ့် အဲဒါလုပ်နေတာက သူကလည်း ဝင်ဖို့လုပ်နေတာ။ ဒါပေမယ့် အဲဒီလို တစ်စတစ်စနဲ့။



အနောက်တိုင်းနိုင်ငံ ယဉ်ကျေးသူတွေ အတုခိုးလောက်တယ်(မောင်မောင်တာ၊ မေရီမြင့်) ဖြိုတိသျှဘားမား ရွှေဒုံးဘီအောင်၏“ ဒေါက်တာ အောင်ကျော်ဦး” မှ





ဒေါက်တာ အောင်ကျော်ဦးမှ ...မောင်မောင်တာ...မေသစ်



တက္ကသိုလ်နေဝင်း



ဒါရိုက်တာ ရွှေဒုံးဘီအောင်



Valentino



ထွန်းဝေ




**ကြည်စိုးထွန်း** ။ ။ ကြိုးစား ရတာပေါ့နော်။ အဲဒီထဲမှာ အစ်ကို၊ ကတဲ့အခန်းတွေ ကျွန်တော်တွေ့ရတယ်။

**မောင်မောင်တာ** ။ ။ ဟုတ်ကဲ့ ကျွန်တော် မေရီမြင့်က အဲ့ဒီထဲမှာ အကသင်ဆရာမ ဆိုပြီးတော့ သူ့စိတ်ကူးခန်းမှာ ကျွန်တော်က ကျွမ်းကျင်တဲ့အက၊ မေရီမြင့်ကို ကျွန်တော် ၁၅ ရက်လောက်ပဲ သင်ပေးပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မောင်မောင်တာ** ။ ။ အနောက်တိုင်း အကကို ကျွန်တော် ကပြတာလည်း ပါပါတယ်။ အထူးသဖြင့် Italian Valentino မင်းသားရဲ့ Tango အကလို့ ခေါ်တာပေါ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့၊ Valentino မင်းသားရဲ့ Tango ဟုတ်လား။

**မောင်မောင်တာ** ။ ။ Valentino မင်းသားက Valentino ဆိုကတည်းက လူတစ်ယောက်ကို Valentino လို့သတ်မှတ်လိုက်ရင် အဲဒီလူက ဘယ်လောက်အရည်အချင်းရှိတယ်လို့ သဘောပေါက်တယ်။ အကက အစ၊ Valentino အကလို့ ခေါ်ပါတယ်။ Valentino က Italian မင်းသားပေါ့လေ။

**ကြည်စိုးထွန်း** ။ ။ Valentino က ဘေးစောင်းဆို သိပ်ကြည့်ကောင်းတဲ့မင်းသား၊ အဲဒီကားက ဆရာရွှေဒုံးဘီအောင် ဆုရတယ်။

ကြည်စိုးထွန်း ။ ။ အစ်ကိုလည်း အမှန်တော့ အဲဒီကားထဲမှာ တော်တော့်ကို ကောင်းတာပါ။ ဘာလို့ဆိုတော့ အစ်ကိုက အနောက်တိုင်းယဉ်ကျေးမှုကို နှစ်သက်တဲ့သူ။ အနောက်တိုင်းယဉ်ကျေးမှုကို အထင်ကြီးတဲ့လူ။ အဲဒီထဲမှာ၊ ဒါပေမယ့် အမျိုးသမီးက မေသစ်က သူက မြန်မာမှု မြန်မာဟန်အနေနဲ့ မြန်မာ့အိမ်ထောင်လေးကို ထိန်းသိမ်းချင်တဲ့သူ၊ အဲဒီမှာ အစ်ကိုကလည်း ဒီအိမ်ထောင်ရေးကို မဖောက်ပြန်ချင်ပေမယ့်၊ ဒီအိမ်ထောင်ရေးကိုမပျက်စီးစေချင်ပေမယ့် တစ်ဖက်မှာ အတွေ့နဲ့ အစ်ကိုက တော်တော့်ကို ဒီ။

**မောင်မောင်တာ** ။ ။ အဲဒီ မလွန်ဆန်နိုင်တဲ့ အတွေ့ဘဝ ရောက်သွားတဲ့အတွက်ကို သိက္ခာပိုင်းဆိုင်ရာကို အသက်သာပေးသွားမယ် ဖော်မသွားဘူးဆိုတာ အဲဒါ၊ အဲဒါပဲလေ။

**ကြည်စိုးထွန်း** ။ ။ နာမည်ဟာ ကျွန်တော်တို့ နောက်ပိုင်းကြည့်တဲ့အခါမှာ Sommersby လား မသိဘူး။ လူဟာ သေချင် သေသွားပါစေ၊ လူတစ်ယောက်ရဲ့ နာမည်ဟာ အရေးကြီးတယ်ဆိုတာ ဒေါက်တာ အောင်ကျော်ဦးမှာ တော်တော်သဘောကျပါတယ် ကျွန်တော်။

**မောင်မောင်တာ** ။ ။ ရှင်လျက်နဲ့သေနေတာပါ၊ သေတဲ့ဘဝက တန်တယ်၊ သိက္ခာတော့ အကျမခံဘူး။

**ကြည်စိုးထွန်း** ။ ။ ဒေါက်တာအောင်ကျော်ဦးဆိုတဲ့ နာမည်ကိုတော့ ငါအပျက်မခံနိုင်ဘူး။

**မောင်မောင်တာ** ။ ။ အဲဒီကားတစ်ကားလုံးမှာနာမည်ကဒေါက်တာ အောင်ကျော်ဦး၊ ကျွန်တော်က ဒေါက်တာ အောင်ကျော်ဦး။ အကယ်ဒမီ list ထွက်လာတဲ့အခါကျတော့ ကျွန်တော်လှမ်းကြည့်တယ်၊ ကားကို အကယ်ဒမီပေးတယ်။ ဒါရိုက်တာကို ပေးတယ်။ ကုမ္ပဏီကို ပေးတယ်။ မောင်မောင်တာကို မပေးဘူး။

**ကြည်စိုးထွန်း** ။ ။ ဒေါက်တာအောင်ကျော်ဦး လုပ်တဲ့လူကို မပေးဘူး။

**မောင်မောင်တာ** ။ ။ မရဘူး။ အမေရိကန်နိုင်ငံ ဝါရှင်တန်က အင်တာဗျူးလုပ်သေးတယ် ကျွန်တော့်ကို အဲဒီအချိန်တုန်းက။ ကျွန်တော် အဲဒီလိုပဲ ဖွင့်ပြောတယ်။ ဒေါက်တာအောင်ကျော်ဦး အကယ်ဒမီရတယ်ဆိုတာ ကျွန်တော်ရရမှာလို့ မပေးဘူး။ အဲဒါနဲ့ သက်ဆိုင်ရာဝန်ကြီးနဲ့ တစ်နေ့တွေ့တဲ့အခါကျတော့ ကျွန်တော်မေးတယ်။ ဒေါက်တာ အောင်ကျော်ဦး အကယ်ဒမီဆိုတာ ကျွန်တော် ဒေါက်တာ အောင်ကျော်ဦး။ ကျွန်တော် ဘာလို့ မရသလဲလို့။ ဟာ မောင်ရင်ရာ၊ မောင်ရင်က မြင်းပါတဲ့ မြင်းလေ၊ ချိုတပ်ပေးရင် ခွေ့လည်း ခွေ့မယ်။

**ကြည်စိုးထွန်း** ။ ။ ဟားဟားဟား။

**မောင်မောင်တာ** ။ ။ ပြောသွားတာ ပေါ့လေ။ ရယ်စရာလိုလိုနဲ့ အဲဒီနှစ်မှာ ကိုထွန်းဝေက မင်းသားဖြစ်သွားပြီးတော့ ဗိုလ်မြဒင်နဲ့ သူက အကယ်ဒမီ ယူသွားတယ်။

**မောင်မောင်တာ** ။ ။ လုပ်လိုက်ပါ ကွာတဲ့ မင်းက လည်း ကျွန်တော့်ကို နှစ်သိမ့်တဲ့စကားတွေ ပြောစစချင်းကတော့ မြင်းချိုတပ်ပေးလို့ မရဘူးပြောတယ်၊ နှစ်သိမ့်တဲ့စကား ပြောပြီးတော့ ကျေနပ်လိုက်ပါတယ် ကျွန်တော်။ ဒါပေမယ့် မရတဲ့အကြောင်းတွေ ကြုံတုန်းကြုံတုန်းမှာ ဖော်ရတာပေါ့။ နာတယ်လို့တော့ ထင်တယ်။ ကျွန်တော် တန်ဖိုးထားလို့ပါ ဒါလည်း။

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ်။ အစ်ကို မှန်ပါတယ်။ တစ်ခါတလေကျတော့လည်း ကံအကြောင်းတရားပေါ့လေ။ ဒီလိုပဲ သဘောထားရတော့တာပေါ့. သူ့ရဲ့ အကယ်ဒမီက။ သို့သော်လည်း အစ်ကိုက မှတ်မိစရာအကြောင်းတွေ အများကြီးရှိပါတယ်။ ဒေါက်တာအောင်ကျော်ဦးဆိုလည်း အစ်ကို့ လုပ်ဆောင်ချက်တွေက အများကြီး ကောင်းခဲ့တယ် ဆိုတာလည်း ကျွန်တော်တို့ တွေ့ရတာပဲ။ ခုနတုန်းကလို နှစ်ဘဝ နှစ်နေရာမှာ သူ့ဘာသာသူ အမှားတွေ နောင်တရပြီးတော့ ဖြစ်တဲ့ ခံစားမှုတွေ ဘာတွေဆိုရင်လည်း အစ်ကို ပီပီပြင်ပြင် လုပ်နိုင်တာပဲ။ ရှေ့မှာဆိုရင်လည်း ဆရာဝန်ဘဝမှာ အနောက်တိုင်းယဉ်ကျေးမှုကို နှစ်သက်ပင်နှစ်သက်သော်ငြားလည်း ကိုယ့်ရဲ့ မိသားစုအပေါ်မှာ တန်ဖိုးထားတယ်ဆိုတဲ့ ပုံစံလေးတွေ ပြတာဆိုရင်လည်း ကောင်းတယ်အစ်ကို။ နောက် ဟိုဘက်က မေရီမြင့်ကလည်း အင်မတန်လှတဲ့ မိန်းမပဲ။ နောက်ပြီးတော့ လမ်းကလည်း အများကြီးခင်းပေးတာ အဲဒီမှာ။ တော်တော်ကို ခင်းပေးတာနော်။ သူက ခြေထောက်တွေ နာတယ် ဘာညာဆိုပြီးတော့ အစ်ကို့ကို လမ်းခင်းပေးပြီးတော့ သွေးဆောင်မှုလေးတွေ ပါရှိတဲ့အခါကျတော့ သွားတော့ မှားတော့တာပဲနော်။ အဲဒါလေးတွေ ကောင်းပါတယ်။ ဒေါက်တာအောင်ကျော်ဦးက အင်မတန်ကောင်းတဲ့ ကားပါ။

**မောင်မောင်တာ** ။ ။ မှားတာကို ပြင်တဲ့နည်း မှန်တဲ့ကား၊ အသက်ပေးသွားတာကိုး သူက။

**ကြည်စိုးထွန်း** ။ ။ ကောင်းပါ တယ်။ အစ်ကို။ အဲဒီကားကတော့ ဘာပဲဖြစ်ဖြစ် အစ်ကို အကယ်ဒမီရသင့်သော ကားတစ်ကားလို့ ကျွန်တော်တို့ သတ်မှတ်ရမှာပေါ့။ အဲဒီကားပြီးတော့ အစ်ကို နောက်ဘာကား ရိုက်ပါသေးလဲ။

မောင်မောင်တာ ။ ။ အဲဒီကား ပြီးတော့ “ချစ်အာရုံ” ဆိုတဲ့ ကား။

*(ဆက်လက်ဖော်ပြပါမည်)*

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၅ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ၂၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘီလူးမြို့ကျေးရွာတွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂)ဦး၊ မ(၂)ဦး၊ ပေါင်း(၄)ဦးတို့အား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၇-၆-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မိုးညှင်းမြို့နယ်၊ ဘီလူးမြို့ကျေးရွာအဝင် ဆိုင်းဘုတ်အနီး၌ မြို့ဟောင်းရပ်ကွက်နေ မင်းဗာဦး (၁၉)နှစ်၊ (ဘ)ဦးသိန်းကျော်နှင့် ဈေးမိုကန်ရပ်ကွက်နေ ညီဘွား(၂၀)နှစ်၊ (ဘ)ဦးအောင်ဝင်းထွေးတို့(၂)ဦးအား ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးညှင်း)မယ(ပ)၁၀၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နမီးကျေးရွာနေ မျိုးအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၆-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ နမီးကျေးရွာနေ မျိုးအောင်(ခ)လမ်းဗိုလ်(၃၂)နှစ်၊ (ဘ)ဦးကျော်လှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လူး)မယ(ပ) ၃၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့၊ မင်းကွက် (၁)ရပ်ကွက်နေ ဇော်သူလွင်(ခ)ကိုသူနှင့် မျိုးသီဟ(ခ)မျိုးမျိုးတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၆-၂၀၂၀ ရက်နေ့တွင် ပေါင်းတည်မြို့၊ မင်းကွက်(၁) ရပ်ကွက်နေ ဇော်သူလွင်(ခ)ကိုသူ(၃၁)နှစ်၊ (ဘ) ဦးသန်းဌေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပေါင်းတည်)မယ(ပ)၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က) ဖြင့်လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်နေ မျိုးသီဟ (ခ) မျိုးမျိုး (၃၉)နှစ်၊ (ဘ)ဦးဝင်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူဇနီး မမွှေးမွှေး(ခ) မွှေးလေး (၄၂)နှစ်၊ (ဘ)ဦးအေးမြင့်တို့ (၂)ဦးအား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ပေါင်းတည်)မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မကွေးတိုင်းဒေသကြီး၊ ကျောမြို့၊ အမှတ် (၂)ရပ်ကွက်နေ ထွန်းဝင်းအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၆-၂၀၂၀ ရက်နေ့တွင် ကျောမြို့၊ အမှတ်(၁)ရပ်ကွက်နေ ထွန်းဝင်းအောင်(၂၉)နှစ်၊ (ဘ)ဦးဘိုထွေး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ထွန်းမင်းလတ်(ခ)ကုလားစိန်(၂၈)နှစ်၊ (ဘ) ဦးထွန်းထွန်းသန်းတို့ (၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဂန့်ဂေါ)မယ(ပ) ၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | မကွေးတိုင်းဒေသကြီး၊ ကျောမြို့၊ အမှတ် (၁)ရပ်ကွက်နေ သိန်းစိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၆-၂၀၂၀ ရက်နေ့တွင် ကျောမြို့၊ အမှတ်(၁)ရပ်ကွက်နေ သိန်းစိုး(၄၂)နှစ်၊ (ဘ)ဦးချစ်ရှိန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဂန့်ဂေါ)မယ(ပ) ၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၃ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ်တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၃)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၁-၆-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်သွားကားလမ်းပေါ်၌ ချောင်းဆုံမြို့နယ်၊ သကြောကျေးရွာနေ မင်းသူ(ခ)ခင်မောင်ထူး (၃၁)နှစ်၊ (ဘ)ဦးစံငြိမ်းနှင့် ကညော်ကျေးရွာနေ ခိုင်ဌေးဇော် (၃၄)နှစ်၊ (ဘ)ဦးတင်ရီတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်)မယ(ပ) ၃၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၄)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၃)ဦး၊ မ(၂)ဦး၊ ပေါင်း(၅)ဦးတို့အား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၆-၆-၂၀၂၀ ရက်နေ့တွင် မော်လမြိုင်မြို့၊ ကျောက်တန်း ရပ်ကွက်၊ စက်မှုဇုန်အဝိုင်းအနီး၌ ၎င်းရပ်ကွက်၊ ကွက်သစ်လမ်းနေ မင်္ဂလာမင်းမောင်(ခ)စိန်ပြူး(၂၂)နှစ်၊ (ဘ) ဦးမြင့် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မုပွန်) မယ(ပ)၃၉/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်နေ မိသက်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၆-၂၀၂၀ ရက်နေ့တွင် ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်နေ မိသက်(ခ)မြသက်မွန်(၄၆)နှစ်၊ (ဘ)ဦးတောကျော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ မိုးသူဝင်း(ခ)ကိုမိုး(၂၃)နှစ်၊ (ဘ)ဦးဆန်းဝင်းနှင့် မမျိုးသက်ဦး (ခ)မိုးသဲဦး (၁၉)နှစ်၊ (ဘ)ဦးမျိုးမြင့်တို့ (၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ)မယ(ပ) ၂၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရပ်ကွက်နေ ငဇော်(ခ)ဇော်မျိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၆-၂၀၂၀ ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရပ်ကွက်နေ ငဇော်(ခ)ဇော်မျိုး(ခ)မျိုးကျော်ဇင် (၃၇) နှစ်၊ (ဘ)ဦးခင်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မင်္ဂလာဒုံ)မယ(ပ) ၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ လဲမားကျေးရွာနေ မျိုးနိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၆-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ လဲမားကျေးရွာ၊ ရွာလယ်လမ်းမပေါ်၌ ၎င်းကျေးရွာနေ မျိုးနိုင်(ခ)နိုင်လင်း (၃၀)နှစ်၊ (ဘ)ဦးပေါ်ရာမောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ) ၃၄/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ လှည်းတိုးကျေးရွာနေ မောင်မျိုးအေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၆-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ လှည်းတိုးကျေးရွာနေ မောင်မျိုးအေး(၃၆)နှစ်၊ (ဘ)ဦးအေးမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ)၃၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ နောင်ဖန်ကျေးရွာနေ ဝင်းဖေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၆-၂၀၂၀ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ နောင်ဖန် ကျေးရွာနေ ဝင်းဖေ(၅၂)နှစ်၊ (ဘ)ဦးပျောက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်)မယ(ပ)၃၇/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ပလောင်ချောင်းကျေးရွာနေ ညီညီအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၆-၂၀၂၀ ရက်နေ့တွင် နောင်ချိုမြို့နယ်၊ ပေါက်ကုန်းကျေးရွာနေ လှဆောင်(၅၁)နှစ်၊ (ဘ)ဦးစံပြူး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ပလောင်ချောင်းကျေးရွာနေ ညီညီအောင်(၂၀)နှစ်၊ (ဘ)ဦးညွန့်မောင်၊ အောင်ကျော်ဦး (၂၁)နှစ်၊ (ဘ)ဦးကျော်မြိုင်၊ နိုင်လင်းဦး (၂၃)နှစ်၊ (ဘ)ဦးထွန်းကြည်တို့ (၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဒိုးပင်) မယ(ပ)၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က) / ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၇-၆-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၂၁၀)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၅၆၃)ဦး၊ မ(၃၀၆)ဦး၊ ပေါင်း(၁၈၆၉)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၉၅၅၈.၄၆၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၃၅၆၃.၉၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၅၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၆၃၈၅၄၉)ပြား၊ ဆေးခြောက် (၁၂၃၇၁.၉)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၂၉.၂၈) ဂရမ်၊ ဘိန်းစေ့ (၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅၉.၉၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၆)လက်၊ ကျည်မျိုးစုံ(၆၀၉) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး သတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

ယမန်နေ့မှအဆက်

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

## လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ တင်သွင်းခြင်း


နိုင်ငံတော်သမ္မတထံ အပြီးသတ်အစီရင်ခံစာ တင်သွင်းခြင်း (၂၀-၁-၂၀၂၀)ရက်နေ့

- ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့သည် ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးရန် နိုင်ငံတကာအဖွဲ့ဝင်များ ပါဝင်သည့် "လွတ်လပ်သောအချက်အလက်ရှာဖွေရေးကော်မရှင်တစ်ရပ်" အား ဖွဲ့စည်းရန် ကြားဖြတ်အကြံပြုချက်များတွင် အကြံပြုခဲ့ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့နှင့် ယင်းကာလနောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့်တိုက်ခိုက်မှုများနှင့် ဒေသခံအမြောက်အမြားအားနေရပ်စွန့်ခွာသွားစေသည့် ယင်းတိုက်ခိုက်မှုများ၏ နောက်ဆက်တွဲကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန်၊ ယင်းပဋိပက္ခဖြစ်စဉ်များနှင့် ဆက်စပ်သည့် တာဝန်ရှိသူများကို ဖော်ထုတ်နိုင်ရန်နှင့် ရခိုင်ပြည်နယ်ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မည်သည့်လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သင့်သည်ဟူသည့်အကြံပြုချက်များကိုပေးစွမ်းနိုင်ရန်ရည်ရွယ်၍(၃၀-၇-၂၀၁၈) ရက်နေ့တွင် အဖွဲ့ဝင်(၄)ဦးပါသော လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ကို ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်က အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ(၂၀-၁-၂၀၂၀) ရက်နေ့တွင် တင်သွင်းခဲ့ပါသည်။

## နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်း

နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေပြင်ကင်းလှည့်ခြင်း (၁၃)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

## တရားမျှတမှုရရှိရေး

### လူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်ခံရမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု




- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်ခံရမှုနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်(၁၄)စောင်ကို လက်ခံရရှိခဲ့ပြီး ကော်မရှင်ရုံးချုပ်သို့ပေးပို့၍ ကော်မရှင်ရုံးချုပ်၏ စိစစ်ပြန်ကြားချက်များကိုလည်း ကာယကံရှင်များထံသို့ ပြန်ကြားဆောင်ရွက်လျက်ရှိပါသည်။



- ရုံးခွဲဖွင့်လှစ်ထားရှိမှုအား ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက်(၆-၃-၂၀၂၀)ရက်နေ့တွင် စစ်တွေတက္ကသိုလ်ရှိ ကျောင်းသား/သူများထံသို့ လက်ကမ်းစာစောင်များ၊ ကော်မရှင်ဥပဒေနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းများအား အသိပညာပေးဖြန့်ဝေဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။
- စစ်တွေမြို့အခြေစိုက် ရခိုင်ပြည်နယ် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးအဖွဲ့သည် ကော်မရှင်ရုံးခွဲတာဝန်ခံနှင့် ၂၀၁၉ ခုနှစ်တွင်(၂)ကြိမ်၊ (၂၃.၃.၂၀၂၀)ရက်နေ့တွင်(၁)ကြိမ် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် ကော်မရှင်အကြောင်း လက်ကမ်းစာစောင်များကို ဆက်လက်ဖြန့်ချိနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ခဲ့ပါသည်။



## ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး


နိုင်ငံတော်သမ္မတနှင့်အိန္ဒိယဝန်ကြီးချုပ်တို့ တွေ့ဆုံခြင်း (၂၇-၂-၂၀၂၀)ရက်နေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် (၂၇-၂-၂၀၂၀)ရက်နေ့မှ (၂၉-၂-၂၀၂၀)ရက်နေ့အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ်မစ္စတာရှရီနာရင်ဒရာမိုဒီနှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ ထည့်သွင်းဆွေးနွေးခဲ့ပြီး၊ ခရီးစဉ်ဆိုင်ရာ မြန်မာ-အိန္ဒိယပူးတွဲကြေညာချက်တွင် ရခိုင်ပြည်နယ်၌ လူမှု-စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အိန္ဒိယဘက်မှ ဆက်လက်ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ချစ်ကြည်ရေး ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားနားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်(၁၀)ခုအား လက်မှတ်ရေးထိုးခဲ့ရာ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့်စပ်လျဉ်း၍ မြောက်ဦးမြို့နယ်ရှိဆေးရုံတွင် စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ပြန်လည်ထုတ်ယူနိုင်သောစက်ရုံ တည်ဆောက်ရေးနှင့် ဇွဲမြို့နယ်တွင် မျိုးစေ့သိုလှောင်ရုံများနှင့် ရေပေးဝေရေးစနစ် တည်ဆောက်ရေးဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်ငါးမြို့နယ်၌ နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ ဘူးသီးတောင်မြို့နယ်၌ ကျွဲရိုင်း-အိုးဖြူ ကျေးရွာသွားလမ်းခင်းခြင်းနှင့် ကျောင်းတောင်-ကျွန်းပေါက်ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းခြင်းဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ မူလတန်းကြိုကျောင်းများ ဆောက်လုပ်ရေးဆိုင်ရာ စီမံကိန်း သဘောတူညီချက်တို့ပါဝင်သည်။


တရုတ်နိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏(၁၇-၁-၂၀၂၀) ရက်နေ့မှ (၁၈-၁-၂၀၂၀) ရက်နေ့အထိချစ်ကြည်ရေးခရီးစဉ်

တရုတ်နိုင်ငံသမ္မတမစ္စတာရှီကျင့်ဖျင်သည်(၁၇-၁-၂၀၂၀) ရက်နေ့မှ(၁၈-၁-၂၀၂၀)ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ထုတ်ပြန်သည့် မြန်မာ-တရုတ်နှစ်နိုင်ငံ ပူးတွဲကြေညာချက်တွင် ရခိုင်ပြည်နယ်ရှိအသိုက်အဝန်းအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးတို့ကို မြှင့်တင်ရန်နှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များတွင်ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။


ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး Mr. Kent Harstedt အား တွေ့ဆုံခြင်း (၆-၂-၂၀၂၀)ရက်နေ့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး Mr. Kent Harstedtအား (၆-၂-၂၀၂၀)ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံစဉ်တွင် ရခိုင်ပြည်နယ်အရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။




## ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးမှု

| စဉ် | ကော်မတီ/အဖွဲ့ | လုပ်ငန်းဆောင်ရွက်မှု |
|---|---|---|
| ၁ | တူးဖော်ရေးလုပ်ငန်းအဖွဲ့ | မြောက်ဦးနန်းတော်ရာကုန်း တူးဖော်တွေ့ရှိမှုမှ ထွက်ရှိလာသော ကျောက်ကျိုးကျောက်ပဲ့များအား သယ်ယူရွှေ့ပြောင်းခြင်းနှင့် ကျန်ရှိနေသေးသော နန်းတော်ရာကုန်း၏ တူးဖော်မှုများကို ဆက်လက်ဆောင်ရွက်ခြင်း |
| ၂ | ရှေးဟောင်းပစ္စည်းများမှတ်တမ်းပြုစုရေး ဆပ်ကော်မတီ | ရှေးဟောင်းပစ္စည်းများအား မှတ်တမ်းတင်ခြင်း၊ စာစီစာရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း |
| ၃ | ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းပြုစုရေးဆပ်ကော်မတီ | Inventory ကောက်ယူထားသော ရှေးဟောင်း အဆောက်အအုံများအား ပုံထုတ်ရေးဆွဲခြင်း၊ နံပါတ်စာပါသော ကျောက်တိုင်များ စိုက်ထူခြင်း |
| ၄ | ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့အစည်း | လကွယ်တောင်၊ စေတီ၊ နန်းသားကန်အနီးပတ်ဝန်းကျင်ဒေသ၊ ရသေ့တောင်စေတီ၊ ကိုးနဝင်းစေတီ၊ နန်းတော်ရာကုန်းအပေါ်ထပ်၊ ကျောက်ရာဇ်ကေကျိုးစေတီနှင့် မင်းရန်အောင်ပိဋကတ်တိုက်၊ နန်းတောရာကုန်း အနောက်ဘက်ကျိုး၊ ကျိုးလှေကာနှင့်ကျိုးရေထွက်ပေါက် မြေညှိခြင်း၊ မြောက်ဘက်ကျိုး ရေထွက်ပေါက်မြေညှိခြင်း၊ နန်းတော်ရာကုန်းအရှေ့ဘက် တတိယတံတိုင်း၊ တောင်ဘက် ဒုတိယတံတိုင်း၊ မြောက်ဘက်တတိယတံတိုင်းတို့အား ထိန်းသိမ်းရေးဆောင်ရွက်နိုင်ရန် ရှင်းလင်းခြင်း |
| ၅ | ယဉ်ကျေးမှုအမွေအနှစ်ပညာပေးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆပ်ကော်မတီ | ဌာနဆိုင်ရာများနှင့်မြောက်ဦးဒေသရှိ CSO များအား အသိပညာပေးဟောပြောခြင်း |
| ၆ | ညှိနှိုင်းဆွေးနွေးပွဲများ | (၂)ကြိမ် |

## နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး

- တပ်ရင်းမှူးအဆင့်တွေ့ဆုံမှုအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း၌ (၂-၃-၂၀၂၀)ရက်နေ့နှင့် (၁၁-၃-၂၀၂၀) ရက်နေ့တို့တွင် (၂)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

### မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံကြားကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုအခြေအနေ







ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအထူးကိုယ်စားလှယ် Ms. Virginia Gamba နှင့် တွေ့ဆုံခြင်း (၁၄-၁-၂၀၂၀)ရက်နေ့

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba သည် (၁၄-၁-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့လာရောက်စဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးနှင့်လည်းကောင်းတွေ့ဆုံ၍ ရခိုင်အရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့်(၄၃)ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေး၏ အဆင့်မြင့်ကဏ္ဍသို့ တက်ရောက်မိန့်ခွန်းပြောကြားရာတွင် နိုင်ငံများအနေဖြင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့အား ကာကွယ်မြှင့်တင်ရန် တာဝန်ရှိသည့်နည်းတူ ပြည်တွင်း၌ ဆောင်ရွက်နိုင်သည့်နည်းလမ်းများမကုန်ဆုံးသည်အထိ အခြားအရေးယူဆောင်ရွက်ခြင်းတို့မပြုလုပ်သည့် မူဝါဒအားထောက်ခံအားပေးရမည်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်နိုင်ငံ ညကျန်း(Nha Trang)မြို့၌ (၁၆-၁-၂၀၂၀) ရက်နေ့မှ (၁၇-၁-၂၀၂၀) ရက်နေ့အထိ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့စဉ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် အစိုးရ၏ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုလည်းကောင်း၊

(၃၁-၁-၂၀၂၀) ရက်နေ့တွင် ဂျကာတာမြို့အခြေစိုက် အာဆီယံဆိုင်ရာအီးယူသံအမတ်ကြီး မစ္စတာ အီဂေါ်ဒရိုင်းစမန်းက လာရောက်တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေမည့် ပတ်ဝန်းကျင်ဖန်တီးရေးတွင် အာဆီယံမှ ကူညီပံ့ပိုးပေးသည့်လုပ်ငန်းများ၌ အီးယူမှပံ့ပိုးပေးနိုင်မည့်အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener သည် (၂၇-၁-၂၀၂၀) ရက်နေ့မှ (၁-၂-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်စဉ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံပြီး ရခိုင်အရေးနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆွေးနွေးခဲ့ပါသည်-

- ကုလသမဂ္ဂ၊ အာဆီယံတို့နှင့်ပူးပေါင်းဆောင်ရွက်နေမှုနောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေ
- နိုင်ငံသားလျှောက်ထားမှုလုပ်ငန်းစဉ်ပိုမိုလျင်မြန်သွက်လက်လာစေရေးဆောင်ရွက်မှုအခြေအနေ
- မြန်မာကိုယ်စားလှယ်အဖွဲ့ ကော့ခ်ဘဇားသို့သွားရောက်၍ နေရပ်စွန့်ခွာသူများနှင့်ထိတွေ့ရှင်းလင်းမှုအခြေအနေ
- နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေ
- ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှု



စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ




# အမျိုးသမီးလိဂ်ပြိုင်ပွဲကို နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပနိုင်ရန် စီစဉ်နေ

**ရန်ကုန် ဇွန် ၂၉**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် အမျိုးသမီးလိဂ်ပြိုင်ပွဲကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် အမျိုးသမီးလိဂ်ပြိုင်ပွဲကို နှစ်လယ်ပိုင်းမတိုင်မီ ကျင်းပရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကြောင့် ကြန့်ကြာခဲ့ခြင်းဖြစ်ပြီး နှစ်ကုန်ပိုင်းတွင် ကျင်းပနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၈-၂၀၁၉ ရာသီတွင် နောက်ဆုံးကျင်းပခဲ့ရာ ရာသီသစ်ကို ၂၀၁၉ နှစ်ကုန်ပိုင်းတွင် ကျင်းပရမည်ဖြစ်သော်လည်း မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ နိုင်ငံတကာ ပြိုင်ပွဲများကြောင့် နောက်ဆုတ်ခဲ့ရသလို ကိုဗစ်-၁၉ အခြေအနေကြောင့် လက်ရှိအချိန်အထိ မကျင်းပနိုင်သေးခြင်းဖြစ်သည်။ နောက်ဆုံးကျင်းပခဲ့သည့် အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းပေါင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး အသင်းအချို့မှာ နုတ်ထွက်ရန် စီစဉ်နေသောကြောင့် အသင်းများ ပြောင်းလဲဖွယ်ရှိနေပြီး အသင်းသစ်အချို့လည်း ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိသည်။ အသင်းသစ် နှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်နေပြီး မြန်မာနေရှင်နယ်လိဂ် ကော်မတီက ပြိုင်ပွဲကျင်းပရန် အတည်ပြုပြီးပါက အသင်းများ အတည်ပြုဖွယ်ရှိနေသည်။

ညီမြတ်သော်တာ

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သတင်းထုတ်ပြန်ကြေညာချက် ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၉**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ကြေညာချက်တစ်စောင်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် -

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဆန်ပြည်ပတင်ပို့ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် နိုင်ငံတော်ရိက္ခာ အရန်ဆန်ဝယ်ယူသိုလှောင် ဖြန့်ဖြူးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဇွန် ၂၆ ရက်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ ပြုလုပ်ခဲ့ကြောင်း။

အဆိုပါအစည်းအဝေးမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ ဆန်တင်ပို့ခြင်းနှင့် အရန်ဆန်ဝယ်ယူခြင်း ကိစ္စရပ်များအပေါ် ဖြေလျှော့စီစဉ်ပေးရန် ညှိနှိုင်းဆုံးဖြတ်ခဲ့မှုများမှာ -

- ပြည်ပဆန်တင်ပို့ခြင်းအား ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် တစ်လလျှင် ဆန်တန်ချိန် ၁ ဒသမ ၅ သိန်းစီနှင့် စက်တင်ဘာလတွင် ဆန်တန်ချိန် ၁ သိန်း၊ စုစုပေါင်းတန်ချိန် ၄ သိန်း ထပ်မံတင်ပို့ရန် လျာထားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်တင်ပို့ခြင်းအပေါ် တန်ချိန် ၂ ဒသမ ၄ သန်း လျာထားသတ်မှတ်လျက် ပြည့်မီစွာ တင်ပို့နိုင်ရေးကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ကြိုးပမ်းဆောင်ရွက်ပေးရန်၊
- ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လမှစတင်၍ ကုမ္ပဏီများ၏ ဆန်ပြည်ပတင်ပို့မှုအပေါ် ပမာဏ ကန့်သတ်ထားခြင်း စနစ်အား ပယ်ဖျက်လျက် Contract စာချုပ်များအရ လိုင်စင်လျှောက်ထားခြင်းကို ခွင့်ပြုသတ်မှတ်ပေးရန်၊
- နိုင်ငံတော်ရိက္ခာအရန်ဆန် ၁၀ ရာခိုင်နှုန်း ပေးသွင်းခြင်းအား ၁-၇-၂၀၂၀ ရက်နေ့မှစတင်၍ ပို့ကုန်ပမာဏ၏ ၅ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ရန်နှင့် ပို့ကုန်လိုင်စင်မလျှောက်ထားမီ ၂ ဒသမ ၅ ရာခိုင်နှုန်းပေးသွင်းပြီး၊ ပို့ကုန်လိုင်စင်ရပြီး ၁၅ ရက်အတွင်း ၂ ဒသမ ၅ ရာခိုင်နှုန်းပေးသွင်းသည့်စနစ်ကို ဆောင်ရွက်ပေးရန်၊
- ဆန်ပို့ကုန်လိုင်စင်၏ သက်တမ်းအား ယခင် ၄၅ ရက်အစား ရက်ပေါင်း ၆၀ အထိ တိုးမြှင့်သတ်မှတ်ပေးရန်

ဟူ၍ ဖော်ပြထားသည်။

သတင်းစဉ်

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၉**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

# MRTV မှ ဝန်ထမ်းများ ရုပ်သံဇာတ်လမ်းတွဲ ရေးသားခြင်းဆိုင်ရာသင်တန်း အွန်လိုင်းဖြင့် တက်ရောက်လေ့လာ

**နေပြည်တော် ဇွန် ၂၉**

အာရှ-ပစိဖိတ် ရုပ်သံလုပ်ငန်းများအဖွဲ့အစည်း Asia Pacific Broadcasting Union (ABU) က ယနေ့မွန်းလွဲပိုင်းတွင် ရုပ်သံဇာတ်လမ်းတွဲ ရေးသားခြင်းဆိုင်ရာ သင်တန်းကို အွန်လိုင်းဖြင့် ပြုလုပ်ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းရှစ်ဦး တက်ရောက်လေ့လာကြသည်။

အဆိုပါသင်တန်းတွင် ABU ရှိ ပါကစ္စတန်နိုင်ငံ၌ ရုပ်သံလုပ်ငန်း ၃၅ နှစ် အတွေ့အကြုံရှိသည့် ကျွမ်းကျင်သူ Ms. Moneeza Hashmi က အောင်မြင်ကောင်းမွန်သည့် ရုပ်သံဇာတ်လမ်း၊ ဇာတ်ကွက်များ ဖန်တီးရေးသားရန်အတွက် လိုအပ်သည့် အချက်အလက်များကို အွန်လိုင်းမှ ဆွေးနွေးပို့ချရာ ၎င်းသင်တန်းသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ နေပြည်တော်နှင့် ရန်ကုန်တို့မှ ဝန်ထမ်း ရှစ်ဦးတို့က အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံ ၇၀ ကျော်မှ စိတ်ပါဝင်စားသူ ၃၇ ဦးတွင် ပါဝင်ချိတ်ဆက်ပြီး တက်ရောက်လေ့လာခြင်းဖြစ်သည်။

ABU အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ် ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ အတွေ့အကြုံနှင့် နည်းပညာများကိုလည်း Online မှတစ်ဆင့် မျှဝေပေးလျက်ရှိရာ ယနေ့တွင် ရုပ်သံဇာတ်လမ်းတွဲများ ရိုက်ကူး ထုတ်လုပ်မှုများအတွက် ဇာတ်လမ်း၊ ဇာတ်ကွက်ရေးသားခြင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာနှင့် နည်းပညာဆိုင်ရာများကို ဆွေးနွေးပို့ချခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မတ္တရာမြို့နယ်တွင် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုကြောင့် ဧရာဝတီလင်းပိုင် သားပေါက်တစ်ကောင် သေဆုံး



**နေပြည်တော် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် စိန်ပန်းကုံးကျေးရွာအနီးတွင် ယမန်နေ့ နံနက်ပိုင်းက တစ်လသားအရွယ် ဧရာဝတီ လင်းပိုင် သားပေါက်တစ်ကောင် သေဆုံးလျက်တွေ့ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ အစီအစဉ်) မှ သိရသည်။

လင်းပိုင်တစ်ကောင် သေဆုံးကြောင်း ဦးထွန်းနွယ်စိုး (ဒေသခံ ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးအဖွဲ့ဝင်) ၏ သတင်းပေးပို့မှုအရ ငါးလုပ်ငန်းဦးစီးဌာန၊ ပတ်ဝန်းကျင်နှင့် မျိုးသုဉ်း ရှားပါးရေသတ္တဝါများ ထိန်းသိမ်းရေးဌာနစုမှ ဒုတိယဦးစီး မှူး ဦးဇော်မန်းနှင့်အဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့ခွဲမှ ရဲအုပ်ကျော်ဇောလင်းနှင့်အဖွဲ့၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ ဦးကျော်လှသိန်း၊ ဒေသခံဧရာဝတီ လင်းပိုင်ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်းစစ်ဆေးခဲ့ရာ ခန္ဓာကိုယ် အလျား သုံးပေ၊ ခုနစ် လက်မ၊ လုံးပတ် နှစ်ပေရှိ လင်းပိုင်အမတစ်ကောင်ဖြစ်ပြီး စစ်ဆေးတွေ့ရှိချက်များအရ သေဆုံးသော လင်းပိုင်သားပေါက်မှာ အသက်တစ်လသားခန့်သာ ရှိသေးကြောင်း သိရသည်။

အဆိုပါ ဧရာဝတီလင်းပိုင် တစ်ကောင် သေဆုံးရခြင်းမှာ ဒေသခံများ၏ တွေ့ရှိမှုအရ ဇွန် ၂၆ ရက် ညနေပိုင်းက ရှော့တိုက်ငါးဖမ်းဆီးသည့် လှေလေးစင်း အထက်ပိုင်းတွင် လုပ်ငန်းဆောင်ရွက်နေကြောင်း၊ ဇွန် ၂၇ ရက်ကလည်း ဥဒိန်ကျေးရွာအနီး ရှော့တိုက်ငါးဖမ်းဆီးသည့် လှေလေးစင်း ထပ်မံ တွေ့ရှိခဲ့ပြီး ဒေသခံကင်းလှည့်အဖွဲ့က လိုက်လံဖမ်းဆီးစဉ် ထွက်ပြေးသွားကြောင်းသိရှိကာ လင်းပိုင်အသေတွင် အပေါ်ယံဒဏ်ရာအနည်းငယ်ရှိသော်လည်း ပိုက်ငြိသော ပုံစံမရှိခြင်း၊ တစ်လသားခန့်သာ ရှိသေးသောကြောင့် ဘက်ထရီရှော့နှင့် ထိတွေ့စဉ် ရှောင်တိမ်းနိုင်မှုမရှိခြင်း၊ ခံနိုင်ရည် အားနည်းခြင်းတို့ကြောင့် သေဆုံးခဲ့သည်ဟု သုံးသပ်ထားကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) မှ သိရသည်။

အဆိုပါ သေဆုံးသွားသည့် လင်းပိုင်ကို အများပြည်သူများ လေ့လာနိုင်ရန် ဧရာဝတီ လင်းပိုင် (၀၀၁) မော်တော်ပေါ်ရှိ ပညာပေးပြခန်းတွင် ဆေးစိမ်၍ ပညာပေးပြသနိုင်ရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

သီဟစည်သူ

## ကျောက်တော်မြို့နယ်၊ ကန်စောက်ကျေးရွာအနီး AA အကြမ်းဖက်သောင်းကျန်းသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကန်စောက်ကျေးရွာအနီး AA အကြမ်းဖက်သောင်းကျန်းသူတစ်ဦးအား ဇွန် ၂၈ ရက်တွင် ဖမ်းဆီးရမိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ကျောက်တော်မြို့နယ်ရှိ နယ်မြေခံတပ်နှင့် ကန်စောက်ရဲကင်းစခန်းတို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကန်စောက်ကျေးရွာအနီး လုံခြုံရေးဆောင်ရွက်နေစဉ် ဇွန် ၂၈ ရက် နံနက် ၉ နာရီခွဲတွင် ကျောက်တော်မှ စစ်တွေသို့ မောင်းနှင်လာသော မသင်္ကာဖွယ်ရာ ယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးခဲ့ရာ လိုင်စင်မဲ့ယာဉ် ဖြစ်နေသောကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအား ဆက်လက်စစ်ဆေးရာ ဦးဘိုကျော်သန်း ကိုင်ဆောင်သည့် VIVO အနက်ရောင် ဖုန်းအတွင်းမှ ဖောက်ခွဲရေးမိုင်း ပြုလုပ်ထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ၎င်းကိုယ်တိုင် ဖောက်ခွဲရေးရိမှု ကိုင်ဆောင်ထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အပေါက်ဝ ကျေးရွာအနီး ထောင်ထားသည့်မိုင်းနှင့် မိုင်းထောင်ထားသည့်နေရာပြ GPS မြေပုံညွှန်း Screenshot မှတ်တမ်းဓာတ်ပုံများ၊ အသက် ၃၅ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးအား လက်ထိပ်ခတ်ဖမ်းဆီးထားသည့် မှတ်တမ်းဓာတ်ပုံများအား စစ်ဆေးတွေ့ရှိရကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**

## ဂူတာပြင်ဖြစ်စဉ်အပေါ် စစ်ဆေးဆောင်ရွက်သည့် စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်များ အတည်ပြု

**နေပြည်တော် ဇွန် ၂၉**

ဂူတာပြင်ကျေးရွာဖြစ်စဉ်နှင့် စပ်လျဉ်းသည့် စစ်တရားရုံး (Court–Martial)သည် သက်သေစုံလင်စွာဖြင့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် စစ်ဆေးမှုများ ပြီးစီးခဲ့ကြောင်း၊ စစ်တရားရုံး (Court–Martial) ၏ စစ်ဆေးစီရင်မှုများအား သက်ဆိုင်ရာ အတည်ပြုအာဏာပိုင်၏ ပြစ်ဒဏ်အတည်ပြုချက် ရရှိပါက ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း မောင်နုကျေးရွာနှင့် ချွတ်ပြင်ကျေးရွာဖြစ်စဉ်များကို စုံစမ်းစစ်ဆေးရေးခုံရုံး(Court of Inquiry)ဖြင့် စစ်ဆေးဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ မေလ ၈ ရက်နေ့တွင် သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။

ယခုအခါ ဂူတာပြင်ကျေးရွာဖြစ်စဉ်နှင့် စပ်လျဉ်းသည့် စစ်တရားရုံး (Court–Martial) က အရာရှိကြီးတစ်ဦး၊ အရာရှိတစ်ဦးနှင့် အခြားအဆင့် စစ်သည်တစ်ဦးတို့အပေါ် သက်ဆိုင်ရာစွဲချက်အရ အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်တို့ကို သက်ဆိုင်ရာ အတည်ပြုအာဏာပိုင်က အတည်ပြုပြီးဖြစ်ကြောင်း၊ မောင်နုကျေးရွာနှင့် ချွတ်ပြင်ကျေးရွာ ဖြစ်စဉ်များကို စုံစမ်းစစ်ဆေးရေးခုံရုံး (Court of Inquiry) ဖြင့် စစ်ဆေးဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့**

## ၂၂ ဘီးယာဉ်ကို ဆီဘောက်ဆာယာဉ်က အရှိန်ဖြင့်ဝင်တိုက်မိပြီး ယာဉ်နှစ်စီးလုံးမီးလောင်ကာ ယာဉ်မောင်းနှစ်ဦး သေဆုံး

**ရေတာရှည် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့တောင်ပိုင်း ရန်ကုန်–မန္တလေးကားလမ်းအကွေ့တွင် ဇွန် ၂၉ ရက် နံနက် ၅ နာရီခန့်က ၂၂ ဘီးယာဉ်ကို ဆီဘောက်ဆာယာဉ်မှ အရှိန်လွန်ဝင်တိုက်မိခဲ့ပြီး မီးလောင်ခဲ့ရာ ယာဉ်နှစ်စီး၊ ဈေးဆိုင်ခန်းနှစ်ခန်း၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်နှင့် ယာဉ်မောင်းနှင်သူ နှစ်ဦး မီးလောင်သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်သည့်နေရာသို့ ရေနီနယ်မြေရဲစခန်းမှူး ရဲအုပ် နေလင်းထွန်းဦးစီးအဖွဲ့နှင့် တောင်ငူခရိုင်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။ ဖြစ်စဉ်ကိုစစ်ဆေးခဲ့ရာ ရန်ကုန်–မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ သိန်းထွန်းဝင်း (အသက်၊ နေရပ်စုံစမ်းဆဲ) မောင်းနှင်လာသော ဆီဘောက်ဆာယာဉ်သည် မိုင်တိုင် ၂၀၁/၁ နှင့် ၂ အကြား တံတားအကွေ့ အခင်းဖြစ်နေရာအရောက် မျက်နှာချင်းဆိုင်ဘက်မှ (အမည်၊ နေရပ်စုံစမ်းဆဲ) မောင်းနှင်လာသော ၂၂ ဘီးယာဉ်၏ ဝဲဘက်ခြမ်းကိုဝင်တိုက်မိခဲ့ပြီး ယာဉ်နှစ်စီးနှင့် ယာဉ်မောင်းနှင်သူများပါ မီးလောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်နေသည့်အချိန် ဆီဘောက်ဆာယာဉ်မှ ဆီလှောင်ကန်ပေါက်ကွဲကာ ဒီဇယ်ဆီများလွင့်စဉ်မှုကြောင့် ကားလမ်းအနောက်ဘက်ရှိ ဈေးဆိုင်နှစ်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင် မီးကူးစက်လောင်ခဲ့သည်။

ရေနီမြို့တောင်ဘက် အဝင် ရန်ကုန်–မန္တလေးကားလမ်းအကွေ့သည် မကြာခဏဆိုသလို ယာဉ်မတော်တဆမှုများဖြစ်ပွားလျက်ရှိရာ အရှိန်ထိန်းခုံများ တည်ဆောက်ပေးရန် အမြန်ဆုံးဆောင်ရွက်သင့်ကြောင်း ရေနီမြို့ခံတစ်ဦးက သုံးသပ်ပြောကြားသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေနီနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းလွင်(ဆွာ)**



## ဒလတံတားတည်ဆောက်ရေး ပင်မတံတားရေလယ်တိုင် ဘိုးပိုင်လုပ်ငန်းတွင် တရုတ်နိုင်ငံသားတစ်ဦး မြစ်တွင်းပြုတ်ကျ

**ရန်ကုန် ဇွန် ၂၉**

မြန်မာ–ကိုရီးယားချစ်ကြည်ရေး ဒလတံတားတည်ဆောက်ရေးလုပ်ငန်းခွင်ဖြစ်သည့် ဒလဘက်ခြမ်းရှိ ပင်မတံတားရေလယ်တိုင်အတွက် ဘိုးပိုင်လုပ်ငန်းဆောင်ရွက်နေစဉ် ဇွန် ၂၈ ရက် ည ၉ နာရီက ညဆိုင်း ရေလယ်တိုင် ပင်မတံတားတည်ဆောက်ရေးအဖွဲ့ခေါင်းဆောင် တရုတ်နိုင်ငံသားတစ်ဦး မြစ်တွင်းခြေချော်ပြုတ်ကျမှုဖြစ်ပွားခဲ့သည်။



CCECC တရုတ်ကုမ္ပဏီမှ အလုပ်သမားခေါင်းဆောင် တရုတ်နိုင်ငံသား Zhan. Jiangnan အပါအဝင် တရုတ်နိုင်ငံသား ၁၀ ဦး၊ မြန်မာအလုပ်သမားသုံးဦး စုစုပေါင်း ၁၃ ဦးတို့သည် ပင်မတံတား ရေလယ်တိုင် PY–1 ပိုင်တိုင်ကို ပိုင်ရိုက်ခြင်းဆောင်ရွက်နေစဉ် အလုပ်သမားခေါင်းဆောင်ဖြစ်သူမှာ ခြေချော်၍ မြစ်ထဲသို့ပြုတ်ကျခဲ့ရာ အနီးရှိ မြန်မာအလုပ်သမား ကျော်ကျော် က တွေ့ရှိ၍ လုံခြုံရေးတာဝန်ခံ ဒေါ်သီရိဂျွန်ထံ အကြောင်းကြားခဲ့သဖြင့် တံတားတည်ဆောက်ရေးအဖွဲ့က လှေဖြင့် လိုက်လံရှာဖွေခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်ပွားရာနေရာသို့ ဒလမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အုန်းလွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရေကြောင်းရဲတပ်ဖွဲ့စု (ရန်ကုန်)မှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ငြိမ်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကမာကဆစ် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းဟန်တို့က သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ ရေကြောင်းရဲတပ်ဖွဲ့စု (ရန်ကုန်) နှင့် တံတားတည်ဆောက်ရေးအဖွဲ့မှ ယမန်နေ့ ညပိုင်းမှစတင်ပြီး ရန်ကုန်မြစ်အတွင်း ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ ညပိုင်းအထိ မတွေ့ရှိသေးကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## မြစ်ကြီးနားမြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၂၈ ရက် ညပိုင်းက မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက်ရှိ စားသောက်ဆိုင်တွင်ထိုင်နေသည့် မအေးငွေ၊ မတင်နှင်းယု(ခ) မိထက်နှင့် ဒွေးဝင်းတို့ကို သတင်းအရဝင်ရောက်ရှာဖွေရာ ၎င်းတို့ သုံးဦးထံမှ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀ နှင့် ငွေကျပ် ၁၃၅၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် မအေးငွေ၊ မတင်နှင်းယု(ခ)မိထက်၊ ဒွေးဝင်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဘိုကလေးမြို့နယ်၌ မြစ်ဆိပ်တွင်ရေချိုးနေသည့် ကလေးတစ်ဦး မိကျောင်းဆွဲခံရ

**ဘိုကလေး ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဂရမ်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် ယနေ့နံနက်ပိုင်းက မြစ်ဆိပ်တွင် ရေချိုးနေသည့် ကလေးတစ်ဦး မိကျောင်းဆွဲခံရမှု ဖြစ်ခဲ့သည်။

ဖြစ်စဉ်မှာ မိကျောင်းဆွဲခံရသည့် မယမင်းသူ (၉ နှစ်) မှာ ၎င်း၏အိမ်ရှေ့ သင်္ကန်းမြစ်ကမ်းဘေးရှိ တံတား၌ အဘွားဖြစ်သူ ဒေါ်သန်းဝင်းနှင့်အတူ ရေချိုးနေစဉ် မိကျောင်းဆွဲခံရကြောင်း၊ အဘွားက အော်ဟစ်အကူအညီတောင်းခံမှုကြောင့် ဖခင်နှင့် ဆွေမျိုးများက ဝိုင်းဝန်းဆွဲတင်ခဲ့ရာ မိကျောင်းမှာ လန့်၍ ထွက်ပြေးသွားကြောင်း၊ မိကျောင်းဆွဲခံရမှုကြောင့် မယမင်းသူတွင် ဘယ်ဘက်လက်ဖျံရိုးကျိုးသွားသဖြင့် ဘိုကလေးမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဘိုကလေးမြို့နယ် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ ကဒုံကနိကြိုးဝိုင်း၊ ပျဉ်ဒရယ်ကြိုးဝိုင်းတို့နှင့် ဆက်စပ်ရာ သဘာဝဒီရေတောများသည် ရေချိုရေငန်စပ် မိကျောင်းများ မျိုးပွားခိုလှုံရာ ဒေသဖြစ်သည့်အတွက် အဆိုပါဒေသများအတွင်းရှိ မိကျောင်းများသည် ဧပြီလမှ ဇွန်လအထိ မိတ်လိုက်ပြီး ဇွန်လမှ ဩဂုတ်လအတွင်း အသိုက်ပြုလုပ်လေ့ရှိရာ ယခုအချိန်သည် မိကျောင်းများ၏ သဘာဝအမူအကျင့်အရသော်လည်းကောင်း၊ မိခင်စိတ်ကြောင့်သော်လည်းကောင်း၊ အစာအာဟာရကြောင့် သော်လည်းကောင်း လူနှင့်အိမ်မွေး တိရစ္ဆာန်များအတွက် မိကျောင်းအန္တရာယ်ရှိနေကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

● *ကျောဖုံးမှ*

နေသည်ဆိုသော်ငြား နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲကိုကြည့်လျှင် ဂရန်နာဒါကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ဆဲလ်တာဗီဂို၊ အက်စ်ပန်ညို၊ အီဘာ၊ ဗယ်လာဒိုလစ်အသင်းတို့ကို သရေသာကစားနိုင်သည့်အတွက် ခြေစွမ်းကျဆင်းလာသည်ဟု ဆိုရပေမည်။

ရီးရဲမက်ဒရစ်အသင်းမှာ အသင်းကြီးပီပီ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် ငါးပွဲစလုံးကို အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ ရီးရဲမက်ဒရစ်အသင်းနှင့် ဂီတာဖေးအသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံခဲ့သည်မှာ လာလီဂါပွဲစဉ် (၁၉) တွင်ဖြစ်ပြီး ရီးရဲမက်ဒရစ်အသင်းက သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ရီးရဲမက်ဒရစ်အသင်း၏ မဟာပြိုင်ဘက် ဘာစီလိုနာအသင်းက လာလီဂါပွဲစဉ် (၃၃) အဖြစ် ဇွန် ၃၀ ရက် **(ယနေ့)** နံနက် ၂ နာရီခွဲတွင် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ယခုပွဲကို ရှုံးနိမ့်ခဲ့ပါက ရီးရဲမက်ဒရစ်အသင်းအတွက် အခွင့်အရေးကောင်းတစ်ခု ပိုင်ဆိုင်သွားမည်ဖြစ်ပြီး အနိုင်ရရှိမည်ဆိုပါက ရီးရဲမက်ဒရစ်အသင်းအတွက် ဖလားရရှိရေးမှာ အခက်တွေ့သွားစေနိုင်သည်။ ဒီနှစ်သင်း၏ နောက်ဆုံးငါးပွဲကိုကြည့်လျှင် အက်သလက်တီကို မက်ဒရစ်အသင်းက တစ်ပွဲသာ သရေကျထားပြီး ကျန်လေးပွဲစလုံး အနိုင်ရရှိထားသည်။ ဘာစီလိုနာအသင်းက နှစ်ပွဲသရေကျထားပြီး သုံးပွဲအနိုင်ရရှိထားသည်။ အမှတ်ပေးဇယားအဆင့် ရပ်တည်မှုတွင် အဆင့် (၂) နှင့် (၃) ဖြစ်သောကြောင့် အကြိတ်အနယ်ရှိမည်မှာ အသေအချာပင် ဖြစ်သည်။ ဘာစီလိုနာအသင်းအတွက် ရှုံး၍မရသလို အက်သလက်တီကို မက်ဒရစ်အသင်းကလည်း လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့် သေချာစေရန်အတွက် နိုင်ပွဲရရှိရန် လိုအပ်နေသည်။ ဒီနှစ်သင်းနောက်ဆုံးထိပ်တိုက် တွေ့ဆုံမှုအဖြစ် ဇန်နဝါရီ ၁၀ ရက်က စူပါဖလားပြိုင်ပွဲတွင် တွေ့ဆုံခဲ့ရာ အက်သလက်တီကို မက်ဒရစ်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် ဘာစီလိုနာအသင်းကို အနိုင်ရရှိခဲ့သည်။ အက်သလက်တီကို မက်ဒရစ်အသင်းသည် ဘာစီလိုနာအသင်းကို အန်တုယှဉ်ပြိုင်ကစားနိုင်သည့် အသင်းများထဲမှ တစ်သင်းဖြစ်သည့်အတွက် ဘာစီလိုနာအခက်က ရီးရဲမက်ဒရစ် အချက်ဖြစ်သွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# ထိုင်းနိုင်ငံတွင် ညပိုင်းပွဲလမ်းသဘင်များ ပိတ်ဆို့ထားမှုကို ဖြေလျှော့ပေးတော့မည်

ဘန်ကောက် ဇွန် ၂၉

**ယခုသီတင်းပတ်အတွင်း ထိုင်းနိုင်ငံရှိ ညပိုင်းပွဲလမ်းသဘင်များ ကန့်သတ်ချက်များဖြင့် ပြန်စတင်နိုင်တော့မည်ဟု ထိုင်းအာဏာပိုင်များက ဇွန် ၂၉ ရက်တွင် ကြေညာခဲ့သည်။ ပုံမှန်လူနေမှုဘဝကို ပြန်လည်ရောက်ရှိစေရေး ကြိုးပမ်းမှု တစ်ရပ်အဖြစ် လုပ်ဆောင်ခြင်းဖြစ်ပြီး နိုင်ငံရပ်ခြားမှ ဆေးကုသမှုခံယူရန်လာကြသူများနှင့် စီးပွားရေးသမားများကို ပြန်လည်လက်ခံပေးနိုင်ရေး ပြင်ဆင်လျက်ရှိသည်။**

ထိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၅၈ ဦး ရှိပြီး ကူးစက်ခံရသူ ၃၁၆၉ ဦးရှိသည်။ ထိုင်းနိုင်ငံတွင် ဇန်နဝါရီလမှစတင်ကာ ကိုဗစ် – ၁၉ ကူးစက်ခံရမှုကို တွေ့ရှိခဲ့ရပြီး နယ်စပ်များပိတ်ထားရခြင်းကြောင့် တိုင်းပြည်၏ အဓိကမှီခိုအားထားရာဖြစ်သည့် ခရီးသွားလုပ်ငန်းတွင် ထိခိုက်မှု ရှိလာခဲ့သည်။

ညပိုင်းပွဲလမ်းသဘင်များဖြစ်သည့် အရက်ဘားများ၊ အနှိပ်ခန်းများနှင့် ကာရာအိုကေဆိုင်များလည်း ပိတ်ထားခဲ့ရသည်။ အဆိုပါစီးပွားရေးလုပ်ငန်းများကို ကူးစက်မှု အန္တရာယ်မြင့်နိုင်သည့်လုပ်ငန်းများဟု ထိုင်းဝန်ကြီးချုပ်က ခေါ်ဝေါ်ခဲ့သည်။ ဇူလိုင် ၁ ရက်မှစတင်ကာ ညပိုင်းပွဲလမ်းသဘင်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးတော့မည်ဟု ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင်ကိုဗစ် – ၁၉ ကို ပြည်တွင်း၌ ကူးစက်မှု မရှိတော့သည်မှာ တစ်လကျော်ရှိခဲ့ပြီဖြစ်သည်။ ယခုအချိန်တွင် မိသားစုများအတွက် ပုံမှန်ဝင်ငွေမရှိသူများကို ဂရုစိုက်ရမည့်အချိန်ဖြစ်ပြီး ဒုတိယအချက်မှာ ထိုင်းနိုင်ငံ၏ ကျန်းမာရေးစနစ်သည် လက်ရှိအခြေအနေကို ကိုင်တွယ်စွမ်းရှိသည်ဟု ယုံကြည်ကြောင်း ထိုင်းဝန်ကြီးချုပ်က ပြောကြားသည်။ ဇူလိုင် ၁ ရက်မှစတင်ကာ အရက်ဘားများ၊ နိုက်ကလပ်များ၊ ကာရာအိုကေခန်းများကို ပြန်ဖွင့်ခွင့်ရမည်ဖြစ်သည်။ သို့သော် အဆိုပါဆိုင်များကို သန်းခေါင်ယံအချိန်တွင် ပိတ်ရမည်ဖြစ်ကာ လူအချင်းချင်း ခပ်ခွာခွာနေသည့်စနစ်ကို ကျင့်သုံးရမည်ဟု ကိုဗစ် – ၁၉ အခြေအနေဆိုင်ရာ စီမံခန့်ခွဲမှုစင်တာမှ ပြောရေးဆိုခွင့်ရှိသူ တဝီစင်း ဗီဆာနုယိုသင်က ပြောသည်။

အနှိပ်ခန်းများနှင့် လက်ဖက်ရည်ဆိုင်များသည် အစိုးရ၏ ခြေရာခံ အက်ပလီကေးရှင်းတွင် လာရောက်သည့် စားသုံးသူများကို မှတ်ပုံတင်ရမည်ဖြစ် သည်။ ဝန်ထမ်းများသည်လည်း မကြာခဏဆိုသလို ကိုဗစ် -၁၉ ဆေးစစ်ခြင်း ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် ထိုင်းနိုင်ငံသို့ ဝင်ရောက်မည့် နိုင်ငံခြားသားများအတွက် ပြည်ဝင်ခွင့် ကန့်သတ်ချက်များကိုလည်း ဖြေလျှော့ပေးသွားမည်ဟု သိရသည်။

**အေအက်ဖ်ပီ**



ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ညဘက်သွားလာလှုပ်ရှားမှုများကို တွေ့ရစဉ်။

# အမေရိကန်တွင် ကူးစက်မှုနှုန်းမြင့်တက်လာသည့်အတွက် ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ကြရန် ဒုတိယသမ္မတ တိုက်တွန်း

**ဝါရှင်တန် ဇွန် ၂၉**

အမေရိကန်တွင် ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှု အရှိန်လျှော့ချနိုင်ရေးအတွက် အမေရိကန်ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ကြရန် ဒုတိယ သမ္မတ မိုက်ပန့်စ်က တိုက်တွန်းခဲ့သည်။

ကူးစက်မှုမြင့်သည့် ဒေသများတွင် နှာခေါင်းစည်း တပ်ဆင်ခြင်းနှင့် လူအချင်းချင်း ခပ်ခွာခွာနေခြင်းတို့သည် လုပ်ဆောင်သင့်သည့်အရာများ ဖြစ်ကြောင်း ဇွန် ၂၈ ရက်က တက္ကဆက်ပြည်နယ်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ မိုက်ပန့်စ်ကပြောကြားသည်။ မိုက်ပန့်စ် ကိုယ်တိုင်လည်း လေယာဉ်ပေါ်မှဆင်းလာစဉ် ပါးစပ်နှာခေါင်းစည်း တပ်ဆင်လာသည်ကို တွေ့ရသည်။



နှာခေါင်းစည်းတပ်ဆင်နေသည့် အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်ကို တွေ့ရစဉ်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်သည် လူထုနှင့်တွေ့ဆုံသည့် အခါမျိုး၌ နှာခေါင်းစည်း တပ်ဆင်သည့်အကြိမ်မှာ ရှားပါးသည်။ တောင်ပိုင်းနှင့် အနောက်ပိုင်းပြည်နယ်များတွင် နှာခေါင်းစည်း တပ်ဆင်ခြင်းနှင့် ပတ်သက်ပြီး အငြင်းအခုံ ပြုမှုများ မြင့်တက်နေသည်။ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ကိုဗစ် – ၁၉ ကူးစက်မှုအမြင့်ဆုံးနိုင်ငံဖြစ်သည်။ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ စာရင်းဇယားများအရ ကမ္ဘာပေါ်တွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၀ သန်း ကျော်လာပြီး သေဆုံးသူဦးရေမှာ ၅၀၀၀၀၀ အထိ ရှိလာကြောင်း သိရသည်။

နယူးယောက်ပြည်နယ်တွင် ဧပြီလမှစတင်ကာ ပါးစပ်နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ကြရန် အမိန့်ထုတ်ထားခဲ့ပြီး လူအချင်းချင်းခပ်ခွာခွာနေထိုင်မှုပုံစံအတိုင်း လိုက်နာရန်မှုအခက် ကြုံတွေ့ခဲ့သည်။ တက္ကဆက်၊ ဖလော်ရီဒါ၊ အရီဇိုးနားပြည်နယ်အုပ်ချုပ်ရေးမှူးများကမူ လူတစ်ဦးတစ်ယောက်ချင်းစီ တိုင်းကို နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ကြရန် အတင်းအကျပ် မပြုလုပ်လိုကြကြောင်း ဖော်ပြခဲ့ကြသည်။

နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရန် အမိန့်ထုတ်ခြင်းမှာ ကိုယ်ရေးကိုယ်တာ အခွင့်အရေးကို ချိုးဖောက်သည်ဟု အချို့သောအမေရိကန်များက ရှုမြင်ကြသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်ကားကုမ္ပဏီများ၏ ထုတ်လုပ်မှု ၆၁ ရာခိုင်နှုန်းအထိ ကျဆင်း

**တိုကျို ဇွန် ၂၉**

ကိုဗစ် -၁၉ကြောင့် တစ်ကမ္ဘာလုံးတွင် ကားဝယ်လိုအားများ ကျဆင်းလျက်ရှိပြီး မေလအတွင်း ဂျပန်နိုင်ငံရှိ ကားထုတ်လုပ်ရေး လုပ်ငန်းတွင် ၆၁ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်းသိရသည်။ နစ်ဆန်းနှင့် တိုယိုတာကုမ္ပဏီများ အပါအဝင် ကုမ္ပဏီ ရှစ်ခုမှာ မော်တော်ကား စုစုပေါင်း ၉၁၆၇၀၀ အထိ ထုတ်လုပ်ခဲ့သည်။ ကားအစီးပေါင်း ၂၈၇၅၀၀ မှာ ဂျပန်နိုင်ငံတွင် ထုတ်လုပ်ခြင်းဖြစ်ပြီး ကားအစီးရေ ၅၅၀၀၀ မှာ အမေရိကန်ပြည်ထောင်စုမှ ထုတ်လုပ်ခြင်းဖြစ်သည်။

ဧပြီလအတွင်းထုတ်လုပ်မှုမှာ မရှိသလောက်ပင်ဖြစ်ခဲ့ရသည်။ နစ်ဆန်းကုမ္ပဏီ၏ ထုတ်လုပ်မှုမှာ ၆၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တိုယိုတာ၏ထုတ်လုပ်မှုမှာ ၅၄ ရာခိုင်နှုန်းအထိကျဆင်းခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# နယူးဇီလန်နိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ နှစ်ဦးထပ်မံတွေ့ရှိ

**ဝယ်လင်တန် ဇွန် ၂၉**

နယူးဇီလန်နိုင်ငံတွင် သီးခြားခွဲထားသည့်စင်တာ၌ ဇွန် ၂၉ ရက်တွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ နှစ်ဦးကို ထပ်မံတွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

၎င်းတို့နှစ်ဦးမှာ မကြာသေးမီကမှ နိုင်ငံရပ်ခြားမှ ပြန်လာသူများဖြစ်ပြီး အော့ကလန်တွင် သီးခြားခွဲထားကြောင်း ဝန်ကြီးဌာနက ပြောသည်။ ကမ္ဘာအနှံ့တွင် ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုမှာ မြင့်တက်လျက်ရှိပြီး နယ်စပ်ဖြတ်ကျော်လာသူများတွင် ရောဂါတွေ့နိုင်သည်ဟု မျှော်လင့်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် အက်ရှလေ ဘလွန်းဖီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ နယူးဇီလန်၏ တင်းကျပ်သည့် နယ်စပ်ထိန်းချုပ်ရေးစည်းကမ်းများအရ နိုင်ငံရပ်ခြားမှပြန်လာသူများသည် သီးခြားခွဲထားရေးစင်တာများတွင် ၁၄ ရက် နေထိုင်ရသည်။ နယူးဇီလန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၁၁၇၈ ဦးရှိသည်။

**ဆင်ဟွာ**

# ပါကစ္စတန် စတော့အိတ်ချိန်းတွင် တိုက်ခိုက်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံး

**ကရာချိ ဇွန် ၂၉**

ဘလိုချီစတန် ခွဲထွက်ရေးသမားများသည် ကရာချိမြို့ရှိပါကစ္စတန် စတော့အိတ်ချိန်းတွင် လက်ပစ်ဗုံးဖြင့် ပစ်ခတ်မှုအပါအဝင် တိုက်ခိုက်မှုများပြုလုပ်ခဲ့သဖြင့် ရဲတစ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ခြောက်ဦးသေဆုံးခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

**ဝန်ခံပြောကြား**

လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦး၊ ရဲတပ်ဖွဲ့ဝင်တစ်ဦး၊ ရပ်ကြည့်နေသူတစ်ဦးတို့သေဆုံးခဲ့ပြီး အကြမ်းဖက်သမား လေးဦးလည်း သေဆုံးခဲ့ကြောင်း ရဲချုပ် ဂူလန် နာဘီ မီမွန်က ပြောသည်။

ဘလိုချီစတန် လွတ်မြောက်ရေးတပ်(ဘီအယ်လ်အေ)သည် အဆိုပါတိုက်ခိုက်မှုမှာ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း၊ ၎င်းတို့အဖွဲ့ရှိ ထူးချွန်သည့် တိုက်ခိုက်ရေးသမားများက တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဝန်ခံပြောကြားခဲ့သည်။


ခွဲထွက်ရေးသမားများသည် တိုင်းပြည်အနှံ့ တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး တိုက်ခိုက်ခံရသည့် ဒေသတွင် တောင်ပိုင်း ဆိပ်ကမ်းမြို့လည်း ပါဝင်သည်။ ဘီအယ်လ်အေသည် ဘလိုချီစတန်ပြည်နယ်ရှိ သူပုန်အဖွဲ့များထဲမှတစ်ခုဖြစ်ပြီး ယင်းပြည်နယ်သည် ခွဲထွက်ရေးသမားများ၊ အစွန်းရောက်သမားများ၏ မကြာခဏ တိုက်ခိုက်မှုဖြစ်ပွားရာ နေရာလည်းဖြစ်သည်။

**အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်**

လွန်ခဲ့သည့်နှစ် မေလအတွင်းကလည်း အာဖဂန်နယ်စပ် ဂါဝါဒါရှိ ဇိမ်ခံ ဟိုတယ်တစ်ခုကို ဘီအယ်လ်အေအဖွဲ့က တိုက်ခိုက်ခဲ့သည်။

ပြီးခဲ့သည့်နှစ်ကလည်း ဘီအယ်လ်အေအဖွဲ့ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့သည်။

**အေအက်ဖ်ပီ**



တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့်နေရာကို တွေ့ရစဉ်။

# ရုရှားနိုင်ငံ၌ မြေကေဟက်တာပေါင်း ၁၆၅၀၀၀ ကျော် တောမီးလောင်မှုဖြစ်ပွား

**မော်စကို ဇွန် ၂၉**
ရုရှားနိုင်ငံတစ်ဝန်းရှိ မြေကေ ဟက်တာပေါင်း ၁၆၅၈၃၁ ခုတို့တွင် တောမီးလောင်မှု ၂၄၆ ကြိမ်အထိ ဖြစ်ပွားလျက်ရှိရာ မီးငြိမ်းသတ်ရေး လုပ်ငန်းများကို ကြိုးစားဆောင်ရွက်နေကြကြောင်း သိရသည်။

ရုရှားနိုင်ငံအရှေ့ဖျားရှိ ဧရိယာများတွင် တောမီးလောင်မှု အဆိုးဆုံးထိခိုက်ခံစားရကြောင်း တရားဝင်ထုတ်ပြန် ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။ ချူကိုကာ ကျွန်းဆွယ်ပေါ်၌ မြေကေပေါင်း ၄၁၂၈၄ ဟက်တာအထိ တောမီးများလောင်ခဲ့ပြီး ကမ်ချက်ကာ ကျွန်းဆွယ်ပေါ်တွင် ၄၀၂၆၂ ဟက်တာ၊ မက်ဂါဒန်ဒေသတွင် ၃၆၁၄၀ ဟက်တာအထိ တောမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရုရှားဖက်ဒရယ် သစ်တောကာကွယ်ရေးဝန်ဆောင်မှုအဖွဲ့က ထုတ်ပြန်ခဲ့သည်။

ဆာဘီးယားနှင့်အခြားဒေသများတွင်လည်း တောမီးများလောင်ခဲ့သည်။ တောမီးလောင်မှုကို ငြိမ်းသတ်ရန် မီးသတ်တပ်ဖွဲ့ဝင် ၃၃၄၀ ပါဝင်ဆောင်ရွက်လျက်ရှိပြီး လေယာဉ် ၄၅ စင်းနှင့် ပစ္စည်းကိရိယာ ၅၁၂ ခုတို့ကို အသုံးပြုလျက်ရှိကြောင်း ရုရှားဖက်ဒရယ် သစ်တောကာကွယ်ရေးဝန်ဆောင်မှုအဖွဲ့က ပြောသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အကြာက ရုရှားနိုင်ငံရှိ မြေကေပေါင်း ၂၀၀၀၀ ကျော်ရှိရာနေရာတွင် တောမီးလောင်မှု အကြိမ် ၅၃၀ ကျော်အထိ မီးငြိမ်းသတ်ခဲ့ရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**အေအက်ဖ်ပီ**



ရုရှားနိုင်ငံတွင်ဖြစ်ပွားသည့် တောမီးလောင်မှုတစ်ခုကို တွေ့ရစဉ်။

# အာဖဂန်တောင်ပိုင်းပြည်နယ်ရှိ ဈေးတစ်ခုတွင် လက်နက်ကြီးတိုက်ခိုက်မှုကြောင့် အရပ်သား ၂၅ ဦးသေဆုံး

**လက်ရှကာဂါ ဇွန် ၂၉**
အာဖဂန်တောင်ပိုင်း ဟယ်လ်မန် ပြည်နယ်ရှိ ဒေသဈေးတစ်ခု၌ ဇွန် ၂၉ ရက်က လက်နက်ကြီးကျရောက် ထိမှန်ခဲ့မှုကြောင့် အရပ်သားပြည်သူ ၂၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသ သတင်းရင်းမြစ်များက ဖော်ပြသည်။

လက်နက်ကြီးတိုက်ခိုက်မှုသည် အာဖဂန်ရှိ ဆန်ဂင်ခရိုင်ဈေးတစ်ခု၌ ဒေသစံတော်ချိန် ၉ နာရီ မိနစ် ၃၀ တွင် ဖြစ်ပွားခဲ့သည်။ တိုက်ခိုက်မှုကို မည်သူက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရရေးအတွက် ဒေသ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ထို့နောက် သေဆုံးသူအရေအတွက် မြင့်တက်လာဖွယ် ရှိသေးကြောင်း အဆိုပါ သတင်းရင်းမြစ်က ဖော်ပြသည်။



အာဖဂန်ရှိ လက်နက်ကြီးကျရောက်ခဲ့ရာနေရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ကနဦး သတင်းဖော်ပြမှုတွင် သေဆုံးသူ ၁၀ဦးရှိပြီး ထိခိုက်ဒဏ်ရာရရှိသူများကို လက်ရှကာဂါပြည်နယ် ပင်မခွဲစိတ်ကုဆေးရုံသို့ ရွှေ့ပြောင်းခဲ့ကြောင်း သိရသည်။ ခရိုင်ဈေးအနီး တစ်ဝိုက်တွင် အာဖဂန်လုံခြုံရေး တပ်ဖွဲ့များနှင့် တာလီဘန်စစ်သွေးကြွများအကြား တိုက်ပွဲများအပြင်းအထန် ဖြစ်ပွားနေချိန်အတွင်း လက်နက်ကြီးကျရောက် ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ကျေးရွာနေဒေသခံပြည်သူများက ပြောသည်။

တာလီဘန် စစ်သွေးကြွအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဇာဘီအူလာမူဂျာဟစ်က လက်နက်ကြီးပစ်ခတ်မှုကို အာဖဂန်အမျိုးသားတပ်မတော်က လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ပါလက်စတိုင်းပြည်သူများနှင့် ဆွေးနွေးရန် ပြင်ဆင်ထားကြောင်း အစ္စရေးဝန်ကြီးချုပ်ပြော

**ဂျေရုဆလင် ဇွန် ၂၉**
အမေရိကန်ပြည်ထောင်စု၏ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအစီအစဉ်ကို အခြေပြုလျက် ပါလက်စတိုင်းပြည်သူများနှင့် ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်သွားရန် ဆန္ဒရှိကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဇွန် ၂၉ ရက်နှောင်းပိုင်းတွင် ပြောကြားသည်။

**လက်ခံကြိုဆိုကြရန် တိုက်တွန်း**

သိမ်းပိုက်ခံအနောက်ဘက်ကမ်းဒေသရှိ အစိတ်အပိုင်းများအား သိမ်းယူရန် သတ်မှတ်ရက်ကြေညာခြင်းမပြုမီ နှစ်ရက်အလိုတွင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပါလက်စတိုင်းပြည်သူများအနေဖြင့် သမ္မတထရမ့်၏ အစီအစဉ်ကို လက်ခံကြိုဆိုကြရန် တိုက်တွန်းခဲ့သည်။ ပါလက်စတိုင်းပြည်သူများအနေဖြင့် နောက်ထပ်အခွင့်အရေးတစ်ခုကို လက်လွှတ်မခံကြရန် မိမိကတိုက်တွန်းလိုကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**ပါလက်စတိုင်းဘက်မှလည်း ပြင်ဆင်ထား**

အစ္စရေးနှင့် ပါလက်စတိုင်းပြည်သူများအတွက် ငြိမ်းချမ်းကိုဆောင်ကြဉ်းနိုင်မည့် သမိုင်းဝင် ကတိကဝတ်တစ်ခုကို ညှိနှိုင်းဆွေးနွေးကြရန်အတွက် အစ္စရေးကပြင်ဆင်ထားသကဲ့သို့ ပါလက်စတိုင်းဘက်မှလည်း ပြင်ဆင်ထားသင့်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားခဲ့သည်။ နေတန်ယာဟုသည် ဂျော်ဒန်တောင်ကြားကို ဇူလိုင် ၁ရက်တွင် သိမ်းပိုက်ရန်စီစဉ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ နှာခေါင်းစည်းတပ်ဆင်ရန် ပျက်ကွက်ခဲ့သူများကို ကန့်သတ်စောင့်ကြည့်မှုပြုလုပ်

**ကိုလံဘို ဇွန် ၂၉**
သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေချိန်အတွင်း နှာခေါင်းစည်းတပ်ဆင်ရန်ပျက်ကွက်ခဲ့သူ ၁၂၀၀ ကျော်ကို ကန့်သတ်စောင့်ကြည့်နေရာများတွင် ထားရှိကာ စောင့်ကြည့်မှုဆောင်ရွက်ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ၂၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဇွန် ၂၉ ရက်တွင် ပြောကြားသည်။ သီရိလင်္ကာ အနောက်ပိုင်းပြည်နယ်မှ လူ ၁၂၁၇ ဦးကို အများပြည်သူဆိုင်ရာနေရာများတွင် နှာခေါင်းစည်းတပ်ဆင်ရန် စည်းကမ်းမလိုက်နာခဲ့သည့်အတွက် ယခုရက်ပိုင်းအတွင်း ဖမ်းဆီးထိန်းသိမ်းခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဒုတိယစုံစမ်းစစ်ဆေးရေး ရဲအရာရှိချုပ် အာဂျစ် ရိုဟာနာက အများပြည်သူဆိုင်ရာနေရာများတွင် နှာခေါင်းစည်းတပ်ဆင်ရန် စည်းကမ်းပျက်ကွက်သူများအားလုံး အပြစ်ပေးခံရမည်ဖြစ်ပြီး အစိုးရက ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို ချိုးဖောက်သူများအား ဥပဒေအရအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ဆောင်ရွက်ထားပြီးဖြစ်သော်လည်း စိတ်ချရသည့်အခြေအနေတွင် မရှိသေးကြောင်း အာဂျစ် ရိုဟာနာက ပြောကြားသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၀၈၂ ဦးပေါ်ထွက်

**ဂျကာတာ ဇွန် ၂၉**
အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ထပ်မံ ကူးစက်ခံရသူ အရေအတွက် ၁၀၈၂ ဦး ထပ်မံပေါ်ထွက်လာခဲ့ပြီး စုစုပေါင်းရောဂါကူးစက်ခံရသူအရေအတွက် ၅၅၀၉၂ ဦး အထိရှိလာကြောင်း သိရသည်။

ရောဂါကူးစက်မှုကြောင့် ၅၁ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူ အရေအတွက် စုစုပေါင်း ၂၈၀၅ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင် အက်ကမက် ယူရီယန်တိုက ဇွန် ၂၉ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ရောဂါကူးစက်ခံရမှုမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံမှ ဆင်းလာသူ နောက်ထပ် ၈၆၄ ဦးရှိရာ ပြန်ကောင်းလာသူ အရေအတွက် စုစုပေါင်း ၂၃၈၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပြည်နယ်ငါးခုဖြစ်သည့် အလယ်ကာလီမန်တန်၊ဂျကာတာ၊ ဂျာဗား၊ အရှေ့ဂျာဗားနှင့် စူလာဝေစီ တောင်ပိုင်းတို့တွင် ရောဂါကူးစက်ခံရသူ အရေအတွက် စံချိန်တင်မြင့်တက်လာကြောင်း ယူရီယန်တိုက ပြောသည်။

သို့ရာတွင် နိုင်ငံတစ်ဝန်းရှိ ပြည်နယ်ပေါင်း ၁၃ ခုတို့တွင် ရောဂါကူးစက်ခံရသူ ထပ်မံပေါ်ထွက်လာခြင်းမရှိသေးကြောင်း သိရသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အခြေအနေ ပိုမိုဆိုးရွားမလာစေရန်ကြိုးပမ်းသည့်အနေဖြင့် ကျန်းမာရေးအစီအမံများ ချမှတ်ဆောင်ရွက်မှုကို ပြည်သူလူထုက လိုက်နာကြရန် ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင် အက်ကမက် ယူရီယန်တိုက တိုက်တွန်းထားသည်။

**ဆင်ဟွာ**



ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် အင်ဒိုနီးရှားပြည်သူတစ်ဦးကို ကိုယ်အပူချိန်တိုင်းတာ စစ်ဆေးစဉ်။

# မြေပြင်အခြေစိုက်ဒုံးခွင်းစနစ်ကို ဂျပန် ဘာကြောင့်စွန့်လွှတ်လိုက်သလဲ

*ကလျာမိုးမြင့်*

စက်မှုထွန်းကားတဲ့ ဂျပန်နိုင်ငံက ယခုရက်ပိုင်းအတွင်းမှာပဲ အမေရိကန်ဆီကနေ ဒေါ်လာဘီလီယံပေါင်းများစွာတန်ကြေးရှိတဲ့ ဒုံးခွင်းစနစ်ဝယ်ယူမယ့်အစီအစဉ်ကို လက်လျှော့လိုက်တဲ့အကြောင်း နိုင်ငံတကာသတင်းတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြကြပါတယ်။ ဂျပန်နိုင်ငံအပေါ် မြောက်ကိုရီးယားနိုင်ငံဆီက မမျှော်လင့်ဘဲကျရောက်လာနိုင်တဲ့ ခြိမ်းခြောက်မှုအန္တရာယ်တွေကို ရင်ဆိုင်တွန်းလှန်နိုင်ဖို့အတွက် နိုင်ငံ့ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဂျပန်က ဒုံးခွင်းစနစ်ဝယ်ယူဖို့ မူလကစီစဉ်ထားခဲ့တာပါ။

## ကုန်ကျစရိတ်ကြီးမား

Aegis Ashore လို့ခေါ်တဲ့ မြေပြင်အခြေစိုက် ဒုံးကျည်ကာကွယ်ရေးစနစ်ဟာ ကုန်ကျစရိတ်ကြီးမားတဲ့အပြင် အချိန်လည်း ကုန်လိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဒုံးခွင်းစနစ်ချထားတဲ့နေရာ အနီးမှာရှိတဲ့ လူနေထူထပ်တဲ့ ဧရိယာတွေအပေါ် နည်းပညာအဆင့်မြှင့်ထားတဲ့ ဒုံးကျည်တွေမကျရောက်ဖို့ သေချာအောင် ဟာ့ဒ်ဝဲပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ဖို့လိုအပ်ဦးမှာဖြစ်တယ်လို့ ဒုံးခွင်းစနစ်ဝယ်ယူမယ့်အစီအစဉ် ဖျက်သိမ်းလိုက်ရတာနဲ့ ပတ်သက်ပြီး ဂျပန်ကာကွယ်ရေးဝန်ကြီး တာရိုကိုနိုက ရှင်းလင်းခဲ့ပါတယ်။

ဂျပန်အမျိုးသားလုံခြုံရေးကောင်စီက ပြီးခဲ့တဲ့ သောကြာနေ့မှာ ဒုံးခွင်းစနစ်ဝယ်ယူရေးအစီအစဉ် ဖျက်သိမ်းလိုက်တဲ့အကြောင်းကို အတည်ပြုကြေညာလိုက်ပြီး မိမိဘက်က အရင်တိုက်ခိုက်တဲ့စွမ်းရည်ကို တိုးတက်အောင်မြှင့်တင်မယ့် အလားအလာတွေကို ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။

## တိုက်ခိုက်ရေးစွမ်းရည် မြှင့်တင်မယ်

နိုင်ငံရေးဆိုင်ရာ ဝေဖန်သူတွေက အဲဒီကြိုးပမ်းမှုဟာ ဒုတိယကမ္ဘာစစ်ပြီးသွားကတည်းက နိုင်ငံ့ကာကွယ်ရေးမှာ စစ်တပ်ရဲ့လှုပ်ရှားမှုကို တင်းတင်းကျပ်ကျပ် ကန့်သတ်ထိန်းချုပ်မှုလုပ်ဆောင်ထားတဲ့ ဂျပန်ရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေကို ချိုးဖောက်ရာရောက်တယ်ဆိုပြီး သုံးသပ်ကြပါတယ်။

ကာကွယ်ရေးဝန်ကြီး တာရိုကိုနိုက ဂျပန်ဟာ နိုင်ငံ့လုံခြုံရေးကို အဆက်မပြတ် ခြိမ်းခြောက်လာတဲ့ ဒေသတွင်းခြိမ်းခြောက်မှုတွေကို ရင်ဆိုင်တဲ့နေရာမှာ ကာကွယ်ရေးဆိုင်ရာ တည်ရှိမှုအနေအထားတစ်ရပ်လုံးကို စွမ်းရည်မြှင့်တင်ဖို့ လုပ်ဆောင်ရလိမ့်မယ်။ ဒုံးခွင်းစနစ်ချထားမယ့် အစီအစဉ်တစ်ခုတည်းနဲ့ ရှေ့ကိုတက်လှမ်းဖို့ မဖြစ်နိုင်သေးတဲ့အပြင် မြောက်ကိုရီးယားနိုင်ငံရဲ့ ခြိမ်းခြောက်မှုအန္တရာယ်တွေကလည်း ရှိနေသေးတယ်လို့ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း တိုကျိုမှာပြုလုပ်တဲ့ ရှင်းလင်းပွဲတစ်ခုမှာ အလေးအနက်ပြောကြားခဲ့ပါတယ်။



အမေရိကန်ဒုံးခွင်းစနစ်များကို တွေ့ရစဉ်။

## ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီ

အစိုးရအနေနဲ့ ဒုံးခွင်းစနစ်အလှည့်ကျချထားရမယ့် နေရာတွေရှာဖွေဖို့ မလွယ်ကူဘူးဆိုတာကိုလည်း အကြောင်းပြချက်တစ်ခုအနေနဲ့ ထည့်ပြောခဲ့ပါတယ်။ ကာကွယ်ရေးဝန်ကြီးက ဂျပန်ဟာ ရန်သူ့ဒုံးကျည်ပစ်လောင်ချာတွေကို တိုက်ခိုက်နိုင်စွမ်းရှိတဲ့ အစွမ်းထက်လက်နက်တွေကို ဝယ်ယူဖို့ စဉ်းစားကောင်းစဉ်းစားမှာဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် မိမိဘက်က စတင်တိုက်ခိုက်တဲ့ ဘယ်လိုစစ်ရေးစွမ်းရည်မျိုးကို ရယူပိုင်ဆိုင်ရန် ကြိုးပမ်းသည်ဖြစ်စေ အဲဒီလုပ်ဆောင်ချက်ဟာ ဂျပန်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်တဲ့ စစ်ရေးဆိုင်ရာ ရပ်တည်မှုတစ်ခုအဖြစ် ပြောင်းလဲသွားနိုင်ပြီး ဒေသတွင်းမှာ ရှိတဲ့ တခြားနိုင်ငံတွေကိုလည်း စိုးရိမ်ပူပန်မှု ဖြစ်လာစေတော့မှာ သေချာပါတယ်။

## အကြီးစားစစ်လက်နက်တွေ ထပ်ဝယ်ဖို့တိုက်တွန်း

ရန်သူ့စစ်အခြေစိုက်စခန်းတွေကို အရင်လက်ဦးမှုရယူတိုက်ခိုက်မယ့် စစ်ရေးစွမ်းရည်ရယူဖို့ကို အမျိုးသားလုံခြုံရေးကောင်စီရဲ့အစီအစဉ်မှာ ထည့်သွင်းဖို့ရှိ မရှိဆိုတဲ့ မေးခွန်းကို ဖြေကြားရာတွင် ကာကွယ်ရေးဝန်ကြီးက ညှိနှိုင်းဆွေးနွေးမှုတွေမလုပ်ရသေးခင်မှာတော့ မိမိတို့အနေနဲ့ ဘယ်နည်းလမ်းကိုမှ ခေါင်းထဲကထုတ်ပယ်ထားလို့ မရသေးဘူးလို့ ထင်တယ်လို့ ဖြေကြားထားတာကို တွေ့ရပါတယ်။

မြေပြင်အခြေစိုက် ဒုံးခွင်းစနစ်ဝယ်ယူရေးအစီအစဉ် ဖျက်သိမ်းလိုက်တာနဲ့ ပတ်သက်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဘာမှတော့ မှတ်ချက်မပေးခဲ့ဘူး။ ဒါပေမယ့် ဂျပန်အနေနဲ့ အမေရိကန်ပြည်ထောင်စုဆီက နောက်ထပ်အကြီးစားစစ်လက်နက်ပစ္စည်းတွေ ထပ်မံဝယ်ယူဖို့နဲ့ နိုင်ငံရဲ့ကိုယ်ပိုင်ကာကွယ်ရေးအတွက် ဒီထက်ပိုပြီး တာဝန်ကျေအောင်ကြိုးပမ်းဖို့တော့ သမ္မတထရမ့်က တိုက်တွန်းထားတယ်လို့ သိရပါတယ်။

## ဂျပန်နဲ့ အမေရိကန်လက်တွဲမည်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ဖော်ပြချက်မှာ အမေရိကန်ဟာ ဒေသတွင်းမှာ ပိုမိုတိုးပွားလာနေတဲ့ ခြိမ်းခြောက်မှုတွေကို ရင်ဆိုင်တဲ့နေရာမှာ မိမိတို့ရဲ့ လုံခြုံရေးဆိုင်ရာ အဆင့်မြှင့်တင်မှုအပေါ် စိုးရိမ်နေကြတာနဲ့ပတ်သက်ပြီး ဖြေရှင်းနိုင်ဖို့ ဂျပန်နဲ့အတူ နီးနီးကပ်ကပ် လက်တွဲလုပ်ဆောင်မယ်လို့ ဖော်ပြထားပါတယ်။

၂၀၁၇ ခုနှစ်အတွင်း ဂျပန်အစိုးရက SM-3 ဒုံးကျည်တွေအပြင် Aegis Ashore ဒုံးခွင်းစနစ်နှစ်ခုကိုပါ ထပ်မံဝယ်ယူဖို့ အတည်ပြုခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံဖိုးလောက်ကုန်ကျမယ်လို့ ခန့်မှန်းထားတဲ့ ဒုံးခွင်းစနစ်နှစ်ခုကို ဂျပန်နိုင်ငံတောင်ပိုင်း ယာမာဂူချီ စီရင်စုမှာရှိတဲ့ အခြေစိုက်စခန်းနဲ့ နိုင်ငံမြောက်ပိုင်း အာခီတာမှာရှိတဲ့ အခြေစိုက်စခန်းတွေမှာ ချထားဖို့ လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

## ဒေသတွင်းစစ်ရေးလှုပ်ရှားမှုစိုးရိမ်

ဒုံးခွင်းစနစ်အတွက် တိုကျိုနဲ့ ဝါရှင်တန်တို့ဟာ ဂျပန်ယန်းငွေ ၁၈၀ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ) ခန့် တန်ကြေးရှိတဲ့ ကန်ထရိုက်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြတာဖြစ်တယ်လို့ ကာကွယ်ရေးဝန်ကြီးက ဖော်ပြထားပါတယ်။ အဲဒီအတွက် ဂျပန်က ယန်းငွေ ၁၂ ဒသမ ၅ ဘီလီယံကို ပေးချေထားပြီးဖြစ်တယ်လို့ သိရပါတယ်။ ဂျပန်ကာကွယ်ရေးဝန်ကြီး တာရိုကိုနိုဟာ ဒေသအတွင်းမှာ တရုတ်နိုင်ငံရဲ့ စစ်ရေးအရလှုပ်ရှားမှုတွေ တိုးမြှင့်လာတဲ့ အခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း စိုးရိမ်ပူပန်မှုရှိနေကြောင်း ဖော်ပြနေပါတယ်။

**ကိုးကား- သည်ဂါဒီးယန်း**

> **“အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံဖိုးလောက်ကုန်ကျမယ်လို့ ခန့်မှန်းထားတဲ့ ဒုံးခွင်းစနစ်နှစ်ခုကို ဂျပန်နိုင်ငံတောင်ပိုင်း ယာမာဂူချီ စီရင်စုမှာရှိတဲ့ အခြေစိုက်စခန်းနဲ့ နိုင်ငံမြောက်ပိုင်း အာခီတာမှာရှိတဲ့ အခြေစိုက်စခန်းတွေမှာ ချထားဖို့လုပ်ဆောင်”**

---

## နိုင်ငံတကာသတင်းတိုထွာ

### အီဂျစ်နိုင်ငံမြောက်ပိုင်းရှိ ဆေးရုံတွင် မီးလောင်မှုကြောင့် ခုနစ်ဦးသေဆုံး

ကိုင်ရို ဇွန် ၂၉

အီဂျစ်နိုင်ငံမြောက်ပိုင်း အလက်ဇန်ဒရီယာမြို့ရှိ ပုဂ္ဂလိကဆေးရုံတစ်ရုံတွင် ဇွန် ၂၉ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ဆေးဝန်ထမ်း ခုနစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လူနာ ခုနစ်ဦးထက်မနည်းသေဆုံးခဲ့သည်ဟု ဆေးဘက်ဆိုင်ရာသတင်းရင်းမြစ်တစ်ခုက ဆင်ဟွာသို့ ပြောသည်။

မီးလောင်မှုသည် လျှပ်စစ်ပိုင်းချွတ်ယွင်းမှုကြောင့် ဖြစ်ပွားနိုင်ခြေရှိပြီး ပြင်းထန်သည့် မီးတောက်ကြီးကို မီးသတ်သမားများက မီးငြိမ်းသတ်ပေးခဲ့သည်။ မီးခိုးငွေ့များကြောင့် လူနာ ခုနစ်ဦးမှာ မွန်းကျပ်၍ သေဆုံးခဲ့ရသည်။ ယခုအခါ မီးဘေးမှလွတ်မြောက်ခဲ့သည့် ဆေးရုံပေါ်မှ အခြားလူနာများကို အခြားဆေးရုံများကို လွှဲပြောင်းပေးခဲ့ကြောင်း သတင်းအရင်းမြစ်တစ်ခုက ပြောသည်။

**ဆင်ဟွာ**

### ထိုင်းနိုင်ငံအစိုးရက ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့သည့် အသေးစားစီးပွားရေးလုပ်ငန်းများကို အကူအညီပေးရန် ကြိုးပမ်း

ဘန်ကောက် ဇွန် ၂၉

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည့် အသေးစားစီးပွားရေးလုပ်ငန်းများကို အကူအညီပေးရန် ဘတ်ငွေ ၅၀ ဘီလီယံတန်ကြေးရှိသည့် ရန်ပုံငွေတစ်ရပ်ကို လာမည့်ရက်သတ္တပတ်တွင် အစိုးရအဖွဲ့၏ ထောက်ခံချက်ရရှိရန် လုပ်ဆောင်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် ဆုမ်ကစ် ဂျာတူစရီပီတက်က ဇွန် ၂၉ ရက်တွင် ပြောကြားသည်။

ငွေကြေးထောက်ပံ့မှုမရရှိသည့် အသေးစားကုမ္ပဏီများကို ချေးငွေထုတ်ပေးမည့် ရန်ပုံငွေအစီအစဉ်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်က သတင်းထောက်များသို့ပြောကြားသည်။ ပြီးခဲ့သည့်လအတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ဘတ်ငွေ ၁၀၀ဘီလီယံနှင့် အထက်တန်ကြေးရှိသည့် ရန်ပုံငွေအစီအစဉ်တစ်ရပ်ကို အစိုးရက ထူထောင်မည်ဖြစ်ကြောင်း မစ္စတာ ဆုမ်ကစ်က ပြောကြားသည်။

**ဘန်ကောက်ပို့စ်**

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၉–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၈–၆–၂၀၂၀)ရက်နေ့အတွက် COVID–19 ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၅၈၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ–
- COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၂၉–၆–၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၂၉၉) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၂၈–၆–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့်–

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ(၁,၁၄၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၇၃)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)(PHL–Mdy)မှ ဓာတ်ခွဲနမူနာ(၂၈၀) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး(ခုတင် – ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၆၇)ခု၊
- စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၇၆၇)ခုအား စစ်ဆေးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၂၈-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၈၅)ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၉–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၉–၆–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၃၇၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၇၅) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၁၈) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၆၆) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၉၄) ခု

စုစုပေါင်း (၁,၂၂၉)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ (၂၉–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၂၉၉) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၃) ဦး (Case– 182, 200, 201) ရှိသဖြင့် စုစုပေါင်း (၂၂၁) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၁၁) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၈–၆–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၉–၆–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၆) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၉-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၆) ခု |
| (၂၉-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၅) ခု |
| (၂၉-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၁၈) ခု |
| (၂၉-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၆) ခု |
| (၂၉-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၉၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၂၂၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## မြန်မာ့ရိုးရာလက်ဝှေ့ပညာရှင်များနှင့် ကလပ်အသင်းများအား စားသောက်ကုန်များထောက်ပံ့



**ရန်ကုန် ဇွန် ၂၉**

ကိုဗစ်–၁၉ ကာလအတွင်း စားသောက်ရေးအဆင်ပြေစေရန် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ မြန်မာ့ရိုးရာလက်ဝှေ့ပညာရှင်များနှင့် ကလပ်အသင်းများအား ဆန်၊ ဆီ၊ ပဲ၊ ကြက်ဥနှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံဝင်း မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၌ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းထွန်းနှင့် အလုပ်အမှုဆောင်များက မြန်မာ့ရိုးရာလက်ဝှေ့ပညာရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ကလပ် ၁၂ သင်းမှ အားကစားသမား ၁၀၀ ခန့်ကို ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကုလားပဲ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ဆား တစ်ထုပ်နှင့် နှာခေါင်းစည်း ၁၀ ခု ပေးအပ်သည်။ **(ယာပုံ)** ယင်းလှူဒါန်းထောက်ပံ့မှုသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသော ဆန်၊ ဆီ၊ ပဲ၊ ကြက်ဥ စသည့် ထောက်ပံ့ပစ္စည်းများကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ မိမိတို့၏ မြန်မာ့ရိုးရာလက်ဝှေ့ပညာရှင်များနှင့် ကလပ်အသင်းများအား ထပ်ဆင့်ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – အာကာစိုး**

# တောင်ကြီးမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများနှင့် ပရဟိတကျောင်းသို့ စားနပ်ရိက္ခာများ ဆက်လက်လှူဒါန်း



**တောင်ကြီး ဇွန် ၂၉**

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီအနေဖြင့် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း အခြေခံပြည်သူများ စားနပ်ရိက္ခာအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ ပါဝင်သည့် စားနပ်ရိက္ခာထုပ်များကို တောင်ကြီးမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများနှင့် ပရဟိတကျောင်းသို့ လှူဒါန်းလျက်ရှိသည်။

ယင်းသို့ သွားရောက်လှူဒါန်းရာတွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းငွေနှင့် ဦးနေမျိုး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်း၊ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်နှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ပေါ် စိန်ပန်းရပ်ကွက်ရှိ အောင်မြေဘုံစံဘုန်းကြီးကျောင်း၌ ဆရာတော်၊ သံဃာတော်များ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်ကာလ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ၊ ချမ်းသာရပ်ကွက်ရှိ သိမ်တောင်ပရိယတ္တိ စာသင်တိုက်သို့ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။(**အပေါ်ပုံ**)

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် စဝ်စံထွန်းရပ်ကွက်ရှိ မူလမင်းကွန်းကျောင်း၊ ကန်အောက်ရပ်ကွက်ရှိ မင်းကျောင်းဘုန်းကြီးကျောင်းနှင့် သစ်တောရပ်ကွက်ရှိ မဟာပုဗ္ဗာရုံကံဦး ပရိယတ္တိစာသင်တိုက်သို့ ဆန်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ရေအေးကွင်းရပ်ကွက်ရှိ ဒေါ်ကြီး ဒေါ်ငယ်လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းသို့ ဆက်လက်သွားရောက်ကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၃၀ တို့အား ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများပါဝင်သည့် စားနပ်ရိက္ခာထုပ်များ၊ ဗီတာမင် စီအချိုရည်ဘူးများနှင့်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီတို့ အား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ကာလ အထောက်အကူပြုစေရန် ရည်ရွယ်၍ ထောက်ပံ့ပေးအပ်လှူဒါန်းကြသည်။

ထို့အပြင် ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက အဆိုပါကျောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စိုးညွန့်ရွှေ (ပြန်/ဆက်)

## ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ နောင်ဟီး IDP စခန်းနှင့် မံစီမြို့နယ်ရှိ မံပိန်းကြီးကက်သလစ်နှင့် မံပိန်းကြီးနှစ်ခြင်း စုစုပေါင်း IDP စခန်း သုံးခုသို့ သွားရောက်၍ လက်ဆေးစင် ၁၀ ခု၊ ဗီနိုင်း နှစ်ချပ်၊ အပူချိန်တိုင်းကိရိယာ လေးခု၊ Surgical Mask ၁၆၆၈ ခု၊ ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင် ထည့်သွင်းထားသော Memory Stick နှစ်ခု၊ Hand Speaker နှစ်ခု၊ အဝတ် Mask ၈၇၂၄ ခု၊ လက်သန့်ဆေးရည် ၁၆၆၈ ဘူး၊ ထုံးအိတ် ၂၀ ၊ ဆပ်ပြာ ၆၄၁၄ ခဲတို့ကို သွားရောက်ထောက်ပံ့ခဲ့သည်။



ထို့အတူ ယမန်နေ့ကလည်း ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဒါးပိုင်၊ အုန်းတောကြီး (မြောက်)နှင့် အုန်းတောကြီး(တောင်) စုစုပေါင်း IDP စခန်း(၃)ခုသို့ သွားရောက်၍ ဆပ်ပြာ ၃၅၀၂၈ တောင့်ကို သွားရောက်ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဖျာပုံမြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားစေတီနှင့် ဝတ်ပြုကျောင်းများအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်

**ဖျာပုံ ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားစေတီများနှင့် ခရစ်ယာန်ဘုရား ရှိခိုးကျောင်း၊ အစ္စလာမ့်ဝတ်ပြုကျောင်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကာလတွင် ယာယီပိတ်ထားခဲ့ရာမှ ဇွန် ၂၇ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ခွင့်ပေးလိုက်ကြောင်း သိရသည်။

လွန်ခဲ့သော နှစ်လခန့်မှစ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်သည့် အစီအစဉ်အဖြစ် ဖျာပုံမြို့ရှိ ညော့်သည်များပြားသည့် ပြည့်လုံးချမ်းသာ သာစည်ဘုရားကြီး၊ ကျိုက္ကမ္ဗမ်စေတီတော်၊ မြောက်ပိုင်းဘုရားကြီး၊ ရွှေနတ်ကူဘုရား၊ ခရစ်ယာန်ဘာသာဝင်များ၏ ဘုရားရှိခိုးကျောင်းများ၊ အစ္စလာမ့်ဘာသာဝင်များ၏ ဝတ်ပြုကျောင်းများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ညွှန်ကြားမှုဖြင့် ယာယီ ပိတ်ထားခဲ့ခြင်းဖြစ်သည်။

"မြို့နယ်အတွင်းမှာ ဘုရားစေတီတွေက အများကြီးရှိပါတယ်။ ခု ကိုဗစ်-၁၉ ကာကွယ်ရေး ကာလမှာ ဖျာပုံမြို့ပေါ်မှာရှိတဲ့ ဘုရားဖူးညော့်သည်များပြားတဲ့ တန်ခိုးကြီးဘုရားစေတီ လေးနေရာကိုသာ အသွားအလာ ယာယီပိတ်ထားခဲ့ပါတယ်။ ဒီအထဲမှာ နေ့စဉ်ဘုရားဝတ်ပြုသူများရှိနေတဲ့ ဗလီဝတ်ကျောင်းတော်တွေနဲ့ ခရစ်ယာန်ဘုရားရှိခိုး ကျောင်းတွေကိုလည်း ယာယီပိတ်ထားခဲ့ပါတယ်။ ခုကာလမှာတော့ တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီနှင့် တိုင်းဒေသကြီး ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့၏ ညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီအောင် ပြင်ဆင်ပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်ခြင်း ဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် သာသနာရေးမှူး ဦးကျော်ဇင်က ပြောသည်။

ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားစေတီများ၊ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ၊ အစ္စလာမ့်ဝတ်ကျောင်းတော်များအား သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပြန်လည် ဖွင့်လှစ်ခွင့်ပြုထားပြီး သက်ဆိုင်ရာ တာဝန်ရှိ ဂေါပကများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနတို့၏ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ စည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်ကြရန် တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ ညွှန်ကြားထားကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

## COVID-19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၉**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ (**အစား**) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ကာလအတွင်း တောင်သူများအား မျိုးစေ့နှင့် လုပ်ငန်းသုံးပစ္စည်းများပေးအပ်

**ပြင်ဦးလွင် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ကာလအတွင်း တောင်သူများထံသို့ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ သစ်အယ်ပျိုးပင်၊ မှိုမျိုးစေ့ထုပ်၊ ဟင်းသီးဟင်းရွက်မျိုးစေ့နှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၂၇ ရက်က ကျွန်းတိုင်ကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးတိုးမင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်လွင်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်စိုးဦးတို့က မဲတောကျေးရွာအုပ်စု ကျွန်းတိုင်ကျေးရွာ၌ တောင်သူများအား သစ်အယ်ပျိုးပင် ၁၅၀၀၊ မှိုမျိုးစေ့ထုပ် ၄၀၀ နှင့် မျိုးစေ့အထုပ် ၅၀ ကိုလည်းကောင်း၊ ကုန်းသာကြီးအုပ်စု ပင်တီးကျေးရွာ၌ တောင်သူများအား မှိုမျိုးစေ့ထုပ် ၄၀၀၊ ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ် ၅၀၊ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။



မောင်ကျော်ကြီး

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၇၄၉၇၈ | ၂၉၉ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၂၂၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၉၂၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၁၁ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၂၈ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၈ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၂၉၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၉-၆-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၉-၆-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၆၃၇၄၃၉ | ၁၀၉၃၆၁၂ | ၁၂၈၄၄၃ |
| ၂။ | ဘရာဇီး | ၁၃၄၅၄၇၀ | ၇၃၃၈၄၈ | ၅၇၆၅၉ |
| ၃။ | ရုရှား | ၆၄၁၁၅၆ | ၄၀၃၄၃၀ | ၉၁၆၆ |
| ၄။ | အိန္ဒိယ | ၅၅၀၃၉၅ | ၃၂၂၆၉၉ | ၁၆၅၀၆ |
| ၅။ | ဗြိတိန် | ၃၁၁၁၅၁ | စိစစ်ဆဲ | ၄၃၅၅၀ |
| ၆။ | စပိန် | ၂၉၅၈၅၀ | စိစစ်ဆဲ | ၂၈၃၄၃ |
| ၇။ | ပီရူး | ၂၇၉၄၁၉ | ၁၆၇၉၉၈ | ၉၃၁၇ |
| ၈။ | ချီလီ | ၂၇၁၉၈၂ | ၂၃၂၂၁၀ | ၅၅၀၉ |
| ၉။ | အီတလီ | ၂၄၀၃၁၀ | ၁၈၈၈၉၁ | ၃၄၇၃၈ |
| ၁၀။ | အီရန် | ၂၂၅၂၀၅ | ၁၈၆၁၈၀ | ၁၀၆၇၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၉- ၆ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၅၀၉၂ | ၂၃၈၀၀ | ၂၈၀၅ |
| စင်ကာပူ | ၄၃၆၆၁ | ၃၇၅၀၈ | ၂၆ |
| ဖိလစ်ပိုင် | ၃၆၄၃၈ | ၉၉၅၆ | ၁၂၅၅ |
| မလေးရှား | ၈၆၃၇ | ၈၃၃၄ | ၁၂၁ |
| ထိုင်း | ၃၁၆၉ | ၃၀၅၃ | ၅၈ |
| ဗီယက်နမ် | ၃၅၅ | ၃၃၀ | ၀ |
| မြန်မာ | ၂၉၉ | ၂၂၁ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၃၀ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

◆ *ကျောဖုံးမှ*

ကိုဗစ်-၁၉ ရောဂါ ကုသရေးလုပ်ငန်းနှင့် ပတ်သက်သည့် ဆောင်ရွက်နိုင်မည့် Softwares များပါသည့် ပစ္စည်းများ ရှမ်းပြည်နယ်အစိုးရထံသို့ လွှဲပြောင်းပေးအပ်ခြင်းကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက လားရှိုးမြို့တော်ခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

အဆိုပါတက္ကသိုလ်နှစ်ခုမှ ကျောင်းသား ကျောင်းသူများ ပူးပေါင်းကာ ကိုဗစ်-၁၉ ကာလအတွင်း ရောဂါကူးစက်မှု ကာကွယ်ရန်နှင့် ကျန်းမာရေး စောင့်ရှောက်မှုအတွက် အသုံးပြုသည့် ပစ္စည်းများ လျှော့ချစေရန် ရည်ရွယ်ကာ ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြုလုပ်ခဲ့သော ပစ္စည်းများကို မိုဘိုင်းဖုန်းတစ်ခုဖြင့်လည်း အသုံးပြုနိုင်ကြောင်း၊ ယင်းပစ္စည်းများထုတ်လုပ်အသုံးပြုခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်နိုင်ရန်၊ လူ့အသက်အန္တရာယ် ကာကွယ်ရာတွင် နည်းပညာအားဖြင့် အထောက်အကူပြုနိုင်ရန်၊ မျက်နှာကြက်၊ နံရံ၊ ကြမ်းပြင် စသည့် မည်သည့်အခန်းများတွင်မဆို အဝေးထိန်းစနစ်ဖြင့် ပိုးသတ်ဆေးဖျန်းနိုင်ရန်၊ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပိုးသတ်ဆေးနှင့် လူ့ခန္ဓာကိုယ်ထိတွေ့မှု နည်းပါးစေရန်နှင့် ရောဂါကာကွယ်ရေးဝတ်စုံ လျှော့ချနိုင်စေရန်အတွက် တီထွင်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ ဦးကျော်သူဇော်၊ ဌာနဆိုင်ရာများ၊ လားရှိုးမြို့ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများ တက်ရောက် ကြကြောင်း သိရသည်။

ဟန်ဌေး (လားရှိုး)

# ချင်းရွှေဟော် မြန်မာ - တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၈၀ ထပ်မံဝင်ရောက်



ချင်းရွှေဟော် ဇွန် ၂၉

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ၃၂ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီက ၄၈ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၈၀ ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့်နေရပ်ပြန်ပြည်သူ ၈၀ တို့မှာ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၄၁ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ ၂၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ လေးဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၀ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ လေးဦး၊ ရှမ်းပြည်နယ်မှ ၃၂ ဦးနှင့် ရခိုင်ပြည်နယ်မှ လေးဦးတို့ဖြစ်ကြပြီး ၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ရေသန့်ဘူးများနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိစေနိုင်ရေးအတွက် မော်တော်ယာဉ်များစီစဉ်ပေးပြီး လားရှိုးမြို့သို့ လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၆၈၃၄ ဦးနှင့် အမျိုးသမီး ၅၄၉၀ တို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၂၃၂၄ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်ပြည်သူများသည် တရုတ်နိုင်ငံတွင် ကြံစိုက်ပျိုးခြင်း၊ ကြံခုတ်လုပ်ငန်းများနှင့် အခြားစိုက်ပျိုးသီးနှံခြံလုပ်ငန်းများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူများဖြစ်ကြောင်း သိရသည်။

ဇင်ဇင် (ပြန်/ဆက်)

# COVID-19 ကပ်ရောဂါကာလ ပြည်သူ့အစိုးရနှင့် စေတနာ့ဝန်ထမ်းများ၏ ဟန်ချက်ညီညီ စွမ်းဆောင်မှုများ

**အောင်ကျော်မိုး (လူမှု)**

**တစ်ကမ္ဘာလုံးရင်ဆိုင်နေရသည့် COVID-19 ရောဂါကို မြန်မာနိုင်ငံက တုံ့ပြန်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ တုံ့ပြန်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရန်အတွက် ခွဲခြားမှုမရှိသောပြည်ထောင်စုစိတ်ဓာတ်ရှိသည့်၊ စိတ်ကောင်းစေတနာရှိပြီး အများအကျိုးကို ကူညီဆောင်ရွက်လိုသော မွန်မြတ်သောစိတ်ထားရှိသည့်၊ ကိုယ်ကျိုးစွန့်၍ မလျှော့သောဇွဲ စိတ်ဓာတ်ရှိ သည့် "စေတနာ့ဝန်ထမ်းများ" နှင့် "ပရဟိတအဖွဲ့အစည်းများ" က နိုင်ငံတော်၏ နေရာဒေသအသီးသီးမှ ပေါ်ထွက်လာကြပြီး Quarantine Center များတွင်လည်းကောင်း၊ နယ်စပ်ဝင်ပေါက်များတွင်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ နယ်ဝင်နယ်ထွက်၊ မြို့ဝင်မြို့ထွက် ကျန်းမာရေးစစ်ဆေးသည့်ဂိတ်များတွင်လည်းကောင်း၊ ရပ်ကွက်/ကျေးရွာများအတွင်း ကျန်းမာရေး အသိပညာပေးခြင်းနှင့် လုံခြုံရေးလှည့်လည်ဆောင်ရွက်ရာတွင်လည်းကောင်း အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ကြပြီး ရောဂါထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးအစီအစဉ်များတွင် တစ်တပ်တစ်အား ပါဝင်အားဖြည့်ကူညီလုပ်ကိုင်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုတို့သည် အလွန်ပင် ဟန်ချက်ညီစွာဖြင့် COVID-19 ရောဂါကို ရင်ဆိုင်တွန်းလှန်နေကြပါသည်။**

စေတနာ့ဝန်ထမ်းဆိုသည်မှာ မိမိ၏ အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ်များကို အခကြေးငွေ မယူဘဲ အသင်းအဖွဲ့တစ်ခု၊ လုပ်ငန်းစဉ်တစ်ရပ်၊ လိုအပ်သည့် အခြေအနေတစ်ရပ်ရပ်တွင် အချိန်ပိုင်းဖြစ်စေ၊ သတ်မှတ်တာဝန်ပိုင်းအရဖြစ်စေ၊ အမြဲတမ်းဖြစ်စေ မိမိ၏ ဆန္ဒအရ ပါဝင်ကူညီ ဆောင်ရွက်ပေးသူကို ခေါ်ဆိုပါသည်။

အစိုးရတစ်ရပ်အနေဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးကိုဖော်ဆောင်ရာတွင် တာဝန်ယူ တာဝန်ခံပြီး ယုံကြည်ရမှု၊ ပွင့်လင်းမြင်သာရှိမှု၊ ကြိုတင်တွက်ဆနိုင်မှုနှင့် ပါဝင်ဆောင်ရွက်ခွင့်ပေးခြင်းတို့ ရှိရမည်ဖြစ်ပြီး ပြည်သူလူထုအင်အားမပါဘဲ အစိုးရတစ်ရပ်တည်း လည်ပတ်ဆောင်ရွက်၍ ကိစ္စရပ်များ ပြည့်စုံပြီးမြောက်နိုင်မည်မဟုတ်ကြောင်းကို နိုင်ငံတွင် ဘေးအန္တရာယ်တစ်ခုခုကျရောက်တိုင်း လျင်မြန်စွာ တစ်ရှိန်ထိုး ပေါ်ထွက်လာတတ်သည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏လုပ်ရပ်များက သာဓကပင် ဖြစ်ပါသည်။

အထူးသဖြင့် ပြည်သူပြည်သားကောင်းများ၏ အင်အား၊ ပါဝင်ဆောင်ရွက်မှုသည် များစွာအရေးပါသဖြင့် စေတနာ့ဝန်ထမ်းများကို စုစည်းဖော်ထုတ်ကာ အစိုးရယန္တရားများနှင့် ချိတ်ဆက်ပေးရခြင်းသည် အလွန်ပင် အရေးကြီးသည့် ကိစ္စရပ်ပင်ဖြစ်ပါသည်။

**အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့**

နိုင်ငံတော်အစိုးရအနေဖြင့် မိမိ၏ကိုယ်ကျိုးစီးပွားကို ပဓာနမထားဘဲ နိုင်ငံတော်အကျိုး၊ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်၍ အနစ်နာခံ ဆောင်ရွက်နေကြသော စေတနာ့ ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအတွက် ဘေးကင်းလုံခြုံမှု၊ လိုအပ်သော နည်းပညာ အကူအညီနှင့် အထောက်အကူပြုပစ္စည်းများအား ကူညီပံ့ပိုးမှုများပေးရန်နှင့် အသိအမှတ်ပြု ဆောင်ရွက်သွားရန် ရည်ရွယ်ချက်တို့ဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်၍ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ (National Volunteer Steering Unit-NVSU) ကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့(NVSU)တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များက အဖွဲ့ဝင်များအဖြစ်ပါဝင်၍ စုစုပေါင်း ၂၀ ဖြင့် ချမှတ်ထားသောလုပ်ငန်းတာဝန် (၉) ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့(NVSU) ၏ ရုံးလုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၀ပြည့်နှစ် ဧပြီလ ၃၀ ရက်နေ့တွင်အမျိုးသားအဆင့်စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့အား ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာနက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာနက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများက အဖွဲ့ဝင်များအဖြစ်ပါဝင်သော စုစုပေါင်း ရှစ်ဦးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ လိုအပ်သော စာရင်းဇယားများ ပြုစုခြင်း၊ သက်ဆိုင်ရာအစိုးရဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ အစီရင်ခံစာများ ပြုစု၍ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ အတွင်းရေးမှူးမှတစ်ဆင့် တင်ပြခြင်းနှင့် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့က ထပ်မံပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းတာဝန်များကို အတွင်းရေးမှူးရုံးအဖွဲ့ ဝန်ထမ်းများက နေ့မအား ညမနား ရုံးပိတ်ရက်မရှိ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြပါသည်။

**လုပ်ငန်းတာဝန်ကျေပွန်စွာဆောင်ရွက်**

၂၀၂၀ ပြည့်နှစ် မေလ ၄ ရက်နေ့တွင် စေတနာ့ဝန်ထမ်းများ၏ သတင်းအချက်အလက်များ၊ လိုအပ်ချက်များ၊ အခက်အခဲများကို အချိန်နှင့် တစ်ပြေးညီသိရှိပြီး အချိန်မီ ပံ့ပိုးကူညီပေးနိုင်ရန်အတွက် မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတို့က ပူးပေါင်းတာဝန်ယူ ဆောင်ရွက်ကြကာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြို့နယ်လူမှုဝန်ထမ်း/ ဘေးစီမံဦးစီးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး၊ မြို့နယ်ကြက်ခြေနီ ကိုယ်စားလှယ်၊ ပရဟိတအဖွဲ့များက ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း စုစုပေါင်းခုနစ်ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူးရုံးအတွက် လိုအပ်သည့် သတင်းအချက်အလက် စာရင်းဇယားများကို စုစည်းပေးပို့ရန်၊ စေတနာ့ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဆန်းစစ်တင်ပြရန်နှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့က အဆင့်ဆင့် ဆက်သွယ်ညှိနှိုင်းမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စသည့်လုပ်ငန်းတာဝန်များကို တိကျကျေပွန်စွာဖြင့် ဆောင်ရွက်နေကြပါသည်။

> **"အစိုးရတစ်ရပ်အနေဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးကို ဖော်ဆောင်ရာတွင် တာဝန်ယူ တာဝန်ခံပြီး ယုံကြည်ရမှု၊ ပွင့်လင်းမြင်သာရှိမှု၊ ကြိုတင်တွက်ဆနိုင်မှုနှင့် ပါဝင်ဆောင်ရွက်ခွင့် ပေးခြင်းတို့ ရှိရမည်ဖြစ်ပြီး ပြည်သူလူထုအင်အားမပါဘဲ အစိုးရတစ်ရပ်တည်း လည်ပတ်ဆောင်ရွက်၍ ကိစ္စရပ်များ ပြည့်စုံပြီးမြောက်နိုင်မည် မဟုတ်ကြောင်းကို နိုင်ငံတွင် ဘေးအန္တရာယ်တစ်ခုခု ကျရောက်တိုင်း လျင်မြန်စွာ တစ်ရှိန်ထိုး ပေါ်ထွက်လာတတ်သည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ရပ်များက သာဓကပင်ဖြစ်"**

ထိုကဲ့သို့ အဖွဲ့များ ဖွဲ့စည်းပြီး စနစ်တကျ ဆောင်ရွက်ခဲ့မှုများကြောင့် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် တိုင်းပြည်အတွက် အနစ်နာခံဆောင်ရွက် ကူညီပေးနေကြသော စေတနာ့ဝန်ထမ်းများအား အောက်ဖော်ပြပါ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

(က) စေတနာ့ဝန်ထမ်း သင်တန်းလက်စွဲ စာအုပ်ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ခြင်း၊

(ခ) အတည်ပြုထားပြီးဖြစ်သော စေတနာ့ဝန်ထမ်း သင်တန်းလက်စွဲစာအုပ်ကို အသုံးပြု၍ စေတနာ့ဝန်ထမ်းနည်းပြသင်တန်း (Online ToT) (၅)ကြိမ်ဖွင့်လှစ်၍ သင်တန်းသား ၂၅၆ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် Training Team များမှ သင်တန်းများ ဖွင့်လှစ်၍ သင်တန်းသား ၁၉၄ ဦး၊ စုစုပေါင်း သင်တန်းသား ၄၅၀ တို့အား ဆရာဖြစ် နည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ခဲ့ခြင်း၊

(ဂ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်နိုင်ရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် Training Team ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့မှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိခြင်း၊

(ဃ) အတည်ပြုထားပြီးဖြစ်သော စေတနာ့ဝန်ထမ်း သင်တန်းလက်စွဲစာအုပ် စုစုပေါင်း အုပ်ရေ ၈၂၀၀၀ ကို ပုံနှိပ်နိုင်ခဲ့ပြီး စေတနာ့ဝန်ထမ်းများ ထံသို့ ဖြန့်ဝေပေးနိုင်ခဲ့ခြင်း၊

(င) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ သတ်မှတ်ချက်နှင့် အကျုံးဝင်သည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအား ပေးအပ်ချီးမြှင့်မည့် ရင်ထိုးတံဆိပ်များနှင့် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာတို့အား အပ်နှံခဲ့ပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့က စိစစ်ထောက်ခံတင်ပြလာသော စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအား ချီးမြှင့်ပေးအပ်လျက်ရှိခြင်း၊

(စ) စေတနာ့ဝန်ထမ်းများ အသုံးပြုနိုင်ရန်အတွက် အလှူရှင်များက လှူဒါန်းသော Mask များ၊ PPE ဝတ်စုံများ၊ Surgical Gown ဝတ်စုံများ၊ Hand Sanitizer များကို ပေးအပ်နိုင်ခဲ့ခြင်း၊

(ဆ) အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၊ တွဲဖက်အတွင်းရေးမှူး (၂) နှင့် အတွင်းရေးမှူးရုံးအဖွဲ့မှ အဖွဲ့ဝင်နှစ်ဦးတို့သည် ပဲခူး၊ မကွေး၊ မန္တလေး၊ စစ်ကိုင်း စသည့် တိုင်းဒေသကြီးလေးခုသို့ နေ့ချင်းပြန်ခရီးသွားရောက်၍ အောက်ခြေမြေပြင်တွင် စေတနာ့ဝန်ထမ်းများ၏ အခက်အခဲနှင့် လိုအပ်ချက်များအား ကွင်းဆင်းသုံးသပ်ကာ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် မြို့နယ်အဆင့် စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်၍ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ခဲ့ခြင်း၊

(ဇ) စေတနာ့ဝန်ထမ်းများအတွက် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ သင်တန်း (၃၈၃) ကြိမ်တွင် စုစုပေါင်း သင်တန်းသား ၁၇၇၈၇ ဦး လေ့ကျင့်သင်တန်း ပေးနိုင်ခဲ့ခြင်းနှင့် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိခြင်း၊

(ဈ) စာရင်းရှိစေတနာ့ဝန်ထမ်းများ အားလုံးထံသို့ စေတနာ့ဝန်ထမ်း သင်တန်းလက်စွဲ စာအုပ်များအား ကြိုတင်ဖြန့်ဝေပေးခြင်းကို SMS Message နှင့်လည်းကောင်း၊ Facebook စာမျက်နှာများမှတစ်ဆင့် Softcopy များ ဖြန့်ဝေပေးခြင်းဖြင့် လည်းကောင်း နည်းလမ်းနှစ်မျိုးဖြင့် ဖြန့်ဝေပေးနိုင်ခဲ့ခြင်း၊

(ည) လက်ရှိ Quarantine Center များတွင် ခေတ္တနေထိုင်၍ အသွားအလာ ကန့်သတ်စောင့်ကြည့်ခြင်း အစီအစဉ်တွင် ပူးပေါင်းပါဝင်လျက်ရှိသော အသက် ၅ နှစ်အောက် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများနှင့် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိပြီး ယခုအချိန်ထိ နေပြည်တော်ကောင်စီမှ ၉၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၆၇ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၆၄ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၇၉ ဦးနှင့် မကွေးတိုင်းဒေသကြီးမှ ၁၃၅ ဦး စုစုပေါင်း ၈၄၀ တို့အား ထောက်ပံ့ပေးနိုင်ခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆက်လက်ထောက်ပံ့ပေးရန် စာရင်းများ ကောက်ခံဆောင်ရွက်လျက်ရှိခြင်း၊

(ဋ) နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ စေတနာ့ဝန်ထမ်းများ စုစည်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးခြင်း အစီအစဉ်တွင် စေတနာ့ဝန်ထမ်းတစ်ဦး၏ တင်ပြချက်အရ အတွင်းစည်း ဝင်ရောက်လျက်ရှိသော စေတနာ့ဝန်ထမ်းများအား သင်တန်းပေးရန်အတွက် သက်ဆိုင်ရာ သင်တန်းနည်းပြများနှင့် တိုင်ပင်ညှိနှိုင်း၍ Video များရိုက်ကူးကာ Video Clip များ ဖြန့်ဝေ၍ သင်တန်းပို့ချရန် စီစဉ်ဆောင်ရွက်လျက်ရှိခြင်း။

မြန်မာနိုင်ငံတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)၊ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) (ရန်ကုန်)တို့မှ တစ်ရက်လျှင် ဓာတ်ခွဲနမူနာပေါင်း ၁၂၀၀ ကျော်ကို စစ်ဆေးလျက်ရှိရာ ယနေ့အထိ ပိုးတွေ့လူနာပေါင်း ၂၉၉ ဦးရှိနေပြီး ရောဂါကင်းစင်သူ ၂၁၈ ဦးအထိရှိကာ သေဆုံးသူခြောက်ဦးသာရှိပါသည်။ လက်ရှိအချိန်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ Quarantine Center ပေါင်း ၇၇၀၀ ကျော်တွင် Quarantine ဝင်နေသူပေါင်း ၄၂၀၀၀ ကျော်ရှိနေပြီး မိခင်နိုင်ငံသို့ နယ်စပ်ဝင်ပေါက်အသီးသီးမှတစ်ဆင့် ပြည်ပမှ နေ့စဉ်ဆက်တိုက် ပြန်လည်ဝင်ရောက်လျက်ရှိနေပါသည်။

**ရောဂါပျံ့နှံ့မှုကောင်းစွာ ထိန်းချုပ်နိုင်**

အမိမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် ပြည်သူပြည်သားများသည် အချင်းချင်းရိုင်းပင်းကူညီလိုစိတ်၊ မေတ္တာ၊ စေတနာ၊ ကရုဏာ၊ အကြင်နာတရားများနှင့် သဒ္ဓါတရားများ ကိန်းအောင်းနေသည့်အားလျော်စွာ ယခုကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါတစ်ခုဖြစ်သည့် COVID-19 ကူးစက်မြန်အဆုတ်ရောင်ရောဂါအား ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်ထောင်စုစိတ်ဓာတ်ထက်သန်သည့် နှလုံးလှပြည်သူပြည်သား စေတနာ့ဝန်ထမ်းများ အားလုံးလက်တွဲကူ၍ ဟန်ချက်ညီညီဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ရောဂါပျံ့နှံ့မှုအား ကောင်းစွာထိန်းချုပ်နိုင်ခဲ့ကာ နောင်မဝေးတော့သော အချိန်ကာလတွင် COVID-19 ရောဂါကင်းစင်သော နိုင်ငံတော်တစ်ခုဖြစ်လာမည်ဟု လေးနက်စွာယုံကြည်မိပါတော့သည်။ ။

## ဖြူးချောင်းဆည်ရေသောက်စနစ်မှ ရေပေးမြောင်းများအလိုက် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်း

**နေပြည်တော် ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ဖြူးချောင်းဆည်ရေသောက်စနစ်မှ ရေပေးမြောင်းများအလိုက် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို ဖြူးမြို့နယ် ကျီးမနိုးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇွန်၂၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဆည်ရေကို အလေအလွင့်မရှိစေဘဲ အကျိုးရှိရှိအသုံးပြုနိုင်မည့် နည်းလမ်းများ၊ ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၁)မှ လည်းကောင်း၊ SRI စိုက်ပျိုးနည်းစနစ်များနှင့် သီးနှံပုံစံများကို စိုက်ပျိုးရေးဦးစီးဌာနမှ လည်းကောင်း၊ သုံးသီးစားစိုက်ပျိုးနိုင်ရန် စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေး နည်းလမ်းများကို စက်မှုလယ်ယာဦးစီးဌာနမှလည်းကောင်း အသိပညာပေးဆွေးနွေးခဲ့ကြပြီး ဖြူးချောင်းဆည်ရေသောက်စနစ်၏ လက်ယာမြောင်းခွဲ လက်တံခွဲမြောင်း (၃) အတွက် ရေအသုံးချသူများအဖွဲ့ ခြောက်ဖွဲ့ကို ဖွဲ့စည်းသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် တောင်သူများ ပူးပေါင်းပါဝင်သော ဆည်မြောင်းစနစ် Participatory Irrigation Management ( PIM ) စနစ်သို့ ကူးပြောင်းရန် ရေအသုံးချသူများအဖွဲ့နှင့် ရေအသုံးချသူများအသင်း Water User Group and Water User Association (WUG/ WUA) များကို ဖွဲ့စည်းပေးနေခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ဖွဲ့စည်းခြင်းဖြင့် သင့်လျော်သော ရေစီမံခန့်ခွဲမှုများကြောင့် လိုအပ်သောရေကို လိုအပ်သည့်အချိန်တွင် ရယူနိုင်ပြီး အထွက်နှုန်းနှင့် ထုတ်ကုန်အရည်အသွေး တိုးတက်လာခြင်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း တည်ဆောက်ရေး(၁)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်က ပြောသည်။

ဖြူးချောင်း ဆည်ရေသောက်စနစ်များအတွင်း ရေအသုံးချသူများအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရေအသုံးချသူများအဖွဲ့ပေါင်း ၃၂ ဖွဲ့ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း သိရသည်။ **ထက်လျှံ**

## မတ္တရာမြို့နယ်တွင် သမဝါယမအသင်းသား ၂၈၉ ဦးအား ဆန်နှင့်ဆီများထောက်ပံ့

**မတ္တရာ ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု လယ်ယာနှင့်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ အသင်းပိုင်ငွေဖြင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း အသင်းသားများအတွက် အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ ဆန်နှင့် ဆီများ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ အသင်းရုံး၌ ထောက်ပံ့ဖြန့်ဝေပေးသည်။

ထိုသို့ အခြေခံစားသောက်ကုန်များ ထောက်ပံ့ရာတွင် မြို့နယ်သမဝါယမအသင်းမှူးအသင်းစုမှူး၊ ဌာနခွဲစာရေး ဦးကျော်ကျော်၊ လယ်ယာနှင့်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်တို့က အသင်းသား၂၈၉ ဦးအတွက် တစ်ဦးလျှင် ဆန်သုံးပြည်နှင့် ဆီ ၅၀ ကျပ်သားနှုန်းဖြင့် ဆန်အိတ်ပိုင်း ၃၆ ပိုင်း သုံးပြည်နှင့် ဆီ ၁၄၅ ပိဿာတို့ကို အသင်းသားများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**




## ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG) များနှင့်အတူ "ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူ တောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၆ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၉၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၆၀၀ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၃၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၃၀ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၈၂ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၆ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၃ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၀၄ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၉ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၀ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၃၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၁၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၁၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၆၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၇၆၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၁၀၀၀ | ၁၂၀၂ | ၁၂၆၂၄၅၀၀ |
| MTSH | ၃၉၀၀ | ၃၈၅၀ | ၁၆၉၇ | ၆၅၈၄၈၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၅၁ | ၁၂၂၈၂၀၀ |
| FPB | ၂၃၀၀ | ၂၂၅၀၀ | ၉၂၁ | ၂၀၇၃၃၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၂၇ | ၇၆၉၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁၀၃ | ၂၇၈၁၀၀ |

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြင်ဦးလွင်နှင့် မြိုင် အဆောက်အအုံများ

မောင်သာ(ရှေးဟောင်းသုတေသန)


**တစ်ချိန်က မေမြို့ဟုထင်ရှားခဲ့သည့် နွေရာသီအပန်းဖြေမြို့ ပြင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ခရိုင်မြို့တစ်မြို့ဖြစ်ကာ ပင်လယ်ရေမျက်နှာပြင်အထက်၃၅၃၈ ပေ အမြင့်တွင် တည်ရှိသည်။ ပြင်ဦးလွင်မြို့သည် မေမြို့၊ ပြင်ဦးလွင်၊ တောင်လေ့ကား၊ တောင်စခန်းမြို့ အမည်များဖြင့်ထင်ရှားကာ မြန်မာနိုင်ငံ၏ ခရီးသွားနယ်မြေတစ်ခုအဖြစ် ယနေ့တိုင်ကျော်ကြားလျက်ရှိပေသည်။**

မန္တလေးမြို့မှ ၄၂ မိုင်၊ လားရှိုးမြို့မှ ၁၆၇ မိုင်နှင့် မိုးကုတ်မြို့မှ ၈၃ မိုင် ကွာဝေးသည့် ပြင်ဦးလွင်မြို့သည် မန္တလေး-လားရှိုး မီးရထားလမ်းနှင့် မော်တော်ကားလမ်းပေါ်တွင်တည်ရှိကာ အရှေ့ဘက်နှင့် မြောက်ဘက်တွင် နောင်ချိုမြို့နယ်၊ အနောက်ဘက်တွင် ပုသိမ်ကြီးမြို့နယ်နှင့် မတ္တရာမြို့နယ်၊ တောင်ဘက်တွင် ကျောက်ဆည်မြို့နယ်တို့နှင့် ထိစပ်နေကာ မြန်မာနိုင်ငံနေရာဒေသအသီးသီးမှ ကား၊ ရထားတို့ဖြင့် အလွယ်တကူသွားရောက်နိုင်သည်။

ပြင်ဦးလွင်မြို့နယ်၏ ပျမ်းမျှ ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်သည် အနိမ့်ဆုံးနေရာ၌ ၂၀၅ ပေ ရှိ၍ အမြင့်ဆုံးနေရာ၌ ၄၂၉၅ ပေ ရှိသည်။ သာယာလှပသော ပတ်ဝန်းကျင်နှင့် ၃၅ ဒီဂရီ စင်တီဂရိတ်ထက် မကျော်လွန်သည့် အေးမြသောရာသီဥတုကြောင့် ပြင်ဦးလွင်သည် ပြည်တွင်း ပြည်ပခရီးသွားများ နှစ်သက်သည့်မြို့တစ်မြို့ဖြစ်လာခဲ့သည်။

ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ မဟာအံ့ထူးကံသာစေတီနှင့် ရုပ်ပွားတော်၊ ပိတ်ချင်းမြောင်လိုဏ်ဂူ၊ ဓာတ်တော်ချိုင့်၊ အနီးစခန်း၊ ဝက်ဝံနှင့် ဘီအီး ရေတံခွန်စသည်တို့သည် ခရီးသွားများအကြား အလွန်ထင်ရှားလျက်ရှိသည်။ ထို့အတူ တောင်ကုန်းတောင်တန်းများနှင့် သစ်ရိပ်ဝါးရိပ်များပေါများသည့် ပြင်ဦးလွင်မြို့နယ်တွင် စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ဗဟိုဂန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)နှင့် ရဲအရာရှိ လေ့ကျင့်ရေးကျောင်း စသည့် လေ့ကျင့်ရေးသင်တန်းကျောင်းကြီးများကို ဖွင့်လှစ်ထားသည်။

၂၀၁၈ ခုနှစ် မတ်လတွင် ထုတ်ပြန်သည့် စာရင်းများအရ ခရီးသွားများ လာရောက်လည်ပတ်မှုများပြားသည့် ပြင်ဦးလွင်မြို့တွင် အစိုးရပိုင်ဟိုတယ်သုံးလုံးနှင့် ပုဂ္ဂလိကပိုင်ဟိုတယ် ၄၈ လုံး ဖွင့်လှစ်ထားကာ ဧည့်သည်လက်ခံနိုင်သည့် အခန်းပေါင်း ၁၁၃၁ ခန်း ရှိသည်။ ယင်းဟိုတယ်များအပြင် မိုတယ် ခုနစ်ခု၊ အင်းတစ်ခုနှင့် တည်းခိုခန်း ၁၀၀ ကိုလည်း ဖွင့်လှစ်ထားသဖြင့် ပြင်ဦးလွင်သို့ ရောက်ရှိလာကြသည့် ခရီးသည်များသည် နားခိုရန် အခက်အခဲမရှိပါချေ။




ပါစယ် နာရီစင်



ချယ်ရီမြိုင် အဆောက်အအုံ

### ပြင်ဦးလွင်မြို့၏ နောက်ခံ

ပြင်ဦးလွင်မြို့ မဟာသောဘိတရာမတိုက်၊ အောင်မြေဘုံသာ မဟာဆုတောင်းပြည့်ဘုရားတွင်ရှိသည့် ၁၉၁၆ ခုနှစ်က ရေးထိုးခဲ့သော ကျောက်စာတွင် ပြင်ဦးလွင်ကို ကုန်းဘောင်ဆက် ပုဂံမင်းလက်ထက် (ခရစ်နှစ် ၁၈၄၆-၁၈၅၃)၊ ၁၈၅၀ ပြည့်နှစ်တွင်တည်ထောင်ခဲ့ကြောင်း ဖော်ပြထားသည်။ ယင်းကျောက်စာသည် ပြင်ဦးလွင်ကို တည်ထောင်ခဲ့ပြီး ၆၆ နှစ်ကြာမှ ရေးထိုးခဲ့သည့် နှောင်းခေတ်ထိုး ကျောက်စာဖြစ်သည်။

ဗဒုံမင်းလက်ထက်(ခရစ်နှစ် ၁၇၈၂-၁၈၁၉)၊ ၁၇၈၇ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည့် နာခံပြော့ကြီး အမိန့်ပြန်တမ်းကို ကိုးကားလျက် ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်း၌ "ဗဒုံမင်းလက်ထက်တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ပြန်တမ်းတစ်ခု၌ ပြင်ဦးဟူသည့်အမည်ကို အုန်းတော၊ ငှက်ကြီးသိုက်၊ ဆင်ခေါင်းကြီး၊ ဝက်ဝံဟူသည့် ရွာအမည်များနှင့် တွဲလျက်ပါရှိသည်" ဟု ဖော်ပြထားသည်။ ယင်းကျေးရွာများသည် ပြင်ဦးလွင် အနီးဝန်းကျင်တွင် တည်ရှိနေကြကာ ရှေးသူဟောင်းများ၏အဆိုအရ ပြင်ဦး ပြင်ကြီး ပြင်စာ၊ ပြင်သုံးရွာ၊ တစ်ပြင်ကောင်းစားမည်ဟု တဘောင်ပေါ်ခဲ့သည်ဟု ဆိုကြသည်။

၁၈၉၆ ခုနှစ်တွင် အမှတ် (၅) ဘင်္ဂလားတပ်ရင်းမှ ဗိုလ်မှူးကြီးမေသည် ပြင်ဦးလွင်သို့ ရောက်ရှိလာခဲ့ပြီး ပြင်ဦးလွင်ကို မေမြို့ဟု အမည်ပြောင်းလဲခေါ်တွင်ခဲ့သည်။ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနသည် မေမြို့ဟူသည့် အမည်ကို ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့ တွင် မူလအမည် ပြင်ဦးလွင်ဟု ပြန်လည်ပြောင်းလဲခဲ့၍ ပြင်ဦးလွင်မြို့ နှစ် (၁၀၀) ပြည့်ပွဲတော်ကို ၁၉၉၆ ခုနှစ် ဧပြီလ ၃၀ ရက်နေ့မှ မေလ ၆ ရက်နေ့အထိ ကျင်းပခဲ့သည်။

ပြင်ဦးလွင်သည် ၁၇၈၇ ခုနှစ်တွင် ပြင်ဦးရွာအဖြစ် တည်ရှိခဲ့ပြီး ၁၈၅၀ ပြည့်နှစ်တွင် အမရပူရမှ မင်းမှုထမ်းတစ်ဦးသည် ပြင်ဦးကျေးရွာသို့ ရောက်ရှိခဲ့စဉ် သာယာလှပသည့် ရှုခင်းများကြောင့် ပြင်ဦးလွင်ဟု ခေါ်ဆိုခဲ့ကြောင်း ယူဆမှုများလည်းရှိခဲ့သည်။ ထို့ကြောင့် ပြင်ဦးလွင်သည် ၁၇၈၇ ခုနှစ်မှ ၁၈၅၀ ပြည့်နှစ်အထိ ပြင်ဦးဟုလည်းကောင်း၊ ၁၈၅၀ ပြည့်နှစ်မှ ၁၈၉၆ ခုနှစ်အထိ ပြင်ဦးလွင်ဟုလည်းကောင်း၊ ၁၈၉၆ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ မေမြို့ဟုလည်းကောင်းထင်ရှားခဲ့ပြီး ၁၉၈၉ ခုနှစ်မှ ယနေ့အထိ ပြင်ဦးလွင်ဟု အမည်တွင်လျက်ရှိသည်။

လက်ရှိအချိန်တွင် ပြင်ဦးလွင်မြို့နယ်ကို မြို့တစ်မြို့၊ ရပ်ကွက် ၂၁ ခု၊ ကျေးရွာအုပ်စု ၃၇ အုပ်စု၊ ကျေးရွာ ၁၁၆ ရွာဖြင့် ဖွဲ့စည်းထားကာ မြို့နယ်တစ်ခုလုံး၏ အကျယ်အဝန်းသည် ၇၆၃ ဒသမ ၇၄ စတုရန်းမိုင်ဖြစ်၍ ပြင်ဦးလွင်မြို့၏ အကျယ်အဝန်းသည် ၃၉ ဒသမ ၅၃ စတုရန်းမိုင်ဖြစ်သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်အထိ စာရင်းများအရ ပြင်ဦးလွင်မြို့နယ်၏ လူဦးရေသည် ၁၈၀၁၀၇ ဦး ဖြစ်၍ မြို့နယ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြကာ ဗမာလူမျိုးများက ၇၆ ဒသမ ၀၇ ရာခိုင်နှုန်း (၁၃၇၀၁၆ ဦး) ရှိသည်။ ဒေသနေပြည်သူများသည် ပန်းမျိုးစုံ၊ နေကြာ၊ မက်မန်း၊ စတော်ဘယ်ရီနှင့် ကော်ဖီတို့ကို အများဆုံး စိုက်ပျိုးကြကာ ဝိုင်၊ ဆွယ်တာနှင့် အဝတ်အထည်များကိုလည်း ထုတ်လုပ်ရောင်းချကြသည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့အုပ်စိုးခဲ့ချိန်က ပြင်ဦးလွင်၌ အိန္ဒိယလူမျိုးများနှင့် ဂေါ်ရခါးလူမျိုးများနေထိုင်ခဲ့ကြကာ ဗြိတိသျှ အုပ်ချုပ်ရေးအရာရှိကြီးများသည် နွေရာသီတွင် အပူရှောင်နိုင်ရန် တောင်ပေါ်မြို့ဖြစ်သည့် ပြင်ဦးလွင်၌ နားခိုရန်အိမ်ကြီးများကို ဆောက်လုပ်ခဲ့ကြသည်။ ယင်းတို့သည် ယခုအချိန်တွင် ကိုလိုနီခေတ်လက်ရာ ရှေးဟောင်းအဆောက်အအုံများအဖြစ် ကျန်ရှိနေပြီး ပြင်ဦးလွင်မြို့၏ အမှတ်လက္ခဏာများအဖြစ် ထင်ရှားလျက်ရှိရာ ပြင်ဦးလွင်မြို့၏ မြိုင်များသည်လည်း အပါအဝင် ဖြစ်သည်။

၁၈၉၆ ခုနှစ်တွင် ဗြိတိသျှတို့သည် ပြင်ဦးလွင်မြို့ကို အင်္ဂလန်နိုင်ငံမှ မြို့များပုံစံ အကွက်ချကာ ဝက်သစ်ချ၊ ချယ်ရီ၊ ထင်းရှူးနှင့် သစ်အယ်ပင်များ ပေါက်ရောက်နေသည့် လမ်းများကို အင်္ဂလိပ်အမည်များပေး၍ ၆၅ ဧကကျယ်ဝန်းသည့် ကန်တော်ကြီးကို တူးဖော်၍ Harcourt Butler Lake ဟု အမည်ပေးခဲ့သည်။ သစ်ပင်များဝန်းရံနေသည့် ဝင်းခြံများအတွင်း၌ ၁၉ ရာစု၊ အင်္ဂလိပ်ဗိသုကာ လက်ရာပုံစံ အိမ်ကြီးများကို ဆောက်လုပ်ခဲ့ပြီး ၁၉၁၅ ခုနှစ်တွင် ရုက္ခဗေဒဥယျာဉ်ကို ထူထောင်ခဲ့သည်။

မန္တလေးနည်းပညာတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာသန်းဌေးဦး၏ သုတေသနပြုချက်အရ ကိုလိုနီခေတ်က တည်ဆောက်ခဲ့သည့် အဆောက်အအုံများ၏ ၈၅ ရာခိုင်နှုန်းသည် ယနေ့တိုင်ကျန်ရှိနေပြီး ကျန်အဆောက်အအုံများသည် အချို့ကပျက်စီး၍ အချို့က နေထိုင်ခြင်း မပြုနိုင်တော့ချေ။ ပြင်ဦးလွင်မြို့နယ်တွင် သမိုင်းဝင်အဆောက်အအုံများသည် အမျိုးအစားခြောက်မျိုး၊ အရေအတွက် ၁၈၇ ခုရှိသည့် အနက် ၂၀၁၅ ခုနှစ်အထိ ၁၀၉ ခု ကျန်ရှိနေခဲ့သည်။ ယင်းတို့တွင် ကိုလိုနီခေတ် အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ မီးရထား ဘူတာရုံ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာနှင့် အခြားရုံးအဆောက်အအုံများ၊ ဘဏ်၊ အပန်းဖြေမှုဆိုင်ရာ နေရာများနှင့် အဆောက်အအုံများပါဝင်သည်။

### ပြင်ဦးလွင်၏ အထိမ်းအမှတ်များ

ပြင်ဦးလွင်မြို့လယ်ရှိ နာရီစင် (Percell Tower) သည် ပြင်ဦးလွင်မြို့၏ သင်္ကေတတစ်ခုအဖြစ် အလွန်ထင်ရှားသည်။ ယင်းနာရီစင်တွင် တပ်ဆင်ထားသည့် နာရီသည် ဗြိတိသျှနိုင်ငံ ပဉ္စမမြောက်ဂျော့ဘုရင်၏ နန်းစံနှစ် (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အဖြစ် ၁၉၃၄ ခုနှစ်တွင် ထုတ်လုပ်ခဲ့သည့် နာရီများအနက် တစ်လုံးဖြစ်သည်။ မြန်မာနိုင်ငံအတွက်ရရှိခဲ့သည့် ယင်းနာရီကို မန္တလေးမြို့ မှ Mr.Percell နှင့် ပြင်ဦးလွင်မြို့မှ ရှေ့နေ Mr.M.Azin တို့၏ကြိုးပမ်းမှုကြောင့် ပြင်ဦးလွင်မြို့တွင် စိုက်ထူ နိုင်ခဲ့ကာ Mr. Percell ကို ဂုဏ်ပြုသောအားဖြင့် ပါစယ် နာရီစင်ဟု အမည်ပေးခဲ့သည်။

နာရီစင်ကို ၁၉၃၅ ခုနှစ်တွင် တည်ဆောက်၍ ၁၉၃၆ ခုနှစ် စက်တင်ဘာလတွင် ဖွင့်လှစ်ခဲ့သည်။ တည်ဆောက်စရိတ်ငွေကျပ် ၁၇၀၀၀ အနက် မစ္စတာပါစယ်က ငွေကျပ် ၁၁၀၀၀ လှူဒါန်း၍ ကျန်ငွေကို မြူနီစီပယ်အဖွဲ့က ကျခံခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ပါစယ်နာရီစင်မှ စက်အစိတ်အပိုင်းအချို့ ခိုးယူခြင်းခံရသဖြင့် နာရီထိုးသံများ ယာယီရပ်တန့်ခဲ့သည်။ ခိုးယူသွားသည့် စက်ပစ္စည်းများရရှိရန် ပြင်ဦးလွင်မြို့မှ ဦးသိန်းက ကြိုးပမ်း၍ ပြန်လည်တပ်ဆင်ပေးခဲ့သဖြင့် ပါစယ်နာရီစင်သည် ယနေ့တိုင် နာရီထိုးသံမြည်လျက် ရှိနေပေသည်။

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို သိမ်းယူပြီးနောက် ဝန်ရှင်တော်မင်းကြီးနှင့် ဘုရင်ခံများနေထိုင်၊ ရုံးစိုက်ရန် ရန်ကုန်နှင့် ပြင်ဦးလွင်မြို့တို့တွင် ခမ်းနားကြီးကျယ်သော အဆောက်အအုံများကို ဆောက်လုပ်ခဲ့ရာ ယင်းတို့သည် ဘုရင်ခံအိမ်တော်များဟု ထင်ရှားခဲ့ကြသည်။ ရန်ကုန်မြို့ရှိ ဘုရင်ခံအိမ်တော်ကို အလုံမြို့နယ် အလုံလမ်းရှိ ယခု သမ္မတအိမ်တော်ဝင်း၌ တည်ဆောက်ခဲ့ကာ ပြင်ဦးလွင်ဘုရင်ခံအိမ်တော်ကို ပြင်ဦးလွင်မြို့၊ ယခု မန္တလေး – လားရှိုး ကားလမ်းပေါ်တွင် တည်ဆောက်ခဲ့သည်။ ၁၉၀၃ ခုနှစ်တွင် တည်ဆောက်ကာ ၁၉၀၅ ခုနှစ်တွင် ပြီးစီးခဲ့သည့် ပြင်ဦးလွင်ဘုရင်ခံအိမ်တော်တွင် ဒုတိယဘုရင်ခံ Sir A.H Barnes က ပထမဆုံး နေထိုင်ခဲ့ကာ ဆာဒေါ်မန်စမစ်က နောက်ဆုံးနေထိုင်ခဲ့ပြီး ၁၉၄၂ ခုနှစ် ဧပြီလတွင် အိမ်တော်ကို စွန့်ခွာခဲ့သည်။ ထို့နောက် အိမ်တော်သည် မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။ ၂၀၀၅ ခုနှစ်တွင် ပြင်ဦးလွင်ဘုရင်ခံအိမ်တော်ကို မူလပုံစံအတိုင်း ပြန်လည်တည်ဆောက်၍ ၂၀၀၇ ခုနှစ်တွင် ဟိုတယ်အဖြစ် ဖွင့်လှစ်ခဲ့သည်။

ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် မန္တလေးတွင်ကျဆုံးခဲ့သည့် အင်္ဂလိပ်စစ်သည်များအတွက် အောက်မေ့ဖွယ်အထိမ်းအမှတ်ဘုရားရှိခိုးကျောင်းတစ်ခုကို မန္တလေးနန်းတွင်းတွင် တည်ဆောက်ရန် ရည်ရွယ်ခဲ့ပြီးမှ အစီအစဉ်ကိုဖျက်၍ ပြင်ဦးလွင်မြို့၊ ဘုရင်ခံအိမ်တော်မျက်နှာချင်းဆိုင်တွင် All Saints Church ကို တည်ဆောက်ခဲ့သည်။

ယင်းဘုရားကျောင်းကို ဗိသုကာ မစ္စတာစီတန် မောရစ်စ်(Mr.Seton Morris)က ပုံစံရေးဆွဲ၍ ၁၉၁၂ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် လက်ထောက်ဘုရင်ခံ ဆာဟာဗေးအဒမ်ဆင် (Sir. Harvey Adamson) က အုတ်မြစ်ချခဲ့သည်။

ပြင်ဦးလွင်မြို့၏ အမှတ်လက္ခဏာတစ်ရပ်အဖြစ် ရထားလုံးများကို ယနေ့တိုင်မြင်တွေ့ကြရသည်။ ကိုလိုနီခေတ်တွင် ပြင်ဦးလွင်မြို့၏ သယ်ယူပို့ဆောင်ရေးစနစ်သည် မြင်းလှည်းများဖြစ်ခဲ့ကာ အိန္ဒိယတိုင်းရင်းသားများက မြင်းလှည်းများကို မောင်းခဲ့ကြသည်။ ထိုစဉ်က ရထားလုံးနှင့် ဒေါက်ကတ်ဟူ၍ နှစ်မျိုးရှိခဲ့ရာ ဒေါက်လှည်းခေါ် ဒေါက်ကတ်သည် ဗြိတိသျှအရာရှိများသာ စီးနင်းသည့် မြင်းလှည်းအမျိုးအစားဖြစ်ပြီး ယခုအခါ ဝုဒ်လန်းကဖေးနှင့် ဟိုတယ်ပြင်ဦးလွင်ရှေ့တွင် ပြသထားသည်။

### ပြင်ဦးလွင် မြိုင်များ

ပြင်ဦးလွင်မြို့ရှိ ကိုလိုနီခေတ်က တည်ဆောက်ခဲ့သည့် အဆောက်အအုံများကို ချယ်ရီမြိုင်၊ ယုဇနမြိုင် စသည်ဖြင့် မြိုင်နှင့်တွဲထားသည့် ပန်းအမည်များပေးခဲ့ရာမှ ပြင်ဦးလွင် မြိုင်များဟု ထင်ရှားခဲ့သည်။ ယခုအခါတွင် ယင်းမြိုင်များအနက် အချို့ကို နိုင်ငံတော်က ပိုင်ဆိုင်၍ အချို့ကို ပုဂ္ဂလိကများက ပိုင်ဆိုင်ထားသည်။

*စာမျက်နှာ ၂၁ သို့*




# ကော့သောင်းခရိုင်နှင့် မြို့နယ် မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းရုံးခွဲများ ဖွင့်လှစ်

ကော့သောင်း ဇွန် ၂၉

ကော့သောင်းခရိုင်နှင့် မြို့နယ် မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းရုံး ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်၊ မြရည်ပုလဲလမ်း အမှတ်- ၉၂ အဆောက်အအုံတွင် ဆိုင်းဘုတ် စိုက်ထူဖွင့်လှစ်သည်။

အခမ်းအနားတွင် ကော့သောင်းခရိုင်နှင့် မြို့နယ် မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဆိုင်းဘုတ်ကို မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ခရိုင်ဥက္ကဋ္ဌ ဒေါ်အေးအေးအောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးထွန်းနှင့် အသင်းဝင်များက ဖွင့်လှစ်ပေးကြသည်။

မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့်ကာကွယ်စောင့်ရှောက်ရေးအသင်း(ဗဟို)ကို ၂၀၁၈ ခုနှစ် ဇွန် ၂ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ရင်ခွင်မဲ့ကလေးဖြစ်ခြင်းကို လျှော့ချရန်၊ မွေးကင်းစ ကလေးများစွန့်ပစ်ခြင်းကို ကာကွယ်ပေးရန်၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းနှင့် မလိုလားအပ်သော ကိုယ်ဝန်ဆောင်ရခြင်းများကို ကာကွယ်နိုင်ရေး အမျိုးသမီးများအား ပညာပေးရန်၊ တာဝန်ယူမှုမရှိသည့် အမျိုးသားကြောင့် တစ်ကိုယ်ရေ မိခင်ဖြစ်လာမှုအား ရင်ဆိုင်နိုင်ရေးကူညီပံ့ပိုးပေးရန်၊ အမျိုးသမီးများနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပါ အခြေခံအခွင့်အရေးများကို ဖော်ဆောင်ရာတွင် အထောက်အကူပြုရန် စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ခရိုင်နှင့်မြို့နယ်အတွင်း မိခင်အမျိုးသမီးများ အပါအဝင် ကလေးသူငယ် အခွင့်အရေးနှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ကော့သောင်းခရိုင်နှင့် မြို့နယ်အဆင့် အသင်းရုံးကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ကော့သောင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်အေးနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အသင်းဝင်များ တက်ရောက်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ကလိန်အောင်မြို့၌ မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းခွဲရုံးဖွင့်

**ကလိန်အောင် ဇွန် ၂၉**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့အမှတ်(၃)ရပ်ကွက် ဇင်းဘာလမ်း၌ ယမန်နေ့က မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ခွဲရုံးဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှဥက္ကဋ္ဌ ဦးအောင်သူရလင်းက မြန်မာနိုင်ငံရင်ခွင်မဲ့ ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်းပုံအကြောင်း၊ အသင်းဖြစ်ပေါ်လာပုံအကြောင်း၊ အသင်း၏ ရည်ရွယ်ချက်များအကြောင်း၊ အသင်း၏ အဓိက လုပ်ငန်းစဉ်များအကြောင်းတို့ကို ပြောကြားသည်။



ထို့နောက် ကလိန်အောင်မြို့ မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင် ဒေါ်စန်းစန်းထွေးက ကျေးဇူးတင်စကားပြောကြားပြီး အဆိုပါဆိုင်းဘုတ်ကို မြို့နယ် မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကလိန်အောင်မြို့ အမျိုးသမီးရေးရာအဖွဲ့မှဥက္ကဋ္ဌ ဒေါ်ခိုင်ခင်ဦး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။

**မိုးမိုးခိုင်**

# ဆည်တော်ကြီးဆည်ရေသောက်စနစ်တွင် ရေအသုံးချသူများအဖွဲ့ (WUG) တိုးချဲ့ဖွဲ့စည်း

**မန္တလေး ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်တော်ကြီးရေလှောင်တမံမှ မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်များသို့ ဆည်ရေများပေးဝေလျက်ရှိရာ ဆည်ရေသောက်စနစ်တွင် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် (PM) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့ (Water User Group) စတင်ဖွဲ့စည်းခြင်းကို ဇွန်လဒုတိယပတ်က အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာ ဓမ္မာရုံတွင် ပြုလုပ်ခဲ့ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (မန္တလေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းထွန်းက ဆည်ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးလှိုင်ထက်ဝင်းက ဆည်မြောင်း ဥပဒေ၊ နည်းဥပဒေ၊ ရေခွန်နှင့် တာတမံခွန်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ရေအသုံးချသူများအဖွဲ့ကို ဖွဲ့စည်းပေးကြောင်း သိရသည်။

ဆည်ရေအသုံးချသူများအဖွဲ့ကို ရေရှည်တွင် တူးမြောင်းအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ ရေအသုံးချသူများအသင်း ဆက်လက်ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်သကဲ့သို့ ရေသောက်မြောင်းတစ်ခုချင်းအလိုက်လည်း ရေအသုံးချသူများအဖွဲ့ ထပ်မံတိုးချဲ့ ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

*စာမျက်နှာ ၂၀ မှ*

ယင်းတို့အနက် နန်းမြိုင်ဟု သိရှိနေကြသည့် အဆောက်အအုံသည် ကိုလိုနီခေတ်က Craddock Court အဆောက်အအုံဖြစ်ကာ ဘုရင်ခံအိမ်တော်ခြံဝင်းနှင့် တစ်ဆက်တည်းဖြစ်သည့် မြေဧက ၁၅ ဧကပေါ်တွင် တည်ဆောက်ခဲ့သည်။ အခန်း ၃၂ ခန်းပါရှိသည့် နန်းမြိုင်ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ပိုင်ဆိုင်ပြီး ၁၉၈၂ ခုနှစ်မှစ၍ ဟိုတယ်အဖြစ် ဖွင့်လှစ်ခဲ့ကာ ယခုအချိန်တွင် ဖွင့်လှစ်ခြင်း မရှိတော့ချေ။

သီရိမြိုင် (Candacraig) အဆောက်အုံကို ၁၉၁၄ ခုနှစ်တွင် ဘုံဘေဘားမား ထရိတ်ဒင်းကော်ပိုရေးရှင်းက တည်ဆောက်ခဲ့ရာ ထိုစဉ်က ရူပီးငွေ ၅၀၀၀၀ ကုန်ကျခဲ့သဖြင့် ငါးသောင်းတိုက်ဟုလည်း ခေါ်ဆိုခဲ့ကြသည်။ ခုနစ်ဧကကျော် ကျယ်ဝန်းသည့် ဝင်းခြံအတွင်း၌ သီရိမြိုင်အဆောက်အအုံနှင့်အတူ ရေကူးကန်၊ ပန်းခြံနှင့် ဝန်ထမ်းတန်းလျားတို့ကို ထည့်သွင်းတည်ဆောက်ထားပြီး ဘုံဘေဘားမားမှ လူပျိုဝန်ထမ်း များ တည်းခိုရန် ဆောက်လုပ်ခဲ့သည်ဟုလည်းဆိုကြကာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဟိုတယ်ဖွင့်လှစ်ခဲ့သည်။

ဂန္ဓမာမြိုင် (Croxton) ကိုလည်း ဘုံဘေဘားမားကော်ပိုရေးရှင်းကပင် မိသားစုများ နွေရာသီစံအိမ်အဖြစ် ၁၉၀၃ ခုနှစ်တွင် တည်ဆောက်ခဲ့ကာ ယခုအချိန်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ပိုင်ဆိုင်သည်။

ချယ်ရီမြိုင်(Lincluden) ကို ဒုတိယကမ္ဘာစစ်မဖြစ်ပွားမီက တည်ဆောက်ခဲ့ကာ ဗြိတိသျှ အစိုးရလက်ထက်က မြန်မာလူမျိုး နန်းရင်းဝန်များ ပြင်ဦးလွင်သို့ ရောက်ရှိချိန်တွင် နားခိုသည့် အဆောက်အအုံအဖြစ် အသုံးပြုခဲ့သည်။ လွတ်လပ်ရေးရရှိပြီးချိန်တွင် သမ္မတအိမ်တော်ဟု ထင်ရှားခဲ့ကာ ယခုအချိန်တွင် ပြင်ဦးလွင်တပ်နယ်ဧည့်ရိပ်သာအဖြစ် အသုံးပြုလျက်ရှိသည်။ ချယ်ရီမြိုင်မှ ဆက်သွားလျှင် ရဲတိုက်ပုံစံ၊ အနီရောင်နှစ်ထပ် အဆောက်အအုံဖြစ်သည့် ယုဇနမြိုင် (Knowle) ကို မြင်တွေ့နိုင်ကာ ယုဇနမြိုင်ကို ယခင်က တပ်မတော်ဧည့်ဂေဟာအဖြစ် အသုံးပြုခဲ့သည်။

ပြင်ဦးလွင် ခရိုင်သစ်တောဦးစီးဌာနရုံး အဆောက်အအုံကို ၁၉၀၆ ခုနှစ်က တည်ဆောက်ခဲ့ကာ ဟသံာမြိုင် (Jacobstowe) ဟု ထင်ရှားသည်။ ထင်းရှူးမြိုင်ကို သစ်တောဦးစီးဌာနက ထိန်းသိမ်းထားကာ ယင်းအဆောက်အအုံတွင် မြေညီထပ်မှ သီးသန့်ထုတ်ထားသည့် အဆောင်ပေါ်တွင် အမိုးချွန်ကို ပြုလုပ်ထားသည်။

သစ္စာလမ်းနှင့် မြို့ပတ်လမ်းပေါ်တွင် တည်ရှိသည့် သစ္စာမြိုင် (Tapsy Villa) သည် ဗြိတိန်နိုင်ငံမှ ရဲတိုက်အဆောက်အအုံများနှင့် တူညီကာ ယခင်က BT Brothers ကုမ္ပဏီကပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ပုဂ္ဂလိကတစ်ဦးက ပိုင်ဆိုင်ထားပေသည်။



ပြင်ဦးလွင် ရက္ခဗေဒ ဥယျာဉ်

ယင်း မြိုင်များအပြင် ပြင်ဦးလွင်မြို့၌ သဇင်မြိုင်၊ နှင်းဆီမြိုင်(Penlee )၊ ရတနာမြိုင်(Treasury Officer's QR)၊ မဲဇာမြိုင်(Craigho)၊ မြိုင်ဟေမာ(Pine Lodge)၊ မြိုင်ကြီး (Sherwood)အစရှိသည့် မြိုင်အဆောက်အအုံများလည်း တည်ရှိကြသည်။ မြိုင်အမည် မတပ်ထားသော်လည်း သိင်္ဂါလမ်းပေါ်ရှိ ကိုလိုနီခေတ်လက်ရာ အဆောက်အအုံသည် ၁၉၀၆ ခုနှစ်တွင် ဗိုလ်မှူးကြီး မိုင်းနားက တည်ဆောက်ခဲ့သဖြင့် မိုင်းနားဟောက်စ် (Manor House) ဟု ထင်ရှားခဲ့သည်။ ယင်းအဆောက်အအုံကို တစ်ချိန်က သီပေါစော်ဘွားပိုင်ဆိုင်ခဲ့သည်ဟုဆိုကြပြီး လက်ရှိအချိန်တွင် ပုဂ္ဂလိကတစ်ဦးက ထိန်းသိမ်းထားသည်။

ပြင်ဦးလွင်မြို့တွင် တည်ရှိခဲ့သည့် မြိုင်များအပါအဝင် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံများကို နှစ်ပေါင်း ၁၀၀ ကျော်သည့်တိုင် ထိန်းသိမ်းထားနိုင်ခြင်းသည် ပြင်ဦးလွင်မြို့၏ ဂုဏ်ဒြပ်တစ်ရပ်ဟု ဆိုရမည်ဖြစ်သကဲ့သို့ ပြင်ဦးလွင်မြို့သူ မြို့သားများကိုလည်း ချီးကျူးရမည် ဖြစ်ပေသည်။ ပြင်ဦးလွင်မြို့အပါအဝင် မြန်မာနိုင်ငံအနှံ့ရှိ ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းထားခြင်းသည် မြန်မာနိုင်ငံ၏ သမိုင်းပုံရိပ်များကို ပြန်လည်ဖော်ဆောင်ခြင်းဖြစ်သကဲ့သို့ မြန်မာ့သမိုင်း အမွေအနှစ်များကို စောင့်ရှောက်ထားခြင်းလည်း ဖြစ်ပါပေသည်။ ။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၉)**

**သမိုင်းဝင်ဖြစ်စဉ် ပြင်ဦးလွင်(မေမြို့ချစ်ဆွေ)**

**ပြင်ဦးလွင်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ**

**Heritage Conservation of Historic Built Environment in Pyin Oo Lwin (Dr.Than Htay Oo)**



## မိန်းမလှကျွန်းဘေးမဲ့တောမှ မျောက်တစ်ရာစေတီတော် ပြန်လည်ပြုပြင်မွမ်းမံမည်

**ဘိုကလေး ဇွန် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော မျောက်တစ်ရာ ကင်းစခန်းအနီးတွင် တည်ထားကိုးကွယ်တော်မူသည့် မျောက်တစ်ရာစေတီတော် (အောင်စေတီတော်မြတ်) သည် သဘာဝဘေးအန္တရာယ် အကြိမ်ကြိမ်ခံစားခဲ့ရသဖြင့် ဇွန် ၂၃ ရက်က စေတီတော်မြတ်ကြီး၌ အက်ကြောင်းများ ဖြစ်ပေါ်လာပြီး အနည်းငယ်ယိမ်းယိုင်ခဲ့ရာ ပြန်လည် ပြုပြင်မွမ်းမံနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုကို ဇွန် ၂၈ ရက်က မျောက်တစ်ရာစေတီတော်ရှိ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

စေတီတော်မှာ ၁၉၅၅ ခုနှစ် ဝန်းကျင်၌ ဝန်ကြီးချုပ် ဦးနုက ယိုယွင်းပျက်စီးနေသည့် မူလစေတီတော်ကို ငုံပြီး ဉာဏ်တော် ၁၈ တောင်ထိမြင့်သည့် မျောက်တစ်ရာ စေတီတော် (အောင်စေတီတော်) အဖြစ် တည်ထားကိုးကွယ်ခဲ့ရာ နွေ၊ မိုး၊ ဆောင်း ရာသီပြောင်းသည်နှင့်အမျှ သဘာဝ ဘေးအန္တရာယ်ကို အကြိမ်ကြိမ်ခံစားရခြင်းနှင့် လူသူ အရောက်အပေါက် နည်းသည့်ဒေသဖြစ်သည့်အတွက် ပြုပြင်မွမ်းမံမှု အားနည်းခြင်းတို့ကြောင့် ယခုအချိန်တွင် စေတီတော်မှာ အက်ကွဲကြောင်းများ ဖြစ်ပေါ်လာပြီး အနည်းငယ် ယိမ်းယိုင်ခဲ့ရကြောင်း သိရသည်။

စေတီတော်ကြီး မွမ်းမံပြုပြင်နိုင်ရေးအတွက် မြို့နယ် သံဃနာယက ဆရာတော် ဘဒ္ဒန္တ ကေသဝ၊ မျောက်တစ်ရာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၊ မြို့နယ် အုပ်ချုပ် ရေးမှူး ဦးအောင်ဇင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး မြင့်သိန်း၊ ဝန်ကြီးချုပ် ဦးနု၏ သမီးဖြစ်သူ ဒေါ်သန်းသန်းနုနှင့် မျောက်တစ်ရာဘုရားပွဲဖြစ်မြောက်ရေး အလှူရှင် ဦးမြင့်ဆန်းတို့ ပါဝင်၍ ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ရာ စေတီတော်ကြီးအား ခုနစ်ရက်သားသမီးများ၏ ကောင်းမှုတော် ဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလပိုင်းတွင် ပြန်လည်မွမ်းမံ ပြုပြင်နိုင်ရေး ကျွမ်းကျင်အင်ဂျင်နီယာဖြင့် တိုင်ပင်ဆွေးနွေး ၍ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ စေတီတော်ကြီး ပြန်လည်မွမ်းမံခြင်း မပြုသေးမီ သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေးအတွက် ဆိပ်ခံတံတားမှ စေတီ တော်ကြီးသို့ သွားရာလမ်းပိုင်းကို ခင်းကျင်းဆောင်ရွက်ရန် ဆုံးဖြတ်ကြကြောင်း သိရသည်။

**မိုးစက် (ဘိုကလေး)**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း မင်းလှမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပဲခူး ဇွန် ၂၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယမန်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ မင်းလှမြို့ နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်းလှမြို့ အမှတ်(၆) ရပ်ကွက် ဘူတာလမ်းဆင်းတွင် တည်ဆောက်လျက်ရှိသည့် မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ယူတည်ဆောက်နေသည့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူက ရှင်းလင်းပြသမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် မင်းလှမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သည့် အုတ်စီရေမြောင်းတူးဖော်ခြင်း၊ ပလက်ဖောင်းပြုလုပ်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ မြို့ပတ်လမ်းများ အတွင်း အဆင့်မြှင့်လျှပ်စစ်မီးများ တပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့မိမြို့ဖများ၊ ဈေးသူဈေးသားများ၏ သဘောထားကိုခံယူ၍ တည်ဆောက်မည့် မြို့မမြောက်ဘက်ဈေးကို အာစီနှစ်ထပ်ဈေးအဖြစ် တည်ဆောက်ရန် လျာထားမှု အခြေအနေများနှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသီဟဖြိုးတို့က ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးပြီး ဆောင်ရွက်သင့်သည်များကို ညွှန်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်းလှမြို့တွင် လက်ရှိရောင်းချနေသော မြို့မမြောက်ဘက် ဈေးဟောင်းအတွင်းရှိ ဈေးဆိုင်ခန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အဖွဲ့ သာသနာ့ဗိမာန်တော် တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

## မျိုးကောင်းမျိုးသန့်နှမ်းများ ထုတ်လုပ်ရောင်းချ

**ကျောက်ဆည် ဇွန် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် မြို့နယ် ကုလကျေးရွာရှိ ရွှေဆည်မြေ မျိုးစေ့ထုတ် သမဝါယမအသင်း လီမိတက်၏ အသင်းသားများမှ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ နည်းပညာသုံး၍ အသင်းသားပိုင်ဧက ၃၅ ဧကပေါ်တွင် မျိုးကောင်းမျိုးသန့် နှမ်းများဖြစ်သော နွေနှမ်း (နှမ်းနက်)၊ စိန်ခြယ်နှမ်း၊ မကွေး (၁/၁၃) နှမ်းမျိုးတို့ကို စိုက်ပျိုးခဲ့ပြီး ယခုအခါတွင် နှမ်းရိတ်သိမ်းခြင်းနှင့် နှမ်းခါခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ မျိုးကောင်းမျိုးသန့်နှမ်းများမှာ တစ်ဧကလျှင် ၁၅ တင်းခန့် ထွက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ တရုတ်နိုင်ငံဈေးကွက်သို့ ရောင်းချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## လုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေးသင်တန်းဖွင့်

**ထားဝယ် ဇွန် ၂၉**

ပင်လယ်ငါးဖမ်း ရေယာဉ်ရေလုပ်သားများအတွက် လုပ်ငန်းခွင် ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးသံချောင်းက တိုင်းဒေသကြီးအတွင်း၌ရှိသော ပင်လယ်ငါးဖမ်းရေယာဉ်များပေါ်ရှိ ရေလုပ်သားများ၊ ရေယာဉ်မှူးများအား အသိပညာဗဟုသုတများရရှိစေပြီး သိရှိလိုက်နာစေရန်၊ ပင်လယ်ပြင်လုပ်ငန်းခွင်တွင် ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရမည့်နည်းလမ်းများ၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေး စသည့်ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ပင်လယ်ငါးဖမ်းရေယာဉ်ရေလုပ်သားများအနေဖြင့် လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေစဉ် ကျန်းမာရေးအရသော်လည်းကောင်း၊ ရာသီဥတု အခြေအနေအရ အန္တရာယ်နှင့် ရင်ဆိုင်လာရပါက သင်တန်းမှပို့ချထားသော အတွေ့အကြုံများကို လက်တွေ့အခြေအနေနှင့် ပေါင်းစပ်စေခြင်းဖြင့် မိမိတို့၏ အသက်အန္တရာယ်ကာကွယ်မှုတွင် ယခင်ကထက်ပိုမိုပြီး အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် တာဝန်ရှိသူများက သင်တန်းသား ၂၅ ဦးအား ပင်လယ်ငါးဖမ်းရေယာဉ် ရေလုပ်သားများအတွက် လုပ်ငန်းခွင် ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းရေး၊ VMS ဆိုင်ရာ ညွှန်ကြားချက်များ၊ တားမြစ်ငါးဖမ်းကိရိယာများ၊ ဖမ်းဆီးခွင့်မပြုသော ငါးအမျိုးအစားများ၊ ငါးမဖမ်းရရာသီနှင့် နေရာများ စသည်တို့ကို ဇွန် ၃၀ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်များအား အစားအစာကိုယ်တိုင်ကျွေးမွေးနိုင်ပြီး အစာဖိုးအလှူငွေများ လာရောက်လှူဒါန်းနိုင်

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်များအတွက် အစားအစာများ ကိုယ်တိုင်လာရောက်ကျွေးမွေးနိုင်ပြီး အစာဖိုး အလှူငွေများကို ကန့်သတ်ချက်မရှိ လာရောက်လှူဒါန်းနိုင်ကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ် စီမံမန်နေဂျာထံမှ သိရသည်။

ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရန် နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း လူစုလူဝေး မဖြစ်ပေါ်စေရန်တို့အတွက် တိရစ္ဆာန်ဥယျာဉ်ကို မတ် ၂၆ ရက်မှစတင်၍ ရက်အကန့်အသတ်မရှိ ပိတ်ထားလျက်ရှိသည်။ ဥယျာဉ်အတွင်းရှိ တိရစ္ဆာန်များကို တိရစ္ဆာန်ချစ်သူများက ကိုယ်တိုင်အစာကျွေးမွေးလိုပါက နံနက် ၈ နာရီခွဲနှင့် မွန်းလွဲ ၂ နာရီတို့တွင် အလှူရှင်များ လာရောက်ကျွေးမွေးနိုင်ကြောင်း သိရသည်။ နံနက်ပိုင်း တစ်ဖွဲ့နှင့် မွန်းလွဲပိုင်း တစ်ဖွဲ့ ဖြင့် တစ်ရက်လျှင် နှစ်ဖွဲ့သာ ကျွေးခွင့်ပြုမည်ဖြစ်သည်။ ထိုသို့ လာရောက်ရာတွင် တစ်ဖွဲ့လျှင် လူဦးရေအနည်းဆုံး ငါးဦးမှ အများဆုံး ခုနစ်ဦးသာ လာရောက်ခွင့်ပြုမည် ဖြစ်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်ပြီး နှာခေါင်းစည်းများ တပ်ဆင်ထားရမည်ဖြစ်သည်။

တိရစ္ဆာန်များကို အစာကျွေးရာတွင် အလှူရှင်များကိုယ်တိုင် အသီးအနှံနှင့် အရွက်များကို ပြင်ပမှဝယ်ယူလာပြီး တိရစ္ဆာန်များ၏ ကျန်းမာရေးအတွက် ပြင်ပမှဝယ်ယူလာသည့် အစာများကို တိရစ္ဆာန်ဥယျာဉ်ရှိ တာဝန်ရှိသူတို့က စစ်ဆေးပြီးမှသာ ကျွေးခွင့်ရမည်ဖြစ်သည်။ ထိုသို့ ကျွေးမွေးရန်အတွက် ကြိုတင်ရက်ချိန်း ယူရမည်ဖြစ်ပြီး ရက်ချိန်းရသည့်နေ့တွင် ကိုယ်တိုင်အစာဝယ်ရမည် ဖြစ်သည်။ ဝယ်ရမည့် အစာပမာဏအမျိုးအစားတို့ သတ်မှတ်ချက်ရှိပြီး အစာဖိုးအလှူငွေများကို ကန့်သတ်ချက်မရှိ လာရောက်လှူဒါန်းနိုင်သည်။ တစ်ရက်စာလှူဒါန်းလိုပါက ငွေကျပ် ၁၀ သိန်း သတ်မှတ်ထားပြီး ရန်ကုန် တိရစ္ဆာန်ဥယျာဉ်တွင် တိရစ္ဆာန်မျိုးစိတ် ၁၃၆ မျိုးရှိကာ တိရစ္ဆာန်အကောင်ရေစုစုပေါင်း ၁၅၀၀ ကျော်ရှိသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်များကို အစာကျွေးမွေးလိုပါက ကြိုတင်စာရင်းပေးရန် လိုအပ်သည်။ အလှူရှင်များက ကျွေးမွေးလိုသည့် ရက်၊ ကျွေးမွေးလိုသည့် အစာနှင့် အစီအစဉ်အသေးစိတ်ကို ဖုန်း- ၀၉-၆၈၂၀၁၁၃၇၀၊ ၀၉-၄၄၈၀၀၇၅၂၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**အောင်သူရ**

# တနင်္သာရီတံတားသစ်ကို အသုံးပြုပြီဖြစ်၍ တံတားဟောင်းမှ ဘေလီနှင့် ဆက်စပ်ပစ္စည်းများကို စတင်ဖြုတ်သိမ်း

**တနင်္သာရီ ဇွန် ၂၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် အတွင်းရှိ တနင်္သာရီမြစ်ဖြတ် တစ်လမ်းမောင်း တနင်္သာရီတံတားဟောင်းမှ ဘေလီနှင့် ဆက်စပ်ပစ္စည်းများကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)က တာဝန်ယူ၍ ဇွန် ၂၈ ရက် နံနက်ပိုင်းမှစတင်ကာ ဖြုတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့(၄) လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင်ထံမှ သိရသည်။

အဆိုပါတနင်္သာရီတံတားဟောင်းကို ၁၉၉၉ ခုနှစ် ဇွန် ၁ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အရှည် ပေ ၁၁၆၀၊ ယာဉ်သွားလမ်းအကျယ် ၁၁ ပေနှင့် တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၇၈ ပေ၊ ရေလမ်းကင်းလွတ် အမြင့် ၁၅ ပေရှိပြီး တံတားအမျိုးအစားမှာ အပေါ်ထည်ဘေလီ၊ သံကူကွန်ကရစ်၊ အုတ်မြစ်မှာ သံကူကွန်ကရစ်လွန်တူးပိုင်နှင့် ရေတွင်းခွေဖြစ်ပြီး ယာဉ်တစ်စီးချင်း ၂၄ တန်သာ ဖြတ်သန်းခွင့်ပြုသည့် တစ်လမ်းမောင်း တံတားဖြစ်သည်။

အဆိုပါတံတားဟောင်းသည် သက်တမ်း ၂၀ နှစ်ကြာမြင့်နေပြီဖြစ်ရာ သဘာဝရာသီဥတုဒဏ်များနှင့် နေ့စဉ်ဖြတ်သန်းသွားလာနေသည့် ကုန်တင်ယာဉ်များ၏ ဒဏ်ကြောင့် ဟောင်းနွမ်းဆွေးမြည့်လာသလို တနင်္သာရီတံတားသစ်ကြီးမှာလည်း တည်ဆောက်ပြီးစီးကာ ဇွန် ၁၃ ရက်မှစ၍ မော်တော်ယာဉ်များကို တံတားသစ်ပေါ်မှ ဖြတ်သန်းသွားလာခွင့်ပြုထားပြီဖြစ်သဖြင့် လမ်းပန်းဆက်သွယ်မှု၊ ကုန်စည်စီးဆင်းမှုများ အဆင်ပြေချောမွေ့နေပြီဖြစ်သောကြောင့် တံတားဟောင်းမှဘေလီနှင့် ဆက်စပ်ပစ္စည်းများကို ပြန်လည်ဖြုတ်သိမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

တံတားဟောင်းကို ဖြုတ်သိမ်းသည့် လုပ်ငန်းသည် အနည်းဆုံး ၁၅ ရက်ခန့် ကြာမြင့်မည်ဖြစ်ကြောင်းနှင့် အဆိုပါ တံတားဟောင်းကို ဖြုတ်သိမ်းမှုမှ ပြန်လည်ရရှိသော ဘေလီနှင့် ဆက်စပ်ပစ္စည်းများကို တနင်္သာရီမြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်မည့် အရှည် ပေ ၁၀၀ နှင့်အောက် ကျေးရွာချင်းဆက် တံတားငယ်များတွင် ပြန်လည်အသုံးပြုသွားမည် ဖြစ်ကြောင်း တံတား တည်ဆောက်ရေးအဖွဲ့(၄)မှ သိရသည်။



တံတားဟောင်းမှ ဘေလီနှင့် ဆက်စပ်အစိတ်အပိုင်းများကို ပြန်လည်ဖြုတ်သိမ်းနေစဉ်

**သတင်းနှင့်ဓာတ်ပုံ-နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ငါးရစ်ငါးသန်ကာလအတွင်း ငါးဖမ်းဆီးမှုမရှိစေရေး အသိပညာပေး

**မော်လမြိုင်ကျွန်း ဇွန် ၂၉**

လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် အောက်မအူတုံးကျေးရွာမှ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ရရှိစေရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၂၇ ရက်က ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်နှင်းရည်စိုးက ငါးစားသုံးရခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ၊ ကိုဗစ်ကာလအတွင်း မိမိတို့အိမ်တွင် နေထိုင်ကြရစဉ် အာဟာရဓာတ်မျှတစွာရရှိအောင် ဂရုပြုစားသောက်ကြရန်၊ ငါးစားသုံးခြင်းဖြင့် ဗီတာမင် ဒီနှင့် ဇင့်ဓာတ်များရရှိသဖြင့် ကိုဗစ်-၁၉ အပါအဝင် ရောဂါပိုးများကို ခုခံကာကွယ်ရန် ကိုယ်ခံစွမ်းအား ကောင်းမွန်စေရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်ပုံများနှင့် ငါးသယံဇာတ တိုးပွားရေးအတွက် ငါးရစ်ငါးသန်ကာလအတွင်း တရားမဝင် ငါးဖမ်းဆီးမှုမရှိစေရေး စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထိုနောက် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများနှင့်အတူ ငါးရစ်ငါးသန်ကာလ ငါးမဖမ်းဆီးရေး သတိပေးတားမြစ်ချက်ဆိုင်းဘုတ်ကို စိုက်ထူကြသည်။

**သီတာအောင်(ပြန်/ဆက်)**

## မော်လမြိုင်၌ မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ ရှင်းလင်းပြီး ဥပဒေစာအုပ်များဝေငှပေး

**မော်လမြိုင် ဇွန် ၂၉**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူများအား ၂၀၂၀ ပြည့်နှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအကြောင်း ရှင်းလင်းပြီး ဥပဒေစာအုပ်များ ဝေငှပေးခြင်းကို အမှတ် (၁၂) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ၊ အမှတ် (၇၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မော်လမြိုင်)မှ ရဲအုပ် သက်နောင်ကျော်နှင့် တပ်ဖွဲ့ဝင် ၃၀ က ဇွန် ၂၈ ရက်တွင် မော်လမြိုင်ဈေးကြီး မီးပွိုင့်၌ ဆောင်ရွက်ခဲ့သည်။

ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ရပ်တန့်စေ၍ ယာဉ်မောင်းသူများအား ၂၀၂၀ ပြည့်နှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပါအကြောင်းအရာများကိုလည်းကောင်း၊ မော်တော်ဆိုင်ကယ်များအနေဖြင့် နေ့တွင်ဖြစ်စေ၊ ညဘက်တွင်ဖြစ်စေ အရှေ့ အောက်မီးဖွင့်၍ မောင်းနှင်ရန်လည်းကောင်း အသိပညာပေးပြောကြားပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်းပညာပေး လက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြောင်း သိရသည်။ **ကိုကိုရှူပ**



ယာဉ်မောင်းသူတစ်ဦးအား ဥပဒေစာအုပ် ဝေပေးနေစဉ်

## ရေစကြိုမြို့နယ် ပခန်းငယ်ကျေးရွာ၌ ချင်းတွင်းမြစ်ကမ်းပါး ကမ်းပြိုကာကွယ်ရေးအတွက် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံနှင့် မြေထိန်းတမံ တည်ဆောက်လျက်ရှိ

**ရေစကြို ဇွန် ၂၉**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း ချစ်သူကျေးရွာနှင့် ပခန်းငယ်ကျေးရွာတို့၌ ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုခြင်းမှ ကာကွယ်ရေးအတွက် ပခန်းငယ်ကျေးရွာ ချင်းတွင်းမြစ်ကမ်းပါးတွင် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံနှင့် မြေထိန်းတမံကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၄) မကွေးတိုင်းဒေသကြီးရုံးက တာဝန်ယူ တည်ဆောက်လျက်ရှိရာ လက်ရှိအချိန်တွင် တည်ဆောက်ရေးလုပ်ငန်း၏ ၇၅ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပခန်းငယ် ရှေးဟောင်းအဆောက်အအုံကို ကာကွယ်တဲ့အနေနဲ့ ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံနဲ့ မြေထိန်းတမံ ပေ ၁၉၀ ကို တည်ဆောက်နေပါတယ်။ လက်ရှိမှာ ကျွန်တော်တို့ နံရံတွေစီနေပါတယ်။ နောက်ကျောက်ကွက်စီလို့ရတဲ့ အပိုင်းတွေ ဆက်စီနေပါတယ်။ လုပ်ငန်းပြီးစီးမှုက ၇၅ ရာခိုင်နှုန်း ပြီးစီးပါပြီ"ဟု မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီက ပြောသည်။

ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံနှင့် မြေထိန်းတမံ တည်ဆောက်ခြင်းအားဖြင့် ပခန်းငယ်ကျေးရွာနှင့် ချစ်သူကျေးရွာတို့ရှိ မြေများ ကမ်းပြိုသည့်ဘေးမှ ကာကွယ်နိုင်မည်ဖြစ်ပြီး အထူးသဖြင့် ပခန်းငယ်ကျေးရွာမှ နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိ ရှေးဟောင်း ကျွန်းကျောင်းတော်ကြီးနှင့် ရှေးဟောင်းစေတီပုထိုးများကို ကမ်းပြိုကျရာတွင် ပါဝင်နိုင်သည့် ဘေးအန္တရာယ်မှ ကာကွယ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

"ပခန်းငယ်နဲ့ ချစ်သူရွာဘက်မှာ ကမ်းတွေက လိုက်ပြီး ပြိုလာတာကို တွေ့ရပါတယ်။ ပခန်းငယ်ရွာရော ချစ်သူရွာရောမှာ ဒီလိုသာ တောက်လျှောက်ပြိုလို့ရှိရင် ရွာတွေအကုန်ရွှေ့ရမယ့် လက္ခဏာ ရှိပါတယ်။ ဒါ့အပြင် ကမ်းပြိုနေတဲ့နေရာ အနောက်ဘက် ကိုက် ၁၀၀ လောက်မှာ ပခန်းမင်းကြီးဦးရန်ဝေး တည်ဆောက်ခဲ့တဲ့ ကျွန်းကျောင်းတော်ကြီးရှိပါတယ်။ တကယ်လို့သာ ကမ်းပြိုခဲ့ရင် အဲဒီနေရာကြီးက ပါသွားမှာပါ။ ဒါကြောင့်မို့လို့ ဒီဟာလေးကို ကာကွယ်ထိန်းသိမ်းဖို့ ရေကာတာရိုက်တာပါ၊ လာမယ့် ရေတက်လာတဲ့အချိန်မှာ ကမ်းပြိုတာတွေကို ကာကွယ်နိုင်လိမ့်မယ်လို့ ဦးလေးတို့ ယုံကြည်ပါတယ်"ဟု ရေစကြိုမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်သောင်းက ပြောသည်။

ပခန်းမင်းကြီး ဦးရန်ဝေးသည် ပခန်းငယ်ကျောင်းတော်ကြီးကို အပြစ် အနာ အမျက် မပါသည့် ပေ ၁၂၀ မှ ပေ ၁၆၀ အထိ အရှည်ရှိပြီး လုံးပတ် ငါးပေမှ ရှစ်ပေကျော်အထိရှိသည့် ကျွန်းတိုင်လုံးပေါင်း ၃၃၂ တိုင်နှင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၂၁၈ ခုနှစ်မှ ၁၂၂၆ ခုနှစ်အထိ ခုနစ်နှစ်ကျော် ကြာအောင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျွန်းကျောင်းတော်ကြီးနှင့် ကျောင်းတော်ကြီးဝင်းအတွင်းရှိ ရှေးဟောင်း စေတီပုထိုးများကို ကမ်းပြိုကျသည့်အန္တရာယ်မှ ကာကွယ်ရန်နှင့် ပခန်းငယ်ကျေးရွာနှင့် ချစ်သူကျေးရွာတို့ရှိ ကျေးရွာမြေဧရိယာများ ကမ်းပြိုသည့်အန္တရာယ်မှ ကာကွယ်ရန်အတွက် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံနှင့် မြေထိန်းတမံ တည်ဆောက်ခြင်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။



ပခန်းငယ်ကျေးရွာမှ ကျောက်စီတမံ တည်ဆောက်ရေးလုပ်ငန်းခွင်

**အိမွန်ဆွေ(ရေစကြို)**

## မြဝတီမြို့နယ်မှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများထံသို့ ငွေကြေးထောက်ပံ့

**မြဝတီ ဇွန် ၂၉**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကာလတွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုးကို နိုင်ငံတော်အစိုးရက ပြီးခဲ့ သည့် ဧပြီလက ထောက်ပံ့ပေးခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် မရရှိခဲ့သည့် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းမှ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု ၁၀၉၉၅ စုအား တစ်အိမ်ထောင်လျှင် ကျပ် ၁၅၀၀၀ နှုန်းဖြင့် ဇွန် ၂၉ ရက်က ပြန်လည်ထောက်ပံ့ပေးကြောင်း သိရသည်။

ထောက်ပံ့ငွေ ပြန်လည်ပေးအပ်ရာတွင် ရရှိပြီးသားသူများ မပါရှိစေရေး၊ အမှန်တကယ် ရသင့်ရထိုက်သောသူများအား လက်ဝယ်အရောက် ပေးအပ်နိုင်ရေးအတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုတို့က ကြီးကြပ်ဆောင်ရွက်ကာ မြဝတီမြို့ အမှတ် (၄)ရပ်ကွက်ရှိ အိမ်ထောင်စုပေါင်း ၁၀၀၀ အတွက် ငွေကျပ်သိန်း ၁၅၀ ကို ဇွန် ၂၉ ရက်က ထောက်ပံ့ပေးအပ်သည်။

အဆိုပါထောက်ပံ့ငွေများမှာ နိုင်ငံတော်က ထောက်ပံ့ပေးခြင်းဖြစ်ပြီး အိမ်ထောင်စု ၁၀၉၉၅ စုအတွက် စုစုပေါင်းထောက်ပံ့ငွေမှာ ကျပ် ၁၆၄၉၂၅၀၀၀ ဖြစ်ကာ အဆိုပါထောက်ပံ့ငွေများကို မြဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံသို့ ဇွန် ၂၆ ရက်ကပင် စနစ်တကျ ခွဲဝေပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**

## မကွေး၌ အရောင်းအဝယ်လုပ်ငန်းခွင်များမှ ဒစ်ဂျစ်တယ်ကတ္တားများအားလုံးကို ပြန်စစ်မည်

**မကွေး ဇွန် ၂၉**
စီးပွားရေးလုပ်ငန်းများတွင် မသမာသူအချို့ကြောင့် ပြည်သူများနစ်နာမှုမရှိစေရန်နှင့် မကွေးကုန်စည်ဒိုင်၏ စံယူနစ်စနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ပွဲရုံများ၊ ဈေးများ၊ အရောင်းအဝယ်လုပ်ငန်းခွင်များအားလုံးမှ ဒစ်ဂျစ်တယ်ကတ္တားများ အားလုံးကို ပြန်စစ်သွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ သိရသည်။

အသင်းမှ တာဝန်ရှိသူများနှင့် ဖီးနစ်၊ ချမ်းသာ၊ စင်ထွာ၊ စီထွာ၊ ဓန စသည့် ဒစ်ဂျစ်တယ်ကတ္တားကုမ္ပဏီငါးခုမှ တာဝန်ခံများ ဇွန် ၂၈ ရက် မနက်ပိုင်းတွင် တွေ့ဆုံခဲ့ကာ ရောင်းချပြီးသော ကတ္တားများအားလုံးကို ပြန်လည်စစ်ဆေး၍ (တစ်ကျပ်သား၊ နှစ်ကျပ်သား ကွာဟချက်မှအပ) စံယူနစ် အခြင်အတွယ်များ မှန်ကန်အောင် တစ်လအတွင်း လုပ်ဆောင်သွားမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

"တချို့သော မသမာတဲ့ပွဲရုံတွေ၊ ကုန်သည်တွေက ကတ္တားမမှန်ဘဲ လုပ်စားတာတွေရှိနေတယ်လို့ ကြားနေရတယ်။ မကွေးကိုလာရောင်းတဲ့ပစ္စည်း မှန်သမျှ စံယူနစ်စနစ်နဲ့ ချိန်ပေးနိုင်ဖို့ ဒီနေ့လုပ်ဆောင်ကြတာပါ။ ကုမ္ပဏီတွေက ကတ္တားတွေကို စစ်ပြီးရင် အလေးချိန်စနစ်ကို တာဝန်ယူရမယ်။ စတစ်ကာတွေကပ်ရမယ်၊ ကုန်စည်ဒိုင်ကို စာရင်းတွေပို့ရမယ်။ စစ်ဆေးထားခြင်းမရှိတဲ့ ကတ္တားတွေနဲ့ ရောင်းဝယ်ခွင့်မပြုတော့ပါဘူး"ဟု မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဖိုးနီက ပြောသည်။


ပွဲရုံတစ်ခုတွင် အသုံးပြုနေသော ဒစ်ဂျစ်တယ်ကတ္တားများ

ကတ္တားများမှာ သက်ဆိုင်ရာကုမ္ပဏီများ၏ လျှို့ဝှက်ကုတ်နှင့် ကွန်ပျူတာစနစ်ကို အသုံးပြု၍သာ ပြင်နိုင်ပြီး ပြင်ချင်တိုင်းပြင်၍မရကြောင်း ကုမ္ပဏီတာဝန်ရှိသူများဘက်က ပြောဆိုသည်။ ကုန်သည်ကြီးများကလည်း ကတ္တားများကို လျှပ်စစ်မီတာဘောက်များကဲ့သို့ ဆီးလ်တံဆိပ်များဖြင့်ပိတ်ပြီး ဖြုတ်လျှင်၊ ပြင်လျှင် သိရှိနိုင်အောင် လုပ်စေချင်ကြောင်း၊ ကုမ္ပဏီဘက်မှလူအချို့နှင့် လုပ်ငန်းရှင်အချို့ပေါင်း၍ ကိုယ့်အတွက်ကျန်အောင် ကတ္တားပြင်ဆင်မှုများ မရှိစေရန် ဝိုင်းဝန်းကာကွယ်ပြီး မှန်ကန်သော ရောင်းဝယ်မှု စံစနစ်သတ်မှတ်ချက်ကို လုပ်ဆောင်လိုကြောင်း ပြောကြားလျက်ရှိသည်။

ဇေယျာတု(မကွေး)

## ပုလဲမြို့နယ်မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့်ပြီးစီး

**ပုလဲ ဇွန် ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေများဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများအားလုံး ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းဦးက "၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေများကို ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၁၀၀ နှုန်း ချပေးပြီး ပြည်သူလူထုထည့်ဝင်ငွေများနဲ့ တောသာကျေးရွာမှာ ရွာအဝင် ဂျင်းခင်းခြင်းလုပ်ငန်း၊ ဂျပ်ကျေးရွာမှာ ရွာအဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ပေပင်ကျေးရွာမှာ ရွာအတွင်း ဂျင်းခင်းခြင်းလုပ်ငန်း၊ ကံသစ်(သီတင်း)ကျေးရွာမှာ ရွာအတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ မောင်းတုံကျေးရွာမှာ ရွာအတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ကြိုပင်ကျေးရွာမှာ ရွာအတွင်းဂျင်းခင်းခြင်းလုပ်ငန်း၊ တုန်းကန်ကျေးရွာမှာ ရွာအတွင်း ဂျင်းခင်းခြင်းလုပ်ငန်း၊ ဆင်ရှင်ကျေးရွာမှာ ရွာအဝင် ဂျင်းခင်းခြင်းလုပ်ငန်း၊ တောင်ပျောက်ကျေးရွာမှာ ရွာအဝင် ဂျင်းခင်းခြင်းလုပ်ငန်း၊ အင်တိုင်းသာကျေးရွာမှာ ကွန်ကရစ်ခင်းခြင်းနဲ့ ရေကျော်တည်ဆောက်ခြင်းလုပ်ငန်း၊ အိုင်းမကျေးရွာမှာ စာသင်ကျောင်းနံရံ အုတ်စီခြင်းနဲ့ ကြမ်းခင်းခြင်းလုပ်ငန်း၊ သစ်ကြီးတိုင်းကျေးရွာမှာ ပညာရေးဝန်ထမ်းအိမ်ရာ နံရံအုတ်စီခြင်းနဲ့ ကြမ်းခင်းလောင်းခြင်းလုပ်ငန်း၊ ငှက်ပျောတော(တောင်)ကျေးရွာမှာ စာသင်ကျောင်းနံရံအုတ်စီခြင်း၊ ကြမ်းခင်းလောင်းခြင်းနဲ့ မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်း၊ ညောင်ကုန်းကျေးရွာမှာ ရေစင်တည်ဆောက်ခြင်းနဲ့ ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ လက်တောင်းကြီးကျေးရွာမှာ စာသင်ကျောင်း အုတ်တံတိုင်း ကာရံခြင်းလုပ်ငန်း၊ သာယာကုန်းကျေးရွာမှာ ၄၀၀ ဗို့ခွာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအားလုံး ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ပါတယ်"ဟု ပြောသည်။

မင်းခန့်စိုး(ဇေယျာမြေ)

## လှိုင်းဘွဲ့မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှစ်ခု ဆောင်ရွက်ရန် ကျေးရွာ ၃၅ ရွာ ရွေးချယ်

**လှိုင်းဘွဲ့ ဇွန် ၂၉**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုနှင့် ကျေးရွာအခြေခံ အဆောက်အအုံ အထောက်အကူပြု (Cash For Work)စီမံကိန်းနှင့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(Village Revolving Fund Project)တို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါ စီမံကိန်းနှစ်ခုအတွက် ကျေးရွာ ၃၅ ရွာကို စိစစ်ရွေးချယ်ထားကြောင်း သိရသည်။

စီမံကိန်းနှစ်ခုအနက် ကုန်ထုတ်လုပ်မှုနှင့် ကျေးရွာအခြေခံ အဆောက်အအုံ အထောက်အကူပြု စီမံကိန်းအတွက် ကျေးရွာ ၂၅ ရွာကို ရွေးချယ်၍ စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ကျေးရွာတစ်ရွာလျှင် လုပ်ငန်းတစ်ခုသာ ဆောင်ရွက်ပြီး စီမံကိန်းထောက်ပံ့ငွေမှာ တစ်ရွာလျှင် ကျပ် သိန်းတစ်ရာခန့်ဖြစ်ကြောင်း သိရသည်။ ကျေးရွာ မတည်ရန်ပုံငွေ စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်မည့် ကျေးရွာ၏ အိမ်ခြေ အနည်းအများအပေါ် မူတည်ပြီး ကျေးရွာ ၁၀ ရွာကို စိစစ်ရွေးချယ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးစောအောင်မျိုးမြင့်ထံမှ သိရသည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများကို ဇွန်လ တတိယပတ်မှ စတင်ဆောင်ရွက်ပြီး ကျေးရွာကော်မတီများက တာဝန်ယူ၍ လုပ်ငန်းကို စက်တင်ဘာလအထိ သုံးလအတွင်း အပြီးဆောင်ရွက်ရမည်ဖြစ်ကာ ကျေးလက်ဒေသများ၏ ကုန်ထုတ်လုပ်မှု၊ ကျေးရွာဖွံ့ဖြိုးရေး လမ်းတံတားများနှင့် ရွာတွင်းလမ်းလုပ်ငန်းများကို ဦးစားပေးရွေးချယ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဇလွန်မြို့နယ်တွင် တာတမံပျက်စီးနိုင်သောအချက်များနှင့် ထိန်းသိမ်းစောင့်ရှောက်ရန်နည်းလမ်းများ လက်တွေ့သရုပ်ပြ

**ဇလွန် ဇွန် ၂၉**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် တာတမံပျက်စီးနိုင်သော အချက်များကို ဒေသခံပြည်သူများ သိရှိစေရန်နှင့် မိုးရာသီကာလ မြစ်ရေကြီးမှုများဖြစ်ပေါ်လာပါက တာတမံများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲကို ဇွန်လစတုတ္ထပတ်အတွင်းက ဧရာဝတီ-ဟင်္သာတတာ တာမိုင်(၂၅ / ၂) ကင်းစခန်းအမှတ်(၃)၌ ပြုလုပ်ခဲ့သည်။


သရုပ်ပြပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်းက တာတမံထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်က မြစ်ရေကြီးချိန်တွင် မြို့နယ်ဌာနဆိုင်ရာများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီးနောက် ဇလွန်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆယ်မောင်က မြစ်ရေကြီးချိန်တွင် သတိပြုရမည့် တာထိပ်ပေါ်ရေကျော်ခြင်း၊ ရေပေါက်(ထူးပေါက်)ခြင်း၊ တာအိခြင်း၊ သဲဗွက်ထ တာကျွံခြင်းများ ဖြစ်ပေါ်ပါက မြေသား သို့မဟုတ် သဲအိတ် ကန်သင်းဆင့်ခြင်း၊ မြေကတုတ်(ရေခွေ)များ ပြုလုပ်ခြင်းတို့ဖြင့် အရေးပေါ်ကာကွယ်စောင့်ရှောက်သည့် နည်းလမ်းများကို ဒေသခံပြည်သူများ သိရှိနားလည်စေရန် လက်တွေ့သရုပ်ပြ ရှင်းလင်းကာ ရေဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ငွေသန်း(ဇလွန်)

## မင်းဘူးမြို့ရှိ ဆင်းရဲနွမ်းပါးသည့် မသန်စွမ်းသူများအား ကိုဗစ်ကာလအတွင်း ထောက်ပံ့ငွေများပေးအပ်

**မင်းဘူး ဇွန် ၂၉**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ ဆင်းရဲနွမ်းပါးသည့် မသန်စွမ်းသူများအတွက် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ ကိုဗစ်-၁၉ ကာလအတွင်း ထောက်ပံ့ပေးအပ်သော ထောက်ပံ့ငွေများကို မင်းဘူးမြို့ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ဇွန် ၂၉ ရက်တွင် မသန်စွမ်းသူများထံသို့ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၏ သတ်မှတ်ချက်များနှင့်အညီ ဆင်းရဲနွမ်းပါးပြီး အမြင်အာရုံမသန်စွမ်းသူ၊ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အပြောအကြားမသန်စွမ်းသူ၊ ဉာဏ်ရည်မသန်စွမ်းသူများအား စိစစ်ရွေးချယ်၍ မကွေးတိုင်းဒေသကြီးတွင် မကွေးခရိုင်မှ ၁၀ ဦး၊ မင်းဘူးခရိုင်မှ ၁၀ ဦး၊ သရက်ခရိုင်မှ ၁၀ ဦးနှင့် ပခုက္ကူခရိုင်မှ ၁၀ ဦး စုစုပေါင်း ၄၀ အား တစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မင်းဘူးခရိုင်အတွင်း ထောက်ပံ့ငွေများ ပေးအပ်ရာတွင် မင်းဘူးမြို့မှ သုံးဦး၊ စလင်းမြို့မှ လေးဦးနှင့် ပွင့်ဖြူမြို့မှ သုံးဦး စုစုပေါင်း ၁၀ ဦးတို့အား ထောက်ပံ့ပေးခဲ့ကြောင်း မကွေးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း၏ တွဲဖက်အတွင်းရေးမှူးဖြစ်ပြီး မင်းဘူးမြို့ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်သူ ဦးတင်မိုးအောင်က ပြောသည်။



"ကျွန်တော်တို့ မင်းဘူးမြို့မှာ ကိုယ်အင်္ဂါမသန်စွမ်းသူ လူဦးရေ ၁၀၀ ကျော်ရှိပါတယ်၊ ကိုယ်အင်္ဂါမသန်စွမ်းသူတွေထဲမှာ အလုပ်မလုပ်နိုင်တဲ့သူရှိသလို အလုပ်လုပ်နိုင်တဲ့သူများလည်း ရှိပါတယ်၊ ဒါကြောင့် အလုပ်မလုပ်နိုင်တဲ့ သူတွေကိုတော့ ထောက်ပံ့ကြေးအနေနဲ့ လစဉ် ပုံမှန်ပေးစေချင်ပါတယ်၊ နောက်ပြီး အလုပ်လုပ်ကိုင်နိုင်တဲ့သူတွေကိုလည်း အများနည်းတူ အလုပ်အကိုင်အခွင့်အလမ်းများ တန်းတူအခွင့်အရေး ရရှိစေချင်ပါတယ်"ဟု ဦးတင်မိုးအောင်က ဆက်လက်ပြောကြားသည်။

မောင်မောင်(မင်းဘူး)

## ဆောမြို့နယ်မှ အခြေခံလူတန်းစားများအား ထောက်ပံ့ငွေများပေးအပ်

**ဆော ဇွန် ၂၉**
မကွေးတိုင်းဒေသကြီး ဆောမြို့မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်မှထောက်ပံ့သော အခြေခံစားသောက်ကုန် ငါးမျိုးကို ပြီးခဲ့သည့် ဧပြီလက ဖြန့်ဝေပေးခဲ့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိခဲ့သည့် အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် အစားထိုး ထောက်ပံ့ငွေများကို ဇွန် ၂၈ ရက်က လက်ဝယ်အရောက်ပေးအပ်ကြောင်း သိရသည်။

စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ရာတွင် ကျန်ရှိခဲ့သည့် အခြေခံလူတန်းစား အိမ်ထောင်စု တစ်စုလျှင် ထောက်ပံ့ငွေ ကျပ် ၁၅၀၀၀ နှုန်းဖြင့် ဆောမြို့ပေါ် ရပ်ကွက်များအတွင်းရှိ အိမ်ထောင်စု ၃၄၇ စုအတွက် ထောက်ပံ့ငွေကျပ် ၅၂၀၅၀၀၀ ကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

ဆောမြို့နယ်တစ်ခုလုံးတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၇၃၈ စုအား စားကုန်ငါးမျိုးကို နိုင်ငံတော်က ဧပြီလက ထောက်ပံ့ပေးအပ်ခဲ့ပြီး ထိုစဉ်က အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၁၀၉၇ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေ ကျပ် ၁၆၄၅၅၀၀၀ ကို ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

ဇော်မျိုးသန့်(ဆော)

## ကသာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာချင်းဆက် သစ်သားတံတားတည်ဆောက်

**ကသာ ဇွန် ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကလုံကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာချင်းဆက်သစ်သားတံတား တည်ဆောက်လျက်ရှိကြောင်း သိရသည်။အဆိုပါ သစ်သားတံတားသည် အရှည် ပေ ၃၅၀၊ အကျယ် ရှစ်ပေရှိပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ နှင့် ပြည်သူများထည့်ဝင်ငွေ ကျပ် ၁၀ သိန်း စုစုပေါင်း ကျပ်သိန်း ၁၁၀ ဖြင့် တည်ဆောက်ကာ တံတားတည်ဆောက်ပြီးစီးပါက အိမ်ခြေ ၃၃၀ ခန့်မှ လူဦးရေ ၂၀၀၀ ကျော်အား လမ်းပန်းဆက်သွယ်ရေး ပိုမိုချောမွေ့စေရန် အကျိုးပြုမည်ဖြစ်ကြောင်း ကသာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်မြင့်သန်းက ပြောကြားသည်။

မျိုးဝင်းညို(ကျွန်းလှ)

# ကမ္ဘာမြေကိုကာကွယ်ဖို့ ပလတ်စတစ်သုံးစွဲမှု လျှော့ချကြပါစို့

နိုင်ဦး (DOCA)



သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသုတေသန ပညာရှင်များက ပြောသည်မှာ ၁၀ နှစ်သားရှိသော မည်သည့်သစ်ပင်မဆို သဘာဝမိုးရေတွေ အလဟဿ မဆုံးရှုံးစေဖို့ ဂါလန် ၂၉၀၀ ကျော်ကို စုပ်ယူထိန်းသိမ်းပေးထားကြောင်း၊ လူတွေ အပူဒဏ်ကကာကွယ်ရေး အသုံးပြုနေသော အဲကွန်း ၁၀ လုံးစာ အအေးဓာတ်ကို ထုတ်လွှတ်ပေးနေကြောင်း၊ အပင်ပတ်ဝန်းကျင်ရှိ လေထုညစ်ညမ်းမှု၏ ၂၈ ရာခိုင်နှုန်းအထိကို သန့်ရှင်းအောင် စစ်ထုတ်ပေးနေကြောင်း ပြောဆို၏။

အာကာသခရီးစဉ် သုံးကြိမ်လိုက်ပါဖူးပြီး အာကာသထဲမှာ ရက်ပေါင်း ၆၆၅ ရက်အထိ နေထိုင်ခဲ့သည့် အမျိုးသမီးက အင်တာဗျူးတစ်ခုမှာ ပြောခဲ့ဖူးသည်။ ကျွန်မတို့ မြေကမ္ဘာကလေလောက် စိတ်ကြည်လင်လန်းဆန်းစေတာ၊ ရေလောက်အေးမြပြီး သန့်ရှင်းစင်ကြယ်စေတာ၊ သစ်ပင်များလောက် မျက်လုံးအေးပြီး နှစ်သက်စရာကောင်းတာ၊ မြေကြီးတွေလောက် အာဟာရဓာတ်ပေါကြွယ်ဝစေတာ အာကာသမှာ မရှိဘူးဟုဆိုသည်။ ပြီးတော့ ပထမအကြိမ် အာကာသခရီးစဉ်သွားတုန်းက ကမ္ဘာမြေကို အလွန်လွမ်းမိကြောင်း၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် သွားစဉ်အခါက ပုလင်းသေးသေးလေးတစ်လုံးထဲမှာ ကမ္ဘာက မြေကြီးနည်းနည်း၊ ရေလေးနည်းနည်းနှင့် သစ်ရွက်ခြောက်လေးတစ်ရွက်ကို ထည့်သွားရင်း အာကာသမှာနေစဉ် ကမ္ဘာမြေအလွမ်းကို ဖြေဖျောက်ခဲ့ရသည်ဟု ပြောသည်။

### အဖိုးရတနာ ထိုက်တန်

ကမ္ဘာ၏ မြေကြီးလေးတစ်တုံး၊ ရေလေးတစ်စက်၊ သစ်ရွက်ခြောက်လေးတစ်စသည် ဤမျှအဖိုးရတနာ ထိုက်တန်မှန်း အစကမသိခဲ့ပေ။ လူတိုင်းလူတိုင်းသည် ကမ္ဘာမြေမှ သန့်စင်သောလေ၊ ကြည်လင်သောရေ၊ အာဟာရပြည့်ဝသောမြေ၊ စိမ်းလန်းစိုပြည်သော သစ်ပင်၊ ပန်းပင်များကြောင့် သဘာဝဂေဟစနစ်၊ အစာကွန်ရက်စနစ်များ ဟန်ချက်ညီနေမှုကို အလကားလောက် နီးနီးရနေပါလျက် တန်ဖိုးထားရကောင်းမှန်းမသိပေ။ ပလတ်စတစ်ကဲ့သို့သော ဆွေးမြည့်ပျက်စီးရန် နှစ်ပေါင်းထောင်ချီကြာနိုင်သည့် ပစ္စည်းများကို လွယ်လွယ်ဝယ်ယူသုံးစွဲသည်၊ လွယ်လွယ်စွန့်ပစ်သည်၊ သဘာဝပတ်ဝန်းကျင်ညစ်နွမ်းမှာ သဘာဝဂေဟစနစ်၊ အစာကွန်ရက်စနစ်များ ဟန်ချက်ညီမှုပျက်စီးသွားမှာ နည်းနည်းမှ စိုးရိမ်ပူပန်မှုမရှိကြပေ။ နောင်တစ်ချိန် ကြည်လင်အေးမြသော ရေကို မြင်ပါလျက် ရေတွင် အညစ်အကြေးများပါသည် ထင်၍ မသောက်ဝံ့မှာ စိုးရိမ်ပါသည်။ သန့်ရှင်းစင်ကြည်သော လေကိုရှူရှိုက်ချင်ပါလျက် လေတွင်အဆိပ်အခိုးအငွေ့များပါသည်ထင်၍ သံသယကင်းစွာ ရှူရှိုက်ရန် မဝံ့မရဲဖြစ်မှာ စိုးရိမ်ပါသည်။ အာဟာရပြည့်ဝသော မြေဆီမြေနှစ်မှ ဖြစ်ထွန်းလာသည့် အပင်များကို အာဟာရပြည့်ဝစွာ စားသုံးချင်ပါလျက် အပင်များတွင် ခွင့်မပြုဓာတုအဆိပ်ခိုး ပါဝင်နိုးဖြင့် စိုးရွံ့မစားသုံးမှာ စိုးရိမ်ပါသည်။

### လွယ်လွယ်ကူကူရယူသုံးစွဲနေ

လက်ရှိကမ္ဘာပေါ်တွင် သဘာဝကပေးသော လက်ဆောင်မွန်များကို လွယ်လွယ်ကူကူရယူသုံးစွဲနေသည်။ စီးပွားရေး၊ ကြီးပွားရေးအတ္တများ အမှောင်ဖုံး၍ သဘာဝကပေးသော လက်ဆောင်မွန်များကို တန်ဖိုးမထား၊ ဖျက်ဆီးသကဲ့သို့ ဖြစ်လာနေသည်။ ရှားပါးလာသော ရေချို၊ ညစ်ညမ်းလာသော လေနှင့် ကျဉ်းမြောင်းလာသော မြေတို့ကြောင့် ကမ္ဘာကြီးသည် ပျက်စီးချုတ်ယွင်းမှု အရှိန်အဟုန်မြန်မြန် ဖြစ်လာနေသည်။ ဘယ်သူမပြု မိမိမှုပင် ဖြစ်သည်။ အသိဉာဏ် အဆင့်မြင့်သော၊ တွေးခေါ်မြော်မြင်နိုင်မှု မြင့်မားသော လူတို့ကြောင့်ပင် ဖြစ်သည်။ သဘာဝကပေးသော နေရာမြေ၊ သောက်စရာရေနှင့် ရှူစရာလေတို့ကို တန်ဖိုးထားရကောင်းမှန်းမသိပေ။ ထိုမြေ၊ လေနှင့် ရေတို့ကို ထာဝစဉ်ရရှိမည်ဟု ထင်မြင်ယူဆနေကြသည်။ ထို့ကြောင့်ပင် လူသားတို့၏ အပြစ်ခြောက်ပါးကို သဘာဝပတ်ဝန်းကျင်ပညာရှင်များက သတိမူမိစေရန်နှင့် ဆင်ခြင်မိနေစေရန် ဖော်ပြကြသည်။

### အတုယူစရာလုပ်ဆောင်မှု

တစ်ခါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဦးစီးမှူးရုံး

> “ကမ္ဘာ့မြေထု၊ ရေထု၊ လေထုအတွင်းမှာ ပလတ်စတစ်နှင့် ပတ်သက်သော အန္တရာယ်ရှိပစ္စည်းများ ဘယ်လောက်ထိပျံ့နှံ့နေပြီလဲ မသိနိုင်ပေ။ သို့သော် သိသာသည့်အချက်များမှာ ပလတ်စတစ်ပစ္စည်းများကြောင့်ဖြစ်သော ရောဂါများ ပိုမိုဖြစ်ပွားလာ။ ဆေးရုံ၊ ဆေးခန်းတွေ ပိုမိုဖွင့်လှစ်လာ။ ကျန်းမာရေးအတွက် အသုံးစရိတ်များ ပိုမိုသုံးရသဖြင့် တစ်ဦးချင်းဝင်ငွေများ နည်းပါးသွား။ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အန္တရာယ်ရှိလာ”

တစ်ရုံးက ပလတ်စတစ်ရေဘူးတွေနေရာမှာ ဖန်ဘူး၊ ဖန်ခွက်နှင့် အစားထိုးပြီး အစည်းအဝေးတစ်ခုလုပ်ခဲ့သည်။ အတုယူစရာလုပ်ဆောင်မှုဟု ကျွန်တော်ထင်သည်။ အခမ်းအနားတစ်ခုလုပ်ပါက သုံးစွဲလိုက်ရတဲ့ ပလတ်စတစ်ရေသန့်ဘူး နည်းတာမဟုတ်ပေ။ အခမ်းအနားတစ်ခုပြီးဆုံးပါက သုံးစွဲလိုက်ရသော ရေသန့်ဘူးခွံများကို သန့်ရှင်းရေးသမားများက သိမ်းဆည်းသည်။ မြေကြီးထဲရောက်တာတွေ ရှိသည်။ မီးရှို့ ဖျက်ဆီးလိုက်တာတွေ ရှိသည်။ ရောင်းတာတွေ ရှိသည်။ ဝယ်သူကလည်း အရည်ကျိုကာ တခြားပလတ်စတစ်အသုံးအဆောင်များ ပြန်လည်ထုတ်လုပ်ကြသည်။ အဲဒီ ပလတ်စတစ်ဘူးခွံ မြေကြီးထဲရောက်သွားရင် နှစ်ထောင်ချီ မပျက်မစီးရှိနေတတ်သည်။ မီးရှို့လိုက်ရင်လည်း ပလတ်စတစ်ညှော်နံ့တွေကြောင့် ရောဂါရသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်စေသည်။ ရုံးတိုင်း၊ အိမ်တိုင်းမှာရေကို ဖန်ဘူး၊ ဖန်ခွက်လေးတွေနဲ့ ညှော်ခံကြရင်၊ အသုံးပြုကြရင် ပလတ်စတစ်ကိုလည်း သုံးစွဲမှုလျှော့ရာ ရောက်သည်။ သဘာဝပတ်ဝန်းကျင်ကိုလည်း မပျက်စီးစေဘူး။ ငွေကို လည်းချွေတာရာ ရောက်တယ်။ ဒီလောက်ကောင်းတဲ့ ဆောင်ရွက်မှုမျိုးကို ကျွန်တော်တို့ အတုယူသင့်ပါသည်။ တဖြည်းဖြည်းနှင့် ပြောင်းလဲအသုံးပြုသင့်ပါသည်။ ဤကဲ့သို့ လူသားတို့၏ နေထိုင်မှု၊ ဝတ်စားဆင်ယင်မှု၊ စားသောက်မှုပုံစံများကြောင့် ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီးကို ဖျက်ဆီးပစ်လိုက်သကဲ့သို့ ဖြစ်မှာစိုးရိမ်မိသည်။

ကျွန်တော်တို့ လူသားတွေထင်သလို ကမ္ဘာကြီးက ပေးအပ်ထားသော သဘာဝအရင်းအမြစ်များသည် သုံးမကုန်၊ စားမကုန်ရှိနေသည်ဟု အထင်မမှားသင့်ပေ။ အချိန်အတိုင်းအတာ ရှိသည်။ လူသားတို့၏ ဂရုစိုက်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ အားပေးကူညီမှုတို့ဖြင့် စောင့်ရှောက်ထိန်းသိမ်းမှသာလျှင် ရေရှည်အသုံးပြုနိုင်မည်ဖြစ်သည်။ သုံးမကုန်၊ စားမကုန်ပေးထားသည်ဟု ထင်မြင်ပါကမူ မကြာမီ သဘာဝအရင်းအမြစ်များသည် ကုန်ဆုံးပြီး လူသားကမ္ဘာလည်း ပျက်စီးသွားမှာ စိုးထိတ်မိပါသည်။

ထို့အပြင် သဘာဝသည် လူသားတို့ စွန့်ထုတ်သော အညစ်အကြေးမှန်သမျှကို စုပ်ယူသိမ်းဆည်းနိုင်သည်ဟု အမြင်မှားနေမှုကိုလည်း ပယ်ဖျောက်ထားသင့်သည်။ သဘာဝမိခင်မြေကြီးအတွက် အာဟာရဖြစ်စေမည့် အညစ်အကြေးများများသာ စုပ်ယူနိုင်ပြီး ပလတ်စတစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများကိုမူ မစုပ်ယူ၊ မဖျက်ဆီးနိုင်ပေ။ ကမ္ဘာမြေကြီးအတွက် အန္တရာယ်ရှိသော စွန့်ပစ်မှုများဖြစ်နေသည်ကို သတိထားသင့်သည်။

### ထိန်းသိမ်းစောင့်ရှောက်သင့်

သဘာဝမျိုးစိတ်များမှာ အသစ်တစ်ဖန်ရှင်သန်နေမည်ဟု အထင်မှားနေမှုများကိုလည်း စဉ်းစားသင့်သည်။ သဘာဝကပေးအပ်ထားသော မျိုးစိတ်လေးသန်းခန့်သည် လူသားတို့၏ မဆင်မခြင် ဆောင်ရွက်မှုများကြောင့် ကွယ်ပျောက်သွားပြီ ဖြစ်သည်။ ဆက်လက်၍လည်း အပင်များ၊ တိရစ္ဆာန်များ၊ မြေဆီလွှာများသည် အရှိန်အဟုန်ဖြင့် ကွယ်ပျောက်နေသည်။ သတိထားဆင်ခြင်ကာ သုံးစွဲမှသာလျှင် သဘာဝမျိုးစိတ်များကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ လူသားတို့၏ အနာဂတ်မျိုးဆက်သစ်များအတွက် သဘာဝကပေးသော မျိုးစိတ်များကို ကာကွယ်သင့်သည်၊ ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။

လူသားတို့၏ ခန္ဓာကိုယ်သည် လူသားတို့ ထုတ်လုပ်သော ဘေးထွက်ဆိုးကျိုးများကို ကာကွယ်နိုင်သည်၊ ခုခံနိုင်သည်ဟု အထင်တကြီးယုံကြည်မှုများသည်လည်း သဘာဝကို အကျိုးမပြုပေ။ သဘာဝနှင့် လူသားတို့သည် တစ်ခုနှင့်တစ်ခုကွင်းဆက်ပမာ အမှီသဟဲပြုကာ နေထိုင်ကြခြင်းဖြစ်၍ တစ်ဖက်ဖက်တွင် ဆိုးကျိုးဖြစ်ပါက တစ်ဖက်တွင် ခံစားရမည်မှာ မုချပင်ဖြစ်သည်။

သဘာဝကပေးသော အရင်းအမြစ်အားလုံးကို သိပ္ပံပညာဖြင့် ပြုလုပ်နိုင်သည်ဟု စိတ်ကြီးဝင်နေမှုများလည်းမဖြစ်သင့်ပေ။ သိပ္ပံပညာ မည်မျှပင်တိုးတက်ပါစေ၊ ဖွံ့ဖြိုးပါစေ၊ သဘာဝပစ္စည်းများကို မည်သို့ပင်တုပထားပါစေ၊ သဘာဝပစ္စည်းများကို မှီနိုင်မည်မထင်ပေ။ ပလတ်စတစ်ပန်းနှင့် သဘာဝပန်းများရောစပ်ထားသော ပန်းဥယျာဉ်ထဲတွင် ပျားများသည် ပန်းအစစ်ထံမှသာ ဝတ်ရည်စုပ်မည်မှာ အသေအချာပင်ဖြစ်သည်။ သိပ္ပံပညာဖြင့် သဘာဝတရားကြီးကို တုပခဲ့ရာမှ ပလတ်စတစ်ကဲ့သို့ ပစ္စည်းများကြောင့် သဘာဝတရားကြီးသည် ပျက်စီးလာနေသည်။ လူတွေ သေကျေရောဂါရကြသည်။ ကမ္ဘာကြီးမရှိပါက၊ လူသားများ ပျောက်ကွယ်ပါက သိပ္ပံပညာသည်လည်း နတ္ထိဖြစ်သွားမည်ကို ဂရုပြုသင့်ပါသည်။

### စက္ကန့် ၃၀ တိုင်း လူတစ်ဦးသေဆုံးနေ

ပလတ်စတစ်ပစ္စည်းများကို မဆင်မခြင်သုံးစွဲနေမှုများကြောင့် စက္ကန့် ၃၀ တိုင်း လူတစ်ဦးသေဆုံးနေပါသည်။ အံ့သြထိတ်လန့်စရာပင် ဖြစ်ပါသည်။ ပြီးတော့ ပလတ်စတစ်ပစ္စည်းများကြောင့် ကင်ဆာရောဂါအပါအဝင် အခြားဆက်နွယ်သော ရောဂါများကြောင့် နှစ်စဉ် လူသားတစ်သန်းခန့် အသက်သေဆုံးလျက်ရှိနေကြသည်ဟု မီဒီယာများတွင် ဖော်ပြထားချက်များအရ သိရှိရပြန်ပါသည်။ မကြာမီကလည်း ကမ္ဘာ့သမုဒ္ဒရာများ၏ အနက်ကို တိုင်းတာသည့်အဖွဲ့သည် ပေတစ်သောင်းကျော်အနက်သို့ အရောက်တွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို ထူးခြားစွာတွေ့ရသဖြင့် အံ့သြမှုဖြစ်ရသည်ဟု ဆိုပါသည်။ ပလတ်စတစ်တွေကို အစာအမှတ်စားမိသော ကုန်းနေ၊ ရေနေသတ္တဝါတွေ သေကျေပျက်စီးကြရသည်ကိုလည်း တွေ့မြင်နေရသဖြင့် စိတ်မကောင်းဖြစ်မိရသည်။

တစ်နေ့တစ်နေ့ကမ္ဘာကြီးတွင် နေ့စဉ်ပလတ်စတစ်စွန့်ပစ်ပစ္စည်းတန်ချိန်သန်းပေါင်း ၃၂၃ တန်ကို စွန့်ပစ်နေကြောင်း၊ အဲဒီထဲက တန်ချိန်သန်းပေါင်း ၆၂ တန်ကိုသာ ပြန်လည်အသုံးချကြောင်း၊ ကျန်သည့်စွန့်ပစ်ပလတ်စတစ်များကို ကမ္ဘာမြေပေါ်မှာရှိသော ချိုင့်ဝှမ်းများ၊ မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်၊ သမုဒ္ဒရာထဲသို့လည်းကောင်း၊ ဖွံ့ဖြိုးစနိုင်ငံများထံသို့ လည်းကောင်း၊ စွန့်ပစ်ကြကြောင်း၊ ပြီးတော့မီးရှို့ခြင်းဖြင့်လည်း ဖျက်ဆီးကြောင်း သိရှိရသည်။

ကမ္ဘာ့မြေထု၊ ရေထု၊ လေထုအတွင်းမှာ ပလတ်စတစ်နှင့် ပတ်သက်သော အန္တရာယ်ရှိပစ္စည်းများ ဘယ်လောက်ထိ ပျံ့နှံ့နေပြီလဲ မသိနိုင်ပေ။ သို့သော် သိသာသည့် အချက်များမှာ ပလတ်စတစ်ပစ္စည်းများကြောင့် ဖြစ်သောရောဂါများ ပိုမိုဖြစ်ပွားလာနေသည်။ ဆေးရုံ၊ ဆေးခန်းတွေ ပိုမိုဖွင့်လှစ်လာကြသည်။ ကျန်းမာရေးအတွက် အသုံးစရိတ်များ ပိုမိုသုံးရသဖြင့် တစ်ဦးချင်းဝင်ငွေများ နည်းပါးသွားကြသည်။ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အန္တရာယ်ရှိလာသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူများက အသိပညာပေးမှုများ ဆောင်ရွက်နေခြင်းဖြစ်သည်။

### ပို၍ပို၍ များပြားလာနေ

ထို့ကြောင့်ပင် မြန်မာနိုင်ငံရှိ တချို့သောဆိုင်များတွင် ကိုယ်ပိုင်အိတ်ဖြင့်ဈေးဝယ်လာပါက ချိုချဉ်၊ သကြားလုံးများ လက်ဆောင်ပေးခြင်း၊ စားသောက်ဆိုင်များတွင် ချိုင့်ဖြင့်လာ ရောက်ဝယ်ယူပါက ဟင်းများအပိုထည့်ပေးခြင်း၊ သဘာဝပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ထည့်စရာအိတ်များကို ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးခြင်းများဆောင်ရွက်နေသော်လည်း ပလတ်စတစ် ရေသန့်ဘူး ယဉ်ကျေးမှုသည် ပို၍ပို၍ များပြားလာနေပါသည်။ ပညာပေးမှုများ ရှိသော်လည်း လိုက်နာဆောင်ရွက်မှုမရှိခြင်းမှာ အတ္တ၊ လောဘသားများကြောင့်လား၊ အပြစ်ခြောက်ပါးကို မသိ၍ပဲလား မသိနိုင်ပေ။

သို့ဖြစ်၍ အတ္တ၊ လောဘ၊ ဒေါသကင်း၍ ကိုယ်ချင်းစာတရား၊ မေတ္တာတရားပြည့်ဝသော စိမ်းလန်းစိုပြည်သည့် နိုင်ငံဖြစ်လာစေရေးအတွက်ပြည်သူများအားလုံးမှ လိုက်ပါဆောင်ရွက်ကြစေချင်ပါသည်။ အပြုံးပန်းတွေဝေဆာပြီး သန့်စင်သောလေကို ရှူ၍၊ အေးမြကြည်လင်သော ရေကို ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်သည့် စိတ်ဓာတ်များ ကိန်းအောင်းစေချင်ပါသည်။ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများနေရာတွင် ရေရှည်အသုံးပြုနိုင်သည့် အန္တရာယ်ကင်းပစ္စည်းများဖြင့် အစားထိုး သုံးစွဲစေချင်ပါသည်။ အနာဂတ် မျိုးဆက်များအတွက် သန့်ရှင်းစင်ကြယ်သော လေ၊ ကြည်လင်အေးမြ သောရေ၊ အာဟာရပြည့်ဝသောမြေကို လက်ဆောင်အဖြစ် ပေးအပ်ရန် စံနမူနာကောင်းများ ပြစေချင်ပါကြောင်း စေတနာထား တိုက်တွန်းအပ်ပါသည်။ ။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မန္တလေး (၆)မြို့နယ် အတွင်း တပ်ဆင်ပြီး ရှိရိုးလမ်းဆုံ မီးပွိုင့်များတွင် Individual Loop Sensor စနစ်ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ ကွန်ပျူတာစနစ်ဖြင့် အဆင့်မြင့် မီးပွိုင့်နှင့် CCTV Camera များတပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ရန် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူသွားမည်ဖြစ်ပါသည်-

- (က) တင်ဒါစတင်ရောင်းချမည့်ရက် - ၁-၇-၂၀၂၀ရက်
- (ခ) တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၂၀ရက်
- (ဂ) တင်ဒါတင်သွင်းရမည့်နေရာ - အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ
- (ဃ) Individual Loop Sensor စနစ်ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း လုပ်ငန်းများအတွက် တင်ဒါတစ်စုံ ရောင်းချဈေးနှုန်း - ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)
- (င) ကွန်ပျူတာစနစ်ဖြင့် အဆင့်မြင့်မီးပွိုင့်နှင့်CCTV Cameraများ တပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် တင်ဒါတစ်စုံရောင်းချဈေးနှုန်း - ၁၅၀၀၀/- (ကျပ်တစ်သောင်းခွဲတိတိ)

၂။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန ဖုန်း- ၀၂-၄၀၆၀၂၅၊ လိုင်းခွဲ- ၀၂- ၄၀၃၆၁၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊**
**အဆောက်အအုံနှင့် ကုန်ရုံဌာန**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်(RE)ဘတ်ဂျက်ကာလအတွင်း လမ်းမီးထွန်းခြင်းလုပ်ငန်းအတွက် လိုအပ်သော LED မီးလုံး၊ မီးတိုက်(GI Pole)၊ မီးကြိုး၊ No.3 Main Source Box with Breakers များနှင့် 30/40 mm Ø Un dergroung Electrical Cable Protective Pipe (Orange Colour)များဝယ်ယူရန် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-

- (က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၂၀ရက်
- (ခ) **တင်ဒါပိတ်မည့်ရက်** - ၃၁-၇-၂၀၂၀ရက်
- (ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ
- (ဃ) **တင်ဒါတစ်စုံရောင်းဈေးနှုန်း** - ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)

၂။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန၊ ဖုန်း-၀၂-၄၀၆၀၂၅၊ လိုင်းခွဲ-၀၂-၄၀၃၆၁၇၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန**

## အများသိစေရန် ကြေညာခြင်း

၁။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၇၊ မြေကွက်အမှတ် ၉၉/ခ၊ မြေကွက်တည် နေရာအမှတ် ၉၉/ခ၊ ဟားခါး(၁)လမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (ဦးအောင်ကျော်)အေအေ- ၁၀၂၇၃၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ကျော်( အေအေ-၁၀၂၇၃၈) ထံမှ ပိုင်ဆိုင်စာချုပ် ၆၃၉၈၊ ၂၈-၆-၂၀၁၉ ဖြင့် ရရှိသူ ဒေါ်ကြည်ကြည်အုန်း ၁၂/မရက(နိုင်)၀၆၉၈၄၄ ၊ ဒေါ်ရီရီဝင်း ၁၂/ မရက(နိုင်)၀၇၁၃၉၅ ၊ ဦးတင်အောင်လှိုင် ၁၂/ဒဂရ(နိုင်)၀၁၂၄၉၁တို့မှ နှစ်(၆၀)မြေငှားဂရန် ပျောက်ဆုံးသွားပါသဖြင့် ဂရန်မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။

၂။ ဒေါ်ကြည်ကြည်အုန်း၊ ဒေါ်ရီရီဝင်းနှင့် ဦးတင်အောင်လှိုင်တို့မှ ဂရန်မိတ္တူလျှောက်ထားလာရာတွင် နှစ်(၆၀)ဂရန် ပျောက်ဆုံး ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ ကျမ်းကျိန်လွှာနှင့် ကိုယ်တိုင် ကတိဝန်ခံချက်တို့တင်ပြလျှောက်ထားခဲ့ပြီး သီးခြားသတင်းစာကြော်ငြာဆောင်ရွက်ခဲ့ရာ ကန့်ကွက်သူမရှိသဖြင့် အမှုတွဲအမှတ် ဒဂရ (ဂရန်မိတ္တူ ၂၀၁၉၁၂၂၄၃/၁၉(၁၂-၇-၂၀၁၉)ဖြင့် ဒေါ်ကြည်ကြည်အုန်း+၂ မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် ဦးအောင်ကျော် (အေအေ-၁၀၂၇၃၈) အမည်ဖြင့် ထုတ်ပေးထားသည့် မူရင်းဂရန်စာအုပ်ကို ပျယ်ဖျက်ပြီးကြောင်း ဂရန်မိတ္တူ ခွင့်ပြုကြောင်းကို ရုံးတွင်းအမိန့်ဖြင့် မှတ်သားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

- (က) ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာများ
- (ခ) ရုံးသုံးစက်ပစ္စည်းများ

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၂၀ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၁-၇-၂၀၂၀ရက်
**နေရာ** - အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်

တင်ဒါဖွင့်မည့်ရက်ကိုထပ်မံကြေညာပါမည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊**
**ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇၃-၄၀၃၅၈၆၊ ၀၆၇၃-၄၀၃၁၇၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ ဟာရီးကျေးရွာအုပ်စု၊ ဘာဘူကုန်းကျေးရွာနေ ဦးလာလ်မွန် ၇/ကတခ(နိုင်)၀၀၆၂၄၄ ၏သား မောင်ပေါ်ဝမ်းကူမာနှင့် မောင်လာလ်ဗဟာဒူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ပေါ်ဝမ်းကူမာ(ခ)**
**မောင်လာလ်ဗဟာဒူး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့နယ်၊ ဖိုင်ကျောင်းကျေးရွာအုပ်စု၊ စောဟောရွာနေ ဦးကြည်သာ၏သား စိုင်းထွန်းမင်း (ခ) စိုင်းနေထက်လင်း ၁၃/မဆတ(နိုင်)၀၇၀၀၂၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**စိုင်းထွန်းမင်း (ခ) စိုင်းနေထက်လင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ- ၄၁၁၈)၊ မြေဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဦးမြင့်နိုင်(ဘ)ဦးရာသိန်း(ခ)ယာသိန်း ၉/လဝန(နိုင်)၀၁၅၈၂၆ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ရွှေမိ(ဘ)ဦးစိန်မောင် ၉/ရမသ(နိုင်)၀၀၈၈၀၆မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိ ပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-မြို့သစ်(ခ)၊ လူနေရပ်ကွက် အမှတ်- မြို့သစ်(ခ)၊ မြေကွက်အမှတ် ၁၇၀(က)၊ မြို့သစ်(ခ)ရပ်ကွက်၊ ရွှေဝါ ၂လမ်း၊ အမှတ် ၁၇၀(က) ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား x အနံ)(ပေ ၂၀ xပေ ၆၀) ၁၂၀၀ စတုရန်းပေရှိ ကွယ်လွန်သူ ဦးတန်တင်ပို(ခ)ဦးကျင်ပို ၁၂/လမန(နိုင်)၀၀၀၃၇၀ အမည်ပေါက်သည့်နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံ အပါအဝင် ဆိုင်ရာ ဆိုင်ခွင့် အရပ်ရပ်တို့ကိုကွယ်လွန်သူ၏ တရားဝင် အမွေဆက်ခံရောင်းချ ပိုင်ခွင့်ရှိသူ ဟု ဆိုသူများထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအေးမိုးအောင် ၁၄/ဖပန(နိုင်)၀၄၂၈၈၈ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေ ခဲ့ ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဆိုခဲ့ပါ ကွယ်လွန်သူ ဦးတန်တင်ပို(ခ)ဦးကျင်ပို အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် နေအိမ်အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်သည့် ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်အောင်မိုး**
**LL.B, C.B.L, D.B.L, D.I.L**
**(စဉ်-၁၁၂၈၅ )**
**တရားလွှတ်တော်ရှေ့နေ**
အမှတ် (၁၆-က)၊ ပထမထပ်(ခြေရင်းခန်း)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၃၁၈၃၊ ၀၉- ၆၉၅၄၀၃၁၈၃၊ ၀၉- ၇၆၅၄၀၃၁၈၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊ မြေကွက်အမှတ် (၃၈၇)၊ ဧရိယာ ပေ(၄၀ x ၆၀)အနက်မှ မခွဲခြမ်း မစိတ်ဖြာရသေးသော ခြေရင်းဘက်ခြမ်း ဧရိယာ ပေ (၂၀x ၆၀) ဂရန်မူရင်းမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စိုးစိုးမာ ၁၂/မဂတ(နိုင်)၀၄၂၄၅၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပပဝင်း ၉/မတရ(နိုင်)၁၀၇၀၀၄ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**(ရုံး)တက်နေဝန်း အိမ်ခြံမြေ အကျိုးဆောင် ကုမ္ပဏီလီမိတက်**
**ပင်လုံလမ်းမကြီး(ကျောင်းလမ်းမှတ်တိုင်)၊ မြောက်ဒဂုံမြို့နယ်၊**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ နီလာ(၂)လမ်း၊ မြေကွက်အမှတ်(၆၃၂)၊ ဧရိယာ ပေ( ၄၀x၆၀) အနက်မှ မခွဲခြမ်း မစိတ်ဖြာရသေးသော ခေါင်းရင်းခြမ်း ဧရိယာပေ (၂၀ x ၆၀)ဂရန်မူရင်းမြေနှင့်ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မျိုးဦး ၈/မတန(နိုင်)၀၄၃၈၅၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းသီ+၁ (၁၂/သဃက(နိုင်)၀၁၃၇၈၅)ကအပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**(ရုံး)တက်နေဝန်း အိမ်ခြံမြေ ကုမ္ပဏီလီမိတက်၊ ကျောင်းလမ်းမှတ်တိုင်၊**
**ပင်လုံလမ်းမကြီး၊**
**မြောက်ဒဂုံမြို့နယ်၊ ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀+၂၁(ဝေဇယန္တာအိမ်ရာ)၊ မြေကွက်အမှတ် ၁၁၉ ၊မြေကွက်တည် နေရာအမှတ် ၁၁၉၊ ရိပ်သာ ၃လမ်း၊ ဝေဇယန္တာအိမ်ရာ၊ သဃ်န်းကျွန်း မြို့နယ်၊ ဒေါ်မြင့်မြင့်အေး ၁၂/သဃက(နိုင်)၁၁၆၅၅၆ ၊ အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား ဒေါ်ယဉ်ယဉ်ဌေး ၁၂/သဃက(နိုင်)၁၁၆၅၅၅၊ ဦးကျော်ကျော်ခိုင် ၁၂/သဃက(နိုင်)၁၁၇၉၂၇ ၊ ဒေါ်မြင့်မြင့်ခိုင် ၁၂/တမန(နိုင်)၀၉၃၆၃၇ တို့က (မိခင်) ဒေါ်မြင့်မြင့်အေးသည် ၂၄-၈- ၂၀၁၆ ရက်တွင်လည်းကောင်း(ဖခင်) ဦးဟန်စိန်သည် ၃၁-၅-၂၀၁၂ ရက်တွင်လည်းကောင်း၊ ကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် မိမိတို့မောင်နှမ (၃) ဦးကိုသာ မွေးဖွားခဲ့ကြောင်း၊ အခြားသော သား/သမီးမွေးချင်း တစ်ဦးတစ်ယောက်မျှမရှိကြောင်းနှင့် ကိတ္တိမသား/သမီးများလည်း မွေးစားထားခဲ့ခြင်း မရှိပါကြောင်းနှင့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဒဂုံမြို့နယ်တရားရုံး၊ မှတ်ပုံတင်အမှတ် ၂/၁၉၆၃/ ၂၀၂၀(၁၄-၂-၂၀၂၀)ရက်စွဲပါ သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ညီညွတ်ရေး လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၂၉၅)၊ မြေအမျိုးအစား နှစ်(၆၀) ဂရန်မြေ၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)ရှိ မြေကွက်ကြီးအား အမည်ပေါက် ဦးလှရှိန် (N/OKA-၀၆၆၅၄၂)ထံမှ ဒေါ်သမီးချော ၁၂/ရကန(နိုင်) ၀၀၁၂၉၁က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ၎င်းထံမှတစ်ဆင့် အဆိုပါ ပေ(၄၀x၆၀)ရှိ မြေကွက်ကြီးအနက် တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက်ခြမ်း ပေ(၂၀x၆၀)ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ထွေးထွေးအောင် ၉/မထလ(နိုင်)၁၈၉၅၈၁ က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးဝင်း LL.B,D.I.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၁)၊ ကျောက်မြောင်းဈေးလမ်း၊ ဗျိုင်း(ရွာမ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## မိဘအမည်မှန်

ပျဉ်းမနားမြို့၊ မြောက်လွတ် ကုန်းရွာ၊ အမှတ်(၁၄၅) အမက စတုတ္ထတန်း အောင်မှ မောင်မင်းရန်နိုင်၏ မိဘအမည်မှန်မှာ ဦးယဉ်ထွေး - ဒေါ်အေးအေးခိုင် ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ပျဉ်းမနားမြို့၊ မြောက်လွတ် ကုန်းရွာ၊ အမှတ်(၁၄၅) အမက စတုတ္ထတန်း အောင်မှ မဝင်းဝါဝါ၏ မိခင်အမည်မှန်မှာ ဒေါ်ဌေးဌေးသဲ ၉/ပမန(နိုင်)၁၅၃၆၂၉ ဖြစ်ပါကြောင်း။

**ဒေါ်ဌေးဌေးသဲ**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Thiri Kha Co.,Ltd ၏ (ပသက) ကတ်မူရင်းမှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၁၂၂၁၀၁၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ပြည်သူ့ဆေးရုံမှ အထက်တန်းသူနာပြု ဒေါ်ကျင်သန်းလျန်၏ ဖခင် ဦးထန်ဒိတ်သုန်နှင့် ဦးထန်ဒိတ်ခုန်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးထန်ဒိတ်သုန်(ခ)ဦးထန်ဒိတ်ခုန်**

## အမည်မှန်

ဦးကျော်ညွန့်-ဒေါ်ကျင်ဌေးတို့၏သား စကိုကိုနိုင်သည် အိမ်မဲမြို့နယ်၊ ရွာသစ် အထက ကျောင်းဝင်အမှတ်(၁၀၄၈၇) ဖြင့် ကျောင်းဝင် မှတ်ပုံတင်စာရင်းတွင် စကိုကိုနိုင်ဖြစ်ပြီး အိမ်ထောင်စုစာရင်းတွင် စသက်မိုးလွင် ဖြစ်နေပါ၍ အမည်မှန်မှာ စကိုကိုနိုင် ဖြစ်ပါကြောင်း။ **စကိုကိုနိုင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၆-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၁) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဦးထွန်းဝင်း ၉/ပဘန (နိုင်)၁၈၃၈၈၆အစား ဦးထိန်ဝင်း ၉/ပဘန(နိုင်) ၁၈၃၈၈၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅) ရပ်ကွက်၊ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ်(၁၄)၊အကျယ်အဝန်း (၄၁ပေ× ၆၀ပေ) ရှိ ဦးတင်ဝင်း ( ၁၂/ဥကတ(နိုင်)၀၄၂၆၀၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဖခင်ဖြစ်သူ ဦးတင်ဝင်း နှင့် မိခင်ဒေါ်သောင်းစိန်တို့ကွယ်လွန်၍ ရောင်းချပိုင်ခွင့်ရှိသူ သားသမီးများဖြစ်သော (၁) ဒေါ်ကြည်ကြည်ဝင်း (၁၂/ဥကတ(နိုင်)၀၃၇၀၃၁)၊ (၂) ဒေါ်နီနီဝင်း (၁၂/ဥကတ(နိုင်) ၀၄၂၆၁၀) ၊ (၃) ဦးစိုးအောင်ဝင်း(၁၂/ဥကတ(နိုင်)၁၇၃၅၆၈)၊ (၄) ဦးထင်လင်း (၁၂/ဥကတ(နိုင်) ၀၃၇၅၇၄) နှင့် (၅) ဒေါ်သူဇာဝင်း (၁၂/ဥကတ(နိုင်)၁၃၂၆၂၄) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂တိုးချဲ့)ရပ်ကွက်၊ ချမ်းမြေ့သာယာ(၂)လမ်း၊ မြေကွက်အမှတ်(၁၀၉)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ) ရှိ ဒေါ်စိန်ဥ(CM-၀၀၃၁၃၂) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းရွှေအုံ (၁၃/လရန(နိုင်)၀၉၁၉၀၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၉) ရပ်ကွက်၊ မင်းစုလမ်း၊ မြေကွက်အမှတ်(၁၈၈) ၊ အကျယ်အဝန်း (၄၀ ပေ × ၆၀ပေ) ရှိ ဗိုလ်မှူးမြင့်သိန်း (KLT - ၀၁၁၉၈၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၂၄၁၃/ ၂၀၁၄)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်တင်အေးခိုင် (၁/မကန(နိုင်)၀၅၅၇၀၂)(AE-၂၄၀၁၃၁)ထံမှတဆင့်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီးရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးကြည်အောင် (၁၃/တကန(နိုင်)၀၀၈၄၄၇) နှင့် ဒေါ်ဝင်းမာအောင် (၁၂/အစန(နိုင်) ၁၇၀၇၆၈) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်မျိုးနိုင်** |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၂၅၀ ၂၉၀၇၈၁ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။




## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝန ဒီပရပ်ကွက်၊ မြေတိုင်းအမှတ် (၆/မြို့မရပ်) အတွင်းရှိ မြေကွက်အမှတ် (ပ-၂၃၈၀၁)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်ရှိသူဟုဝန်ခံသူ ဦးသူရသိန်း ၁၂/ဗဟန(နိုင်)၀၇၉၀၂၂ထံမှ ကျွန်မက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်မထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ညိုညိုသန်းဆွေ**
**အမှတ်(ပ-၁၀)ပွဲရုံတန်း၊**
**မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းစာရေးရာထူး လျှောက်ထားသူများအား ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြော်ငြာခြင်း

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူးနေရာ၌ ပြင်ပပုဂ္ဂိုလ်များအား ခန့်ထားနိုင်ရေး ၁၈-၂-၂၀၂၀ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် လျှောက်လွှာခေါ်ယူခဲ့ရာ လျှောက်လွှာများစိစစ်ခဲ့ပြီးဖြစ်သဖြင့် ရေးဖြေ စာမေးပွဲဖြေဆိုခွင့်ရရှိသူများအတွက် ခုံအမှတ်များ၊ စာမေးပွဲကျင်းပမည့်နေ့ရက်၊ အချိန်၊ နေရာတို့အား Facebook page Ministry of Border Affairs တွင်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ website page ဖြစ်သော www.moba.gov.mm တွင်လည်းကောင်း ထုတ်ပြန်ကြေညာထားပါကြောင်းနှင့် ဝင်ရောက်လေ့လာကြည့်ရှု၍ မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနများနှင့်အချိန်မီ ဆက်သွယ်ဆောင်ရွက်သွားကြပါရန် အသိပေးအကြောင်းကြားပါသည်။

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ်-၁၁

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက်(ဘဏ်ခွဲ-၁) မန္တလေးမြို့ (၎င်း၏ကိုယ်စားမန်နေဂျာ-ဒေါ်အိမ်ရွှယ်ဆန်း) | နှင့် | ၁။ ဦးမောင်မောင်လွင်(ကိုယ်တိုင်နှင့် ၂-တရားပြိုင်၏ အထွေထွေကိုယ်စားလှယ်စာရသူ) |
| | | ၂။ ဒေါ်သန်းသန်းမြင့် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ်-၁၃/၂၀၁၉၊ အပေါင်ဒီကရီရလိုမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၀ပြည့်နှစ် ဩဂုတ်လ ၅ရက် ၁၃၈၂ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချ လိမ့်မည်။ လေလံဆွဲဝယ်ယူလိုသူ ကိုယ်တိုင်သော်လည်းကောင်း၊တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

**ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(င-၂)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ ၀ဒသမ၀၅၅၁ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်။

**လေလံကြမ်းခင်းဈေး=ကျပ်သိန်း(၂၀၀၀၀) (ကျပ်သိန်းနှစ်သောင်း)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူ ပြီးသည်နှင့်တစ်ပြိုက်နက် နေ့ချင်းပေးသွင်းရမည်။ ထို့သို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည်၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့သည့် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကိုအထက်ပါရက်များတွင်ပေးဆောင်ရန်ပျက်ကွက်ပါကပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ပြည့်နှစ် ဇွန် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ကတ္တရာပီပါခွံ အိတ်ဖွင့်လေလံအရောင်းကြော်ငြာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သည့် လမ်းလုပ်ငန်းများတွင်အသုံးပြုခဲ့သော ကတ္တရာများ၏ ပီပါခွံများအား အိတ်ဖွင့်လေလံဖြင့် ရောင်းချလိုပါသည်။ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် စည်းကမ်းချက်များကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၅၁၅၊ ၀၉-၄၀၃၇၆၅၅၅၁ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| | **အိတ်ဖွင့်တင်ဒါအမှတ်** | - | **အမှတ်စဉ် (၃/၂၀၁၉-၂၀၂၀)** |
| (၁) | **အိတ်ဖွင့်လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** | - | ၇-၇-၂၀၂၀ ရက် နံနက် ၉:၃၀နာရီ |
| (၂) | **အိတ်ဖွင့်လေလံလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန်** | - | ၁၇-၇-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀ နာရီ |
| (၃) | **အိတ်ဖွင့်လေလံအရောင်းဖွင့်မည့် ရက်/အချိန်** | - | ၂၁-၇-၂၀၂၀ ရက် နံနက် ၁၀:၀၀ နာရီ |
| (၄) | **အိတ်ဖွင့်လေလံလျှောက်လွှာ ရောင်းချမည့်နေရာ/ စိစစ်ရွေးချယ်မည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့ |

### မြန်မာ့ရိုးရာ ဗေဒင်ပညာ စစ်စစ်ကိုမှ ဖတ်ရှုလိုသူများအတွက် -

မြန်မာသက္ကရာဇ်-၁၃၈၂ခုနှစ်

**ဝံ-ကဏ်ဘို**

**မြန်မာ့ရိုးရာအဋ္ဌဟောကိန်း**

**City Mart, Ocean, Capital, ABC Convenience Store**
ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။
တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ

ထွက်ပြီ

| ပင်ရင်းဖြန့်ချိရေး | မန္တလေးဖြန့်ချိရေး |
|---|---|
| အမှတ်-၂၈၆(မြေညီထပ်)၊ လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့။ ဖုန်း -၀၁၈ ၃၉၁၁၆၉၊ ၀၁ ၇၀၉၀၁၂ ၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉ | လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်-၂၂၁၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း -၀၂ ၄၀၃၉၇၁၇၊ ၄၀၆၀၁၃၆ |

## ကတ္တရာပီပါခွံ အိတ်ဖွင့်လေလံအရောင်းကြော်ငြာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၂၀၁၈ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ခုနှစ် စက်တင်ဘာလအထိ) ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သော လမ်းလုပ်ငန်းများတွင် အသုံးပြုခဲ့သော ကတ္တရာများ၏ ပီပါခွံများအား အိတ်ဖွင့်လေလံဖြင့် ရောင်းချလိုပါသည်။ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုးမိတ်မြို့ ဖုန်း-၀၉-၄၂၄၄၅၇၆၇၈ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | **အိတ်ဖွင့်တင်ဒါအမှတ် -** | | **အမှတ်စဉ်(၃/၂၀၁၉-၂၀၂၀)** |
| ၂။ | **အိတ်ဖွင့်လေလံ အရောင်းပိတ်မည့်ရက်/အချိန်** | - | ၁၄-၇-၂၀၂၀ရက် ၄:၃၀နာရီ |
| ၃။ | **အိတ်ဖွင့်လေလံအရောင်း ဖွင့်မည့်ရက်/အချိန်** | - | ၁၅-၇-၂၀၂၀ရက် ၉:၃၀နာရီ |
| ၄။ | **အိတ်ဖွင့်လေလံအရောင်း/ စိစစ်ရွေးချယ်မည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့ ဖုန်း-၀၉-၄၂၄၄၅၇၆၇၈ |

**လေလံတင်ရောင်းချရေးအဖွဲ့**

## ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း

ကျွန်မ ဒေါ်ကေသွယ်ပြုံး ၁၂/မရက(နိုင်)၁၂၅၇၄၇ နှင့် ဦးခင်မောင်ရီ ၉/နထက(နိုင်)၀၀၈၆၄၄တို့သည့် ၂၀၀၀ပြည့်နှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ရာ သားသမီး(၃)ယောက် ထွန်းကားခဲ့ပါသည်။

ယခုအခါတစ်ဦးနှင့်တစ်ဦး သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါ၍ ၂၆-၆-၂၀၂၀ရက်တွင် လှိုင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးနှင့်တကွ အသိသက်သေများရှေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ဒေါ်ကေသွယ်ပြုံး ၁၂/မရက(နိုင်)၁၂၅၇၄၇**
**တိုက်၉၃/A၆သီရိလမ်း၊ အမှတ်(၂)ရပ်ကွက်၊ လှိုင်မြို့နယ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၅၂

| | | |
|---|---|---|
| ဦးဇော်ဝင်း | နှင့် | ဒေါ်ညိုညိုဝင်း |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ) ရပ်ကွက်၊ ဥက္ကာ(၅)လမ်း၊ အမှတ် (၃၂၇/၁)နေ ဒေါ်ညိုညိုဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက နှစ်ဦးသဘောတူတိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်အရ ရယူထားပြီးသောစရန်ငွေကျပ်(၁၇၀၀၀၀၀၀/-) (ကျပ်သိန်းတစ်ရာ့ခုနစ်ဆယ်တိတိ)အပြင် ယင်းစရန်ငွေ၏ (၂)ဆဖြစ်သောငွေကျပ် (၃၄၀၀၀၀၀၀/-) (ကျပ်သိန်းသုံးရာ့လေးဆယ်တိတိ)ရလိုမှု (သို့မဟုတ်) ကျန်ငွေလက်ခံပြီး တိုက်ခန်းလက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၀ ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင်အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရှိန်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး (၁၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနတို့အတွက် စက်နှင့်စက်ပစ္စည်းဝယ်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ Profile အောင်မြင်သည့်ကုမ္ပဏီအမည်စာရင်းကြော်ငြာခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(ဖြည့်စွက်)ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှင့် အကျဉ်းဦးစီးဌာနတို့အတွက် လိုအပ်သော စက်နှင့်စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ လုံခြုံရေး၊ စစ်ဆေးရေး ပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့်ကုမ္ပဏီအမည်စာရင်းအား ၃၀-၆-၂၀၂၀ရက်မှစတင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် အကျဉ်းဦးစီးဌာနတို့တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့်ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စု အမှတ်စဉ်အလိုက် ၃-၇-၂၀၂၀ရက်မှစတင်၍ သတ်မှတ်ရက်များတွင် ၈:၃၀နာရီမှ ၁၀:၀၀နာရီအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရုံးအမှတ်(၈)၊ အရိန္ဒမာခန်းမ၌ တင်သွင်းရမည် ဖြစ်ပါသည်။(သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| (က) မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၅၁၂၊ ၀၆၇-၃၄၁၂၄၀၂ |
| (ခ) အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀ |

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနရှိ 230 KV 25MVar Shunt Reactor(1)set အား ရွှေစာရံဓာတ်အားခွဲရုံမှ နမ့်စန်ဓာတ်အားခွဲရုံသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)သို့ တင်ဒါပိတ်ရက် ၁၃-၇-၂၀၂၀ရက် ၁၄:၀၀နာရီတွင် နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ ရှမ်းစုရပ်နေ ဦးကိုကိုကြီး-ဒေါ်တင်တင်အုံးတို့၏သမီး မရွှေရည်ကို ၅/ရဘန(နိုင်)၁၇၀၁၃၅ သည်မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မိဘများ ဦးကိုကိုကြီး-ဒေါ်တင်တင်အုံး**

## သမီးအဖြစ်မှ
## အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ် ကင်းစံပြကျေးရွာနေ ဦးအေးကို- ဒေါ်ခင်ရွှေတို့၏သမီး မအေးဝင်း ၅/မမန(နိုင်)၀၆၁၄၇၀သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိသားစု စိတ်ဆင်းရဲစေရန်နှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ပြုလုပ်ခဲ့ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ)

**ဒေါ်ခင်ရွှေ ၅/မမန(နိုင်)၀၂၆၅၂၂**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊မြောင်မြို့နယ် နဘက်အထကမှ န၀မတန်း အောင်မြင်ပြီးသော မောင်ချစ်ရင်ထူး၏ ဖခင်အမည်မှန်မှာ ဦးရဲဝင်းအောင် ဖြစ်ပါကြောင်း။

**ဦးရဲဝင်းအောင်**
**၅/မမန(နိုင်)၀၈၈၇၇၆**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/8507 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၃)လမ်း၊ အမှတ်(၆၄)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းကျော်ဦး ၁၂/မဂတ(နိုင်)၀၁၄၃၆၇၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၀)သိန်းရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် (၁၀/၅၀၃)၊ (ပဥ္စမထပ်)အကျယ်အဝန်း (၃၅ပေx၂၅ပေ)ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးထွန်းရွှေ ၁၂/သဃက(နိုင်)၀၂၇၁၄၅မှ တရားဝင်ပိုင်ဆိုင်လာပြီး ၎င်းတစ်ဦးတည်းသာ လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်းထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းကျော်ဦး ၁၂/မဂတ(နိုင်)၀၁၄၃၆၇ မှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် အဆိုပါတိုက်ခန်းအား ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဝင်းကျော်ဦး** | **U Zaw Myint (Law Firm)** |
| **၁၂/မဂတ(နိုင်)၀၁၄၃၆၇** | **ဦးရဲမြင့်အောင် (LL.B) (စဉ်-၄၁၇၀၃)** |
| | **ဒေါ်တင်ဇာမျိုး (LL.B) (စဉ်-၄၅၂၆၅)** |
| | **ဦးမျိုးကျော်ကျော်ဦး (LL.B)(စဉ်-၄၈၂၀၀)** |
| | **ဒေါ်သဲသဲဦး (LL.B) (စဉ်-၄၈၄၇၃)** |
| | **အထက်တန်းရှေ့နေများ** |

**အခန်း(၃)၊ သုမနလမ်းနှင့်မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၃၁၆၇၈၁၅၊ ၀၉-၄၂၀၀၈၀၅၁၂**

| **ဖောင်းကြွပျောက် လျှောက်ထားခြင်း** | ယာဉ်အမှတ် HSE/4175 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါ သည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)** |
|---|---|

| **ဖခင် အမည်မှန်** | တာမွေ၊ ကျောက်မြောင်း အမက(၅)မှ စတုတ္ထတန်းကျောင်းသူ မအိမွန်စု၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်းအောင် ၁၁/မပတ(နိုင်)၁၁၆၁၆၈ ဖြစ်ပါကြောင်း။ |
|---|---|

# ၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ်မြေများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၉

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ လွှတ်တော်မဲဆန္ဒနယ်များအဖြစ် ကြေညာချက်အမှတ် (၁၁၁/၂၀၂၀)ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကို လည်းကောင်း၊ ကြေညာချက်အမှတ် (၁၁၂/၂၀၂၀)ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကို လည်းကောင်း၊ ကြေညာချက်အမှတ် (၁၁၃/၂၀၂၀)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၁၁၄/၂၀၂၀)ဖြင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း ဇွန်လ ၂၉ ရက်စွဲဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါသတ်မှတ်ထုတ်ပြန်ချက်များအရ ယခုနှစ်အတွင်းကျင်းပမည့် လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်များမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀ နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ၆၄၄ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်ဖြစ်ကြောင်း သိရသည်။

၃။ ယင်းမဲဆန္ဒနယ်မြေများ သတ်မှတ်ထုတ်ပြန်ချက်များနှင့် လွှတ်တော်အလိုက်မဲဆန္ဒနယ်တွင် ပါဝင်သည့် နယ်မြေများ စာရင်းအသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website ဖြစ်သော www.uec.gov.mm နှင့် Facebook စာမျက်နှာတို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လားရှိုးမြို့ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့ကပြုလုပ်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်

လားရှိုး ဇွန် ၂၉

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့ပူးပေါင်းကာ ပြုလုပ်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်သည့် ကျန်းမာရေးအထောက်အကူပြု ပိုးသတ်အခန်း သုံးလုံး၊ အဝေးထိန်းထရော်လီ သုံးလုံး၊ အဝေးထိန်းပိုးသတ်ဆေးဖျန်းစက် တစ်လုံး၊ လားရှိုးကွန်ပျူတာတက္ကသိုလ်က အလိုအလျောက်အဖွင့်အပိတ်ပြုလုပ်နိုင်သည့် ဆင်ဆာစနစ်ပါ အမှိုက်ပုံးများနှင့်

စာမျက်နှာ ၁၇ ကော်လံ ၁ ◆



ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်စဉ်။

# ဒီးမော့ဆိုမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မပျက် စစ်ဆေးဆောင်ရွက်

ဒီးမော့ဆို ဇွန် ၂၉

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်ရှေ့ လွိုင်ကော်-ဒီးမော့ဆို ပြည်ထောင်စုလမ်းမကြီးပေါ်၌ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာနေသော ပြည်သူများအား မဖြစ်မနေ နှာခေါင်းစည်း တပ်ဆင်ရေး စစ်ဆေးဆောင်ရွက်သည်။ **(အောက်ပုံ)**

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စေတနာ့ဝန်ထမ်းတို့က နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာနေသော ပြည်သူများအား မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ရေး စစ်ဆေးဆောင်ရွက်ပြီး နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိသူများအား ဒဏ်ငွေ ၁၀၀၀ ကျပ်ပေးဆောင်စေကာ ချက်ချင်းတပ်ဆင်နိုင်ရန်အတွက် နှာခေါင်းစည်းနှစ်ခု ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**



# ရုရှားနိုင်ငံ၌ မြေကေဟက်တာပေါင်း ၁၆၅၀၀၀ ကျော် တောမီးလောင်မှုဖြစ်ပွား

စာ-၁၃

............

# မြေပြင်အခြေစိုက်ဒုံးခွင်းစနစ်ကို ဂျပန် ဘာကြောင့် စွန့်လွှတ်လိုက်သလဲ

စာ-၁၄

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် စာသင်ကျောင်း ၆၅၀ အဆင့်တိုးမြှင့် ဖွင့်လှစ်မည်

မုံရွာ ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ကသာခရိုင်၊ ကလေးခရိုင်၊ မော်လိုက်ခရိုင်၊ ခန္တီးခရိုင်တို့တွင် စာသင်ကျောင်း ၆၅၀ အဆင့်တိုးမြှင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ အဆင့်တိုးမြှင့်ရရှိသည့်ကျောင်းများမှာ အခြေခံပညာအထက်တန်းကျောင်းအဖြစ် ကိုးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် ကျောင်း ၆၀၊ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ၁၉၃ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် ၁၈၃ ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်းအဖြစ် ၁၂၁ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းအဖြစ် ၅၃ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ၃၁ ကျောင်း အဆင့်တိုးမြှင့်ရရှိကြောင်း သိရသည်။

အဆင့်တိုးမြှင့်ရရှိသည့် မြို့နယ်များမှာ စစ်ကိုင်း ၁၁ ကျောင်း၊ မြင်းမူ ကိုးကျောင်း၊ မြောင် ခုနစ်ကျောင်း၊ ရွှေဘို ရှစ်ကျောင်း၊ ရေဦး ၁၆ ကျောင်း၊ ကန့်ဘလူ ၃၆ ကျောင်း၊ ဝက်လက် ၂၉ ကျောင်း၊ ခင်ဦး ၁၁ ကျောင်း၊ တန့်ဆည် ၁၃ ကျောင်း၊ ကျွန်းလှ ၂၇ ကျောင်း၊ ဒီပဲယင်း ရှစ်ကျောင်း၊ မုံရွာ ၁၆ ကျောင်း၊ ဘုတလင် ၁၄ ကျောင်း၊

စာမျက်နှာ ၅ ကော်လံ ၁ ❑

# လာလီဂါအမှတ်ပေးဇယား ရီးရဲမက်ဒရစ်ဦးဆောင်နေ

စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသည် ဇွန် ၂၉ ရက် နံနက်ပိုင်းက လာလီဂါပွဲစဉ် (၃၂)အဖြစ် တန်းဆင်းဇုန်အတွင်းမှ အက်စ်ပန်ညိုအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကက်စီမီယို၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယနေရာမှ အနီးကပ်ဆုံးပြိုင်ဘက် ဘာစီလိုနာအသင်းထက် နှစ်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်ခွင့်ရရှိခဲ့သည်။ တစ်နည်းအားဖြင့် နည်းပြဇီဒန်း၏ ရီးရဲမက်ဒရစ်အသင်းသည် ယခုအပတ်ပွဲစဉ်၌ ဘာစီလိုနာအသင်း သရေကျခဲ့မှုကို အခွင့်ကောင်းရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

၂၀၁၉-၂၀၂၀ ခုနှစ် စပိန်လာလီဂါပွဲစဉ်များပြီးဆုံးရန် တဖြည်းဖြည်းနီးကပ်လာသည့်နှင့်အမျှ လာလီဂါချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းရန်ကြိုးစားနေသည့် ဘာစီလိုနာအသင်းနှင့် ၂၀၁၆-၂၀၁၇ ခုနှစ်နောက်ပိုင်း လာလီဂါချန်ပီယံဆုဖလားကိုရယူဖို့ တာဆူနေသော ရီးရဲမက်ဒရစ်အသင်းတို့ အားပြိုင်မှုက အခြားသောလိဂ်များထက် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကောင်းသည်ဟု ဆိုလျှင် ငြင်းနိုင်ဖွယ်မရှိပေ။ အဘယ်ကြောင့်ဆိုသော် အခြားသောလိဂ်များသည် ပွဲစဉ်များ မပြီးဆုံးမီတွင် ချန်ပီယံအတွက် အဖြေပေါ်နေသောကြောင့်ပင် ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် လာမည့်လာလီဂါပွဲစဉ် (၃၃)အဖြစ် ဇူလိုင် ၃ ရက် နံနက် ၂ နာရီခွဲတွင် ဂီတာဖေးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ ဂီတာဖေးသည် အမှတ်ပေးဇယားအဆင့်(၆)နေရာတွင် ရပ်တည်

စာမျက်နှာ ၁၁ ကော်လံ ၁ ●

